# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက် ၂၀၁၇ ခုနှစ်၊ မေ ၁၈ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၆)၊ အမှတ်(၂၂၇)


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကို လည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းက သာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၀)

# တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပါကစ္စတန်နိုင်ငံ သံအမတ်ကြီးအား နိုင်ငံတော်သမ္မတ ဦးထင်ကျော် လက်ခံတွေ့ဆုံ

စာ ➤ ၃



# နှစ်နိုင်ငံနယ်စပ်ဒေသနှင့် မြန်မာနိုင်ငံမြောက်ပိုင်းဒေသ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးတို့ ဆွေးနွေး



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ယူနန်ပြည်နယ်ပါတီ အတွင်းရေးမှူး မစ္စတာ ချန်ဟောင်က ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်

**နေပြည်တော် မေ ၁၇**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ဝင်များသည် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် ပေကျင်းမြို့မှ လေကြောင်းခရီးဖြင့် ကူမင်းမြို့သို့ ရောက်ရှိရာ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး H.E. Mr. Chen Shum၊ မြန်မာကောင်စစ်ဝန်ချုပ် ဦးစိုးပိုင်နှင့် တာဝန်ရှိသူများက ကူမင်းလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**တွေ့ဆုံ**

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ယူနန်ပြည်နယ်ပါတီ အတွင်းရေးမှူး မစ္စတာ ချန်ဟောင်နှင့် ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် ကူမင်းမြို့ရှိ Hai Geng Garden Hotel ၌ တွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသနှင့် မြန်မာနိုင်ငံ မြောက်ပိုင်းဒေသ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး၊ အခြေခံအဆောက်အအုံ၊ စီးပွားရေး၊ ပညာရေး၊ ယဉ်ကျေးမှုနှင့် ကျန်းမာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဖော်ဆောင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထို့နောက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် Hai Geng Garden Hotel ၌ ကျင်းပသည့်

*စာမျက်နှာ ၃ ကော်လံ ၁* ❁

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတနှင့် တွေ့ဆုံဆွေးနွေး

စာမျက်နှာ ➤ ၄

## နှစ်နိုင်ငံ တင်းမာနေသည့်ကြားက အမေရိကန်နှင့် တူရကီခေါင်းဆောင်များ ဆက်ဆံရေးကောင်းမွန်ရန် ကြိုးစား

စာမျက်နှာ ➤ ၁၀

## မောင်တောမြို့ မဟာဗန္ဓုလပန်းခြံကို သိန်းပေါင်း ၂၀၀ ကျော် အကုန်အကျခံ အဆင့်မြှင့်မွမ်းမံမည်

စာမျက်နှာ ➤ ၁၁




မြန်မာ့အလင်း

# နည်းပညာတို့၏ ပဥ္စလက်

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဟူသည် စွန့်စားလုပ်ကိုင်လိုသော ပြည်သူတို့က ပြည်သူအများစု လက်လှမ်းမီသော ရင်းနှီးငွေပမာဏမျိုးဖြင့် စိတ်အားထက်ထက်သန်သန်လုပ်ကိုင်မည့် စီးပွားရေးလုပ်ငန်းတို့ကို ဆိုလိုခြင်း ဖြစ်ပါသည်။ ပြည်သူထဲမှ ပြည်သူတို့က စီးပွားရေးလုပ်ငန်းတို့ကို အပြိုင်းအရိုင်းလုပ်ကိုင်ကြခြင်းဖြစ်၍ တိုင်းပြည်၏ စီးပွားရေးကို နိုးကြားတက်ကြွရှင်သန်စေပါသည်။ တစ်ချိန်တည်းမှာပင် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းတို့မှရရှိသော အကျိုးအမြတ်တို့သည် ပြည်သူတို့ထံ ပြန်လည်စီးဝင်သည်ဖြစ်၍ တိုင်းပြည်စီးပွားရေး၏ အုတ်မြစ်ကို ပိုမိုကျယ်ပြန့်ခိုင်မာစေပါသည်။ တိုင်းပြည်စီးပွားရေး၏ အုတ်မြစ်ပိုမိုကျယ်ပြန့်ခိုင်မာသည်နှင့်အမျှ ပြည်သူတို့လက်ဝယ်သုံးစွဲနိုင်သော ငွေကြေးတို့ ပိုမိုများပြားလာမည်ဖြစ်၍ တိုင်းပြည်၏ ပညာရေးနှင့် ကျန်းမာရေးတို့ပါ တစ်ပါတည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ဤကဲ့သို့ ဘက်စုံအကျိုးများသော အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာ၌ ငွေကြေးအရင်းအနှီးနှင့် စီမံခန့်ခွဲမှုတို့နှင့်အတူ နည်းပညာတို့သည် အဓိကရင်ဆိုင်ရလျက်ရှိသော အခက်အခဲများဖြစ်ပါသည်။ ဗြိတိန်နိုင်ငံတွင် ကောက်ခံခဲ့သော လူထုစစ်တမ်းတစ်ခုအရ ဗြိတိန်အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းတို့က ပိုမိုကောင်းမွန်သော နည်းပညာရရှိနိုင်မှုသည် ၎င်းတို့လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးဆုံးသော အခြေခံလိုအပ်ချက်ဖြစ်သည်ဟု ထုတ်ဖော်ပြောဆိုခဲ့ကြပါသည်။ ဤသဘောကိုထင်ရှားစေမည့် မြန်မာ့ငါးရှဉ့်လုပ်ငန်းအကြောင်းကို တင်ပြလိုပါသည်။ မြန်မာနိုင်ငံသည် ငါးရှဉ့်တို့ကို တရုတ်နိုင်ငံသို့ နှစ်စဉ် တန်ချိန်တစ်သောင်းကျော် တင်ပို့ခဲ့ပါသည်။ သို့သော် နှစ်ကြာလာသည်နှင့်အမျှ သဘာဝအလျောက် ဖမ်းဆီးရမိသည့်ငါးရှဉ့်များ ရှားပါးလာသည်နှင့်အတူ ရရာငါးရှဉ့်အရွယ်အစားတို့ကို တင်ပို့ရသည့်အခြေအနေမျိုးကို ရင်ဆိုင်လာရပါသည်။ ယခုအခါ တစ်နှစ်ကို ငါးရှဉ့်တန်ချိန် ၇၀၀၀ ကျော်ခန့်သာ တင်ပို့နိုင်ပါတော့သည်။

ဤပြဿနာ၏အဖြေမှာ ငါးရှဉ့်ကို သဘာဝအလျောက် ဖမ်းဆီးမည့်အစား စနစ်တကျမွေးမြူထုတ်လုပ်ရန်ဖြစ်ပါသည်။ သို့သော် မြန်မာနိုင်ငံ၌ ငါးရှဉ့်မွေးမြူရေးအတတ်ပညာမရှိ၍ အခက်ကြုံရပါသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံ ငါးရှဉ့်လုပ်ငန်းရှင်များအသင်းသည် ဗီယက်နမ်နိုင်ငံ **Cantho University** နှင့်ပူးပေါင်း၍ ငါးရှဉ့်မွေးမြူခြင်းကို စမ်းသပ်လုပ်ကိုင်သွားမည်ဖြစ်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံ၌ ငါးရှဉ့်သားဖောက်ခြင်းလုပ်ငန်း၊ ပြုစုစောင့်ရှောက်ခြင်းလုပ်ငန်းနှင့် မွေးမြူခြင်းလုပ်ငန်းတို့အတွက် နည်းပညာသင်တန်းများ သင်ကြားပို့ချပေးနိုင်ရန် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်က အဆိုပါ ဗီယက်နမ်နိုင်ငံ **Cantho University** နှင့် နားလည်မှုစာချွန်လွှာ ရေးထိုးသွားမည်ဖြစ်ပါသည်။ ဤသဘောတူညီချက်များအရ မြန်မာနိုင်ငံ၌ စံပြနမူနာ သားဖောက်စခန်းတည်ဆောက်၍ ဗီယက်နမ်ပညာရှင်တို့က မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် ဝါသနာရှင်များကို သင်တန်းများ ပို့ချသင်ကြားသွားမည် ဖြစ်ပါသည်။ ငါးရှဉ့်အပြင် ငါးရံ့နှင့် ငါးပြေမမျိုးစိတ် သားဖောက်နည်းများကိုလည်း ပို့ချသင်ကြားပေးသွားမည်ဟု သိရှိရပါသည်။ နည်းပညာရရှိရေး ဤကဲ့သို့သော ကြိုးပမ်းလုပ်ဆောင်မှုများအတွက် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံငါးရှဉ့်လုပ်ငန်းရှင်များအသင်းတို့ကို ဂုဏ်ပြုကြိုဆိုအပ်ပါသည်။ တခြားသော စီးပွားရေးလုပ်ငန်းအသင်းအဖွဲ့တို့ကလည်း ဤစံနမူနာအတိုင်း ကြိုးပမ်းလုပ်ကိုင်ကြရန် လေးစားစွာ တိုက်တွန်းအပ်ပါသည်။ ။

## မုတ်သုံလေ ဆက်လက်အားကောင်းမည်

**နေပြည်တော် မေ ၁၇**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေ ဆက်လက်အားကောင်းနေမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိတိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ **(မိုး/ဇလ)**




# ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဌာနအလိုက်ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများရှင်းလင်း

**မူဆယ် မေ ၁၇**

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင်အတွင်းရှိ ဌာနအလိုက် တာဝန်ယူဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများ ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို မေ ၁၇ ရက် နံနက် ၁၀ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မူဆယ်ခရိုင် တစ်ခုလုံးအနေဖြင့် ပြည်ထောင်စု/ပြည်နယ် ဘတ်ဂျက် စုစုပေါင်း ၁၄၃၂၆ ဒသမ ၆၆၅ သန်း ရရှိခဲ့ပြီး ပညာရေးအနေဖြင့် ၉၇၈ ဒသမ ၉ သန်း၊ ကျန်းမာရေး ၁၁၅၇ ဒသမ ၇၅ သန်း၊ ကျေးလက်ဦးစီးဌာနအနေဖြင့် ၆၇၆ ဒသမ ၉၈၅ သန်း၊ စည်ပင်သာယာရေးဌာန ၉၄၃ ဒသမ ၆၇၂ သန်း၊ လမ်းဦးစီးဌာနအနေဖြင့် ၈၂၆၈ ဒသမ ၀၅၈ သန်း၊ နတလ ၃၇၈၁ ဒသမ ၂၂၄ သန်းနှင့် လျှပ်စစ် ၈၁၇ ဒသမ ၇၉၉ သန်း အသီးသီးခွဲဝေချထားခဲ့ပြီး အခြားလုပ်ငန်းအနေဖြင့် ၃၀၁၂ ဒသမ ၂၈၇ သန်း ခွဲဝေရရှိခဲ့သည်။ မူဆယ်ခရိုင်အနေဖြင့်လည်း နှစ်စဉ် GDP တန်ဖိုးများ တိုးတက်မှုများရှိသကဲ့သို့ လူတစ်ဦးကျဝင်ငွေတွင်လည်း နှစ်စဉ်တိုးတက်ခဲ့သည်ကို သုံးသပ်ရရှိပါကြောင်း ရှင်းလင်းတင်ပြပြီး ရရှိလာသော ဘတ်ဂျက်များဖြင့် သက်ဆိုင်ရာဦးစီးဌာနများကလည်း မိမိတို့ ဆောင်ရွက်ရမည့် လုပ်ငန်းစီမံကိန်းများ အချိန်မီပြီးစီးရန် လိုအပ်ကြောင်း၊ သတ်မှတ်စံချိန်စံညွှန်းအတိုင်း အရည်အသွေးပြည့်မီအောင် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းနှင့် မူဆယ်၊ နမ့်ခမ်း၊ ကွတ်ခိုင်မှ မြို့နယ်အုပ်ချုပ်ရေးမှူးများကလည်း မိမိတို့၏ သက်ဆိုင်ရာမြို့နယ်အလိုက် လုပ်ငန်းစီမံကိန်းများကို ကွင်းဆင်းစစ်ဆေးပြီး ကြပ်မတ်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကိန်မိုင်က သက်ဆိုင်ရာဌာနမှ လုပ်ငန်းစီမံကိန်းများအတွက် ဘတ်ဂျက်ရေးဆွဲရာတွင် ခရိုင်/မြို့နယ်အဆင့်ဆင့် ပွင့်လင်းမြင်သာမှုရှိစွာ ဆွေးနွေးညှိနှိုင်းတင်ပြရန် လိုအပ်ကြောင်း၊ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ နိုင်ငံရေးပါတီများနှင့် တိုင်းရင်းသားစာပေ ယဉ်ကျေးမှုအဖွဲ့ ရှစ်ဖွဲ့ကလည်း မိမိတို့၏ မြို့နယ်/ရပ်ကွက်/ကျေးရွာအလိုက် မိဘပြည်သူတို့၏ အခက်အခဲများဖြစ်သော လမ်း/တံတားများ ဆောက်လုပ်-ဖောက်လုပ်ခြင်း၊ မီးလင်းရေး၊ သောက်သုံးရေများ လျင်မြန်စွာရရှိရေးတို့ကို ဦးစားပေး ဆောင်ရွက်သင့်ကြောင်း၊ လမ်း/တံတားများ အသုံးပြုသွားလာနေသည့် ပြည်သူများ ပျက်စီးယိုယွင်းသွားသည့် လမ်းတံတားများကို ပြန်လည်အသုံးပြုနိုင်ရန် အချိန်မီပြင်ဆင်/ဆောင်ရွက်ပေးသင့်ကြောင်း အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၁၇-၅-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၉၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၃၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၇၅/၆၉၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၈၅/၇၀၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၂၅/၇၄၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၉၅/၇၁၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၂ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၄၈၈ ・ ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၆၉ ・ ၈၈ |
| ထိုင်းဘတ် | တစ်ဘတ် | ၃၉ ・ ၃၁ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ・ ၂၀ |
| တရုတ် | တစ်ယွမ် | ၁၉၇ ・ ၄၁ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၄ ・ ၂၂ |


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

Gmail mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပါကစ္စတန်နိုင်ငံ သံအမတ်ကြီးအား နိုင်ငံတော်သမ္မတ ဦးထင်ကျော် လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၁၇**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Ehsan Ullah Batth အား နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့ မွန်းလွဲ ၃ နာရီ တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံ အစိုးရအဖွဲ့များအကြား အဆင့်မြင့် ခရီးစဉ်များ အပြန်အလှန်လည်ပတ်ရေးနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



**တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Ehsan Ullah Batth အား နိုင်ငံတော်သမ္မတ ဦးထင်ကျော် လက်ခံတွေ့ဆုံစဉ်**
(သတင်းစဉ်)

❁ *ရှေ့စုံမှ*

နှင်းဆီပန်းမျိုးစိတ်သစ် အမည်ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

**အထိမ်းအမှတ် မှတ်တမ်းပေးအပ်**

အခမ်းအနားတွင် မျိုးစိတ်ပညာရှင်က နှင်းဆီပန်းမျိုးစိတ်သစ် ဖန်တီးခဲ့မှုနှင့် နှင်းဆီပန်းမျိုးစိတ်သစ်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ထံ နှင်းဆီပန်းမျိုးစိတ်သစ် အမည်ပေးအပ်ခြင်း အထိမ်းအမှတ် မှတ်တမ်းကို ပေးအပ်သည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား ဂုဏ်ပြုသောအားဖြင့် နှင်းဆီပန်း၏ အမည်ကို **"အောင်ဆန်းစုကြည်နှင်းဆီ"** ဟု အမည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် ယူနန်ပြည်နယ် ပါတီအတွင်းရေးမှူးက အဆိုပါဟိုတယ်၌ တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

**ပို့ဆောင်နှုတ်ဆက်**

ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် ကူမင်းမြို့မှ မြန်မာ့အမျိုးသားလေကြောင်းလိုင်းဖြင့် ထွက်ခွာရာ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး H.E.Mr.Chen Shum ၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာကောင်စစ်ဝန်ချုပ် ဦးစိုးပိုင်၊ သံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့မှ တာဝန်ရှိသူများက ကူမင်းလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြရာ နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် ဇနီး၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံး ယာယီတာဝန်ခံ မစ္စတာ ချမ်းချမ်းတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**



## အမည်ပေးအပ်ပွဲ တက်ရောက်

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နှင်းဆီပန်းမျိုးစိတ်သစ် အမည်ပေးအပ်ပွဲသို့ တက်ရောက်ပြီး ပန်းပင်အား ရေလောင်းပေးစဉ်**
(သတင်းစဉ်)

# အာဆီယံနိုင်ငံများမှ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရောင်းချသည့်အဖွဲ့အစည်းနှင့် အာဏာပိုင်အဖွဲ့အစည်း အကြီးအကဲများ အစည်းအဝေးများကျင်းပ

**ရန်ကုန် မေ ၁၇**

(၃၃)ကြိမ်မြောက် အာဆီယံနိုင်ငံများမှ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရောင်းချသည့်အဖွဲ့အစည်းနှင့် အာဏာပိုင်အဖွဲ့အစည်း အကြီးအကဲများ အစည်းအဝေး (33rd Meeting of Head of ASEAN Power Utilities/Authorities-HAPUA Council) နှင့် ဆက်စပ်အစည်းအဝေးများကို မေ ၁၅ ရက်မှ ၁၇ ရက်အထိ ရန်ကုန်မြို့ ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရောင်းချသည့်အဖွဲ့အစည်းနှင့် အာဏာပိုင်အဖွဲ့အစည်းအကြီးအကဲများ၊ HAPUA အတွင်းရေးမှူးချုပ်၊ အာဆီယံဓာတ်အားစနစ် အတိုင်ပင်ခံကော်မတီ သဘာပတိ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံစွမ်းအင်ဗဟိုဌာနတို့မှ ကိုယ်စားလှယ်များနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လျှပ်စစ်ကဏ္ဍနှင့်စပ်လျဉ်း၍ ဒေသတွင်းနိုင်ငံများအတွင်းရှိ စွမ်းအင်အရင်းအမြစ်များကို အသုံးချ၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ အာဆီယံဒေသတွင်း စွမ်းအင်ဖူလုံမှုရရှိစေရေး၊ အဖွဲ့ဝင်နိုင်ငံများအကြား ဓာတ်အားလိုင်းများ ဆက်သွယ်၍ ASEAN POWER GRID ထူထောင်ရေး၊ အဖွဲ့ဝင်နိုင်ငံများအကြား လျှပ်စစ်ဓာတ်အားကုန်သွယ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် စံချိန်စံညွှန်းများ လိုက်လျောညီထွေရှိစေရေးနှင့် နိုင်ငံတကာမှ နည်းပညာအကူအညီများ ရရှိရေးကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



## မန္တလေးဘူတာရုံ၌ လက်မှတ်ရောင်းချနေမှု ဂျပန်နိုင်ငံ ခရီးသွားလေ့လာရေးအဖွဲ့က မှတ်တမ်းတင်

**မန္တလေး မေ ၁၇** - ဂျပန်နိုင်ငံမှ လေ့လာရေးအဖွဲ့ လေးဦးသည် မန္တလေးဘူတာသို့ မေ ၁၆ ရက် နံနက် ၅ နာရီက ရောက်ရှိလာရာ မန္တလေးဘူတာရုံပိုင်ချုပ် ဦးငြိမ်းမောင်နှင့် ဝန်ထမ်းများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြသည်။ ဂျပန်နိုင်ငံမှ ခရီးသွားလေ့လာရေးအဖွဲ့ခေါင်းဆောင် Mr.Chiba (Leader)၊ Mr.Hiruma၊ Mr.Kawakami နှင့် Mr.Ando တို့သည် မန္တလေးဘူတာကြီးအတွင်းရှိ ဘူတာရပ်ဝန်းမှ ဒေသန္တရခရီးသွားများ ဘူတာလက်မှတ်ရုံအတွင်းရှိ လက်မှတ်ရောင်းချနေမှုနှင့် မြန်မာလူမျိုးတို့၏ ရိုးရာဓလေ့ ရထားဖြင့်ခရီးသွားလာမှုများကို လေ့လာရန်အတွက် ရောက်ရှိလာခြင်းဖြစ်ကြောင်း အဖွဲ့ခေါင်းဆောင် Mr.Chiba က ပြောသည်။ "ကျွန်တော်တို့ ဘူတာဝန်ထမ်းအဖွဲ့တာဝန်ရှိသူတွေက အခုလို နိုင်ငံခြားသားများလာရောက်လည်ပတ်တာတွေ၊ အထူးသဖြင့် ဂျပန်နိုင်ငံက ခရီးသွားလေ့လာရေးအဖွဲ့ကို တခြားမလိုလားအပ်တာတွေ၊ တစ်စုံတစ်ယောက်က နှောင့်ယှက်တာတွေဖြစ်မှာစိုးလို့ အခုလိုအနီးကပ်ကူညီစောင့်ရှောက်ပေးနေတာပါ"ဟု မန္တလေးဘူတာမှ လက်မှတ်သိမ်းဝန်ထမ်း ဦးရန်နောင်ဝင်းက ပြောသည်။
(၀၇၆)

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် မေ ၁၇**

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ယမန်နေ့ ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Tran Dai Quang အား သမ္မတနန်းတော်သို့ သွားရောက်၍ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရေး၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေး၊ အာဆီယံဒေသတွင်း တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်စေရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာပြီး ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဗီယက်နမ်နိုင်ငံမှ ပြန်လည်ရောက်ရှိလာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်**

# ဥရောပသမဂ္ဂနေ့အထိမ်းအမှတ် ညစာ ညှော်ခံပွဲကျင်းပ

**နေပြည်တော် မေ ၁၇**

နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် ယနေ့ ညနေ ၆ နာရီတွင် နေပြည်တော်ရှိ Hilton Hotel ၌ ကျင်းပသည့် ဥရောပသမဂ္ဂနေ့ အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သီချင်းနှင့် ဥရောပသမဂ္ဂ အထိမ်းအမှတ်သီချင်းတို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ သံအမတ်ကြီး မစ္စတာ ရိုလန်ကိုဘီယာနှင့် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။



အခမ်းအနားသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်၊ လွှတ်တော်ကော်မတီ ကော်မတီဥက္ကဋ္ဌများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ညှော်သည်တော်များ တက်ရောက်ကြသည်။**(အပေါ်ပုံ)** **(သတင်းစဉ်)**

# နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မေ ၁၇**

ကာတာနိုင်ငံ ဒိုဟာမြို့၌ မေ ၁၄ ရက်မှ ၁၅ ရက်အထိ ကျင်းပသည့် (၁၇)ကြိမ်မြောက် ဒိုဟာဖိုရမ်သို့ တက်ရောက်ခဲ့သော ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ခရီးစဉ်အတွင်း အထူးကော်မရှင် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကာတာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Sheikh Mohammed bin Abdulrahman bin Jassim Al-Thani နှင့် မေ ၁၃ ရက် ညနေ ၄ နာရီတွင် ဒိုဟာမြို့ Sheraton Hotel ၌ လည်းကောင်း၊ ကာတာနိုင်ငံ ဥပဒေရေးရာနှင့် ဥပဒေပြုဆိုင်ရာကော်မတီ ဥက္ကဋ္ဌ H.E. Nasser Serayea Al Kaabi နှင့် မေ ၁၅ ရက် မွန်းတည့် ၁၂ နာရီတွင် Advisory Council ရုံး အဆောက်အအုံ၌လည်းကောင်း တွေ့ဆုံသည်။



တွေ့ဆုံစဉ် ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းစဉ်များ၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ကာတာနိုင်ငံတွင် ဥပဒေမူကြမ်းကို Council of Minister က ရေးဆွဲကြောင်း၊ လွှတ်တော်သို့ ဥပဒေကြမ်း ရောက်ရှိချိန်တွင် ဥပဒေရေးရာနှင့် ဥပဒေပြုရေးဆိုင်ရာကော်မတီက လေ့လာသုံးသပ်ကြောင်း၊ ထို့နောက် Advisory Council က အတည်ပြုပြဋ္ဌာန်းကြောင်း ကာတာနိုင်ငံ ကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားမှုအပေါ် အထူးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှုကို ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုရှေ့နေချုပ် ပြည်ပမှ ဥပဒေပညာရှင်အဖွဲ့များအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၁၇**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် ယနေ့ နံနက် ၁၀ နာရီတွင် UNDP နှင့် My Justice တို့မှ တာဝန်ရှိသူများနှင့် လည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် My Justice Programme Team Leader နှင့် International Bridges to Justice(IBJ) အဖွဲ့မှ တာဝန်ရှိသူတို့အား လည်းကောင်း ပြည်ထောင်စုရှေ့နေချုပ်ရုံး ညှော်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

UNDP၊ My Justice တို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ အကြံပေးအဖွဲ့ ဖွဲ့စည်းရန်နှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ရေးနှင့်စပ်လျဉ်း၍ လည်းကောင်း၊ My Justice Programme Team Leader ဖြစ်သူ Ms. Caitlin Reiger နှင့် IBJ မှ တာဝန်ရှိသူများအား လက်ခံတွေ့ဆုံစဉ် Justice Centres များ တိုးချဲ့မည့် ကိစ္စရပ်များ၊ IBJ မှ My Justice နှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မည့် ကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# ဦးဝင်းမြင့်အား ပါကစ္စတန်နိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

**နေပြည်တော် မေ ၁၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသံရုံးမှ သံအမတ် ဦးဝင်းမြင့်အား ပါကစ္စတန် အစ္စလာမ္မစ် သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**

# ငြိမ်းချမ်းရေးအထိမ်းအမှတ်ဘောလုံးပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းစည်းဝေး

**နေပြည်တော် မေ ၁၇**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံ ဒုတိယအစည်းအဝေးကို ကြိုဆိုသောအားဖြင့် ငြိမ်းချမ်းရေးအထိမ်းအမှတ် ဘောလုံးပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုငြိမ်းချမ်းရေးနှစ် (၂၀၁၇) အထိမ်းအမှတ်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဦးမင်းသူနှင့် ကော်မတီဝင်များ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က အဖွင့်အမှာစကားပြောကြားပြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသက်လွင်က ပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုငြိမ်းချမ်းရေးနှစ်(၂၀၁၇) အထိမ်းအမှတ်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဦးမင်းသူက ၂၀၁၇ ခုနှစ်အား ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုပြိုင်ပွဲသည်လည်း ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးကို ကြိုဆိုသောအားဖြင့် ပြုလုပ်ခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ ယခုပြိုင်ပွဲကြီး စည်ကားသိုက်မြိုက်စွာ ကျင်းပပြီးစီးနိုင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဥက္ကဋ္ဌ ဦးဖြိုးဇေယျာသော်က ယခုပြိုင်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးအင်အားစုများမှ ဘောလုံးဝါသနာရှင်များ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်လောကမှ အနုပညာရှင်များ၊ မြန်မာ့လက်ရွေးစင် ဘောလုံးကစားသမားဟောင်းများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲမစတင်မီနှင့် ပြိုင်ပွဲခေတ္တရပ်နားချိန်များတွင် ဖျော်ဖြေရေးအစီအစဉ်များဖြင့် တင်ဆက်သွားမည်ဖြစ်ကြောင်း၊ လာရောက်အားပေးကြသော ပရိသတ်များကိုလည်း စတုဒိသာများဖြင့် ညှော်ခံကျွေးမွေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ကွင်း/ရုံ အမှုဆောင်ဒါရိုက်တာ ဦးသန်းဝင်းက ဘောလုံးပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသော ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များက ဆွေးနွေးတင်ပြသည်။

အဆိုပါ ငြိမ်းချမ်းရေးအထိမ်းအမှတ်ဘောလုံးပြိုင်ပွဲကို ဖျော်ဖြေရေးအစီအစဉ်များဖြင့် မေ ၂၄ ရက် ညနေ ၄ နာရီမှစ၍ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပသွားမည်ဖြစ်ပြီး မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်သူနှင့်အတူ





ဒုတိယသမ္မတ ဦးမြင့်ဆွေ ရှင်းလင်းဆောင်ရွက်ရပ်မှ ရဲနွယ်ရေလှောင်တမံအား ကြည့်ရှုစဉ် (သတင်းစဉ်)

❊ *ကျောဖုံးမှ*

မရှိစေရန် မြေထိန်းနံရံများကို စနစ်တကျဆောင်ရွက်ရေးနှင့် အရည်အသွေးပြည့်မီအောင် စနစ်တကျဆောင်ရွက်ရန် မှာကြားသည်။

အဆိုပါ သိုင်းချောင်းတံတားမှာ အရှည် ပေ ၄၀ ရှိပြီး သံကူကွန်ကရစ်တံတားဖြစ်ကာ ပြီးခဲ့သည့် ဧပြီ ၂၂ ရက်က ပြီးစီးခဲ့ကြောင်း သိရသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်ရှိ ရဲနွယ်ရေလှောင်တမံ ရှင်းလင်းဆောင်သို့ ရောက်ရှိရာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက စစ်တောင်းမြစ်ဝှမ်းတစ်လျှောက် တည်ဆောက်ပြီးစီးခဲ့သည့် ရေအားလျှပ်စစ်စက်ရုံများအရေအတွက်၊ ရဲနွယ်ရေအားလျှပ်စစ်စက်ရုံဆိုင်ရာ အချက်အလက်များ၊ နှစ်စဉ်ဓာတ်အားထုတ်လုပ်နိုင်မှု အခြေအနေများကိုလည်းကောင်း၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၁) ညွှန်ကြားရေးမှူး ဦးတင်မောင်အေးက ရေလှောင်တမံဆိုင်ရာ အချက်များနှင့် စိုက်ပျိုးရေပေးဝေနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက ရေလှောင်တမံကြံ့ခိုင်ရေးနှင့် သဘာဝဘေးအတွက် ကြိုတင်ကာကွယ်ရေး လိုအပ်ချက်အစီအမံများကို မှာကြားပြီး ရှင်းလင်းဆောင်ရှုရပ်မှ ရေလှောင်တမံအား ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယသမ္မတသည် ရဲနွယ်ဓာတ်အားပေးစက်ရုံအတွင်း စက်များ တပ်ဆင်ထားရှိမောင်းနှင်နေမှု အခြေအနေနှင့် လျှပ်စစ်ဓာတ်အား ထုတ်လွှတ်မှုအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မင်းလှ-စိန်ကန့်လန့်-မြို့ချောင်းလမ်း မိုင်တိုင်အမှတ် ၆၉ ရှိ ဖြိုးစည်သူထရေးဒင်းကုမ္ပဏီ၏ ပုဂ္ဂလိက ကျွန်းစိုက်ခင်းသို့ရောက်ရှိပြီး ကျွန်းပင်များ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးကာ ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးအတွက် ပုဂ္ဂလိကများ၏ ပူးပေါင်းဆောင်ရွက်မှုကိုအားပေးကြောင်း ပြောကြားသည်။

ဆက်လက်၍ မင်းလှ - စိန်ကန့်လန့်-မြို့ချောင်း-ဖဒို- ကျွန်းကုန်းလမ်း မိုင်တိုင်အမှတ် ၅၁ ရှိ ဆောက်လုပ်ရေးရှင်းလင်းဆောင်သို့ရောက်ရှိရာ ပဲခူးတိုင်းဒေသကြီး လမ်းဦးစီးဌာန အင်ဂျင်နီယာမှူးကြီး ဦးဇော်ထွန်းက မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ဖဒို-ကျွန်းကုန်း လမ်းပြုပြင်ထိန်းသိမ်းရန်အတွက် ဘဏ္ဍာငွေရရှိမှု၊ အပိုင်းအလိုက် ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်ထားရှိမှု၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ သစ်တောဦးစီးဌာန တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းမြင့်က ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးနှင့် သစ်တောများပြန်လည်တည်ထောင်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကြိုးဝိုင်းကြိုးပြင်ကာကွယ်တောများ တိုးချဲ့စိုက်ပျိုးထားရှိမှု၊ ဓမ္မတာမျိုး ပျိုးထောင်ထားရှိမှု၊ ဌာနပိုင်သစ်တောစိုက်ခင်းများတည်ထောင်ထားရှိမှု၊ ဒေသခံပြည်သူများအစုအဖွဲ့လိုက် သစ်တောများစိုက်ပျိုးထားရှိမှု၊ ပျိုးပင်များဖြန့်ဝေပေးမှုတို့ကို လည်းကောင်းရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက လမ်းကိုလက်ရှိအခြေအနေထက်အရည်အသွေးမကျအောင် ထိန်းသိမ်းထားရန်၊ ပဲခူးရိုးမသစ်ထုတ်လုပ်မှုရပ်နားထားချိန်တွင် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများကို ဖော်ဆောင်သွားရန်နှင့် ပဲခူးရိုးမသည် သစ်တောလွှမ်းခြုံမှု ၂၉ ရာခိုင်နှုန်းကျော်သာရှိသည့်အတွက် တစ်ပြည်လုံးသစ်တောလွှမ်းခြုံမှုပျမ်းမျှ ၄၃ ရာခိုင်နှုန်းခန့်အထိ အမြန်ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် မင်းလှ-စိန်ကန့်လန့်လမ်း မိုင်တိုင်အမှတ် ၁၆/၄ ရှိ ၁/၂၀၁၄ စီးပွားရေးကျွန်းစိုက်ခင်း ဧက ၅၀ နှင့် ၁/၂၀၁၇ စီးပွားရေးကျွန်းစိုက်ခင်း ဧက ၁၀၀ သို့ရောက်ရှိပြီး ကျွန်းစိုက်ခင်းပြန်လည်စိုက်ပျိုးထားမှုနှင့် ကျွန်းပျိုးပင်များ ပျိုးထောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**(သတင်းစဉ်)**

◆ *ကျောဖုံးမှ*

သွင်းလာတယ်။ မှတ်တိုင်တွေလည်း ပြုပြင်ပြောင်းလဲမှုတွေလုပ်မယ်လို့ ကျွန်တော်တို့သိရတယ်။ အဲ့ဒါကြောင့် မှတ်တိုင်တွေ ကားတွေမှာ မသန်စွမ်းသူတွေအတွက် ဘယ်လိုမျိုး စီစဉ်ဆောင်ရွက်ထားတယ်ဆိုတာလေးကို သိချင်တာပါ"ဟု လွှတ်တော်တွင် မေးမြန်းခဲ့ သည်။ မျက်မမြင်များသည် ယခင်က ဘတ်စ်ကားမှတ်တိုင်များကို မှတ်သားစီးနင်းနေရာမှ အသစ်ပြောင်းလဲလိုက်သော YBS မှတ်တိုင်များကြောင့် ၎င်းတို့အတွက် အခက်အခဲဖြစ်ရကြောင်း သိရသည်။ အခြားသောနိုင်ငံများ၏ ကားမှတ်တိုင်နေရာများတွင် မျက်မမြင်များ ဘတ်စ်ကားပေါ်သို့ အတက်အဆင်းပြုလုပ်နိုင်ရန် အဖုအထစ်နှင့် အကာအရံ အမှတ်အသားများ ပြုလုပ်ပေးထားခြင်း၊ ခြေမသန်စွမ်းသူများ တက်ရောက်ရန်အတွက် ဘတ်စ်ကားများတွင် တပ်ဆင်ထားခြင်း၊ ဘတ်စ်ကားပေါ်တွင် ဝှီးချဲနေရာသတ်မှတ်ပေးထားခြင်းမျိုးလည်းရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် နိုင်ငံတကာအဆင့်မီ ဘတ်စ်ကားမှတ်တိုင် ပထမအဆင့် ၂၅၀ နှင့် ဒုတိယအဆင့် ၂၅၀ ဆောက်လုပ်ရန်အတွက် တင်ဒါခေါ်ယူရွေးချယ်ထားကာ မကြာမီ စတင်ဆောက်လုပ်တော့မည်ဖြစ်ပြီး အဆိုပါ မှတ်တိုင် ၅၀၀ အတွင်း၌ အကျုံးမဝင်သော မှတ်တိုင်များအားလည်း အလှူရှင်များနှင့် အစိုးရပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။ ဆက်လက်၍ ဝန်ကြီးက " ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ စည်ပင်သာယာရေးကော်မတီဘတ်ဂျက်နဲ့ လမ်းတွေ၊ ပလက်ဖောင်းတွေကို အဆင့်မြှင့်တင်ဆောင်ရွက်သွားမှာဖြစ်ပြီး မျက်မမြင်တွေအတွက် လျှောက်လမ်းတွေ၊ မသန်စွမ်းသူတွေအားလုံးအတွက် အဆင်ပြေမယ့်အစီအစဉ်တွေကိုပါ ထည့်သွင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ဖြေကြားခဲ့သည်။

ထို့ပြင် အသစ်ဆောက်လုပ်မည့် အိမ်ရာစီမံကိန်းများ၊ အများပြည်သူဆိုင်ရာအဆောက်အအုံများ၊ ပလက်ဖောင်းများ၊ လမ်းများအားလုံးတွင် မသန်စွမ်းသူများအတွက် ဒီဇိုင်းထည့်သွင်းရေးဆွဲရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း သိရသည်။

ယနေ့ကျင်းပသော ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ် ၁၉ ဦးတို့က ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခဲ့ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက ပြန်လည်ဖြေကြားခဲ့ကြသည်။ ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို မေ ၂၂ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

## မအူပင်-ကျိုက်လတ်-ဖျာပုံလမ်းမကြီး သုံးနှစ်အတွင်း အပြီးတည်ဆောက်မည်



**ရန်ကုန် မေ ၁၇**

အစိုးရသစ်လက်ထက် ဧရာဝတီတိုင်းဒေသကြီး၏ အဓိကလမ်းမကြီးတစ်ခုဖြစ်သော မအူပင်-ကျိုက်လတ်-ဖျာပုံကားလမ်းမကြီးကို ရာသီမရွေးသွားလာနိုင်သော လမ်းမကြီးအဖြစ် သုံးနှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း ဖျာပုံခရိုင် လမ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ ဒီလမ်းမကြီးကို အပိုင်းနှစ်ပိုင်းနဲ့ ဆောင်ရွက်နေပါတယ်။ မအူပင်-ကျိုက်လတ်လမ်းပိုင်းနဲ့ ကျိုက်လတ်-ဖျာပုံလမ်းပိုင်းဆိုပြီး အပိုင်းနှစ်ပိုင်းနဲ့ဆောင်ရွက်နေပါတယ်။ မအူပင်-ကျိုက်လတ်လမ်းပိုင်းကိုတော့ ကိုရီးယားကုမ္ပဏီတစ်ခုဖြစ်တဲ့ ဂျေဟွန်းကုမ္ပဏီက တာဝန်ယူ တည်ဆောက်နေပါတယ်။ ကျိုက်လတ်-ဖျာပုံ လမ်းပိုင်းကိုတော့ ရွှေတောင်ကုမ္ပဏီ၊ ဂျပန်ကုမ္ပဏီနဲ့ အင်ဒိုနီးရှားကုမ္ပဏီတို့က ပူးပေါင်းဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒီစီမံကိန်းကို သုံးနှစ်စီမံကိန်းနဲ့ပြီးစီးအောင်ဆောင်ရွက်နေတာဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ် အောက်တိုဘာလမှာပြီးစီးဖို့ လျာထားတယ်လို့သိရပါတယ်"ဟု ဖျာပုံခရိုင် လမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းညီညီအောင် က ပြောသည်။

အဆိုပါ လမ်းအဆင့်မြှင့်တင်ခြင်းစီမံကိန်းကို အေဒီဘီချေးငွေရယူကာ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အမေရိကန်ဒေါ်လာသန်း ၈၀ လျာထားဆောင်ရွက်နေ ခြင်းဖြစ်ကြောင်း၊ သို့သော်လည်း လျာထားချက်ထက်လျော့နည်းနိုင်သည်ဟု သိရကြောင်း ဦးစိုင်းညီညီအောင်က ဆက်လက်ရှင်းပြသည်။

ယင်းစီမံကိန်းတွင် ကျိုက်လတ်နှင့် ဖျာပုံမြို့များအတွင်း ကွန်ကရစ်လမ်းများခင်းခြင်း၊ တံတားသုံးစင်းတည်ဆောက်ခြင်းလုပ်ငန်းများလည်း ပါဝင်ကြောင်း သိရသည်။

ဖျာပုံ-ကျိုက်လတ်-မအူပင်လမ်းမကြီးကို ယခုအခါ လေးလမ်းသွားလမ်းမကြီးအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေသည်ကိုတွေ့ရပြီး ၎င်းလမ်းမကြီး အဆင့်မြှင့်တင်ပြီးစီးသွားပါက ရန်ကုန်မြို့မှ မအူပင်-ကျိုက်လတ်-ဖျာပုံလမ်းအတိုင်း ကွမ်းခြံကုန်း၊ ကော့မှူးမြို့နယ်များသို့ ဆက်လက်သွားရောက်နိုင်မည်ဖြစ်၍ ရန်ကုန်မြို့နှင့် ဧရာဝတီတိုင်းဒေသကြီး၏ အဓိကမြို့များအကြား သွားလာမှု ပိုမိုလွယ်ကူချောမွေ့လာမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် မေ ၁၇**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ယမန်နေ့က ကပ္ပလီပင်လယ်ပြင်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းတွင် ဆက်လက်တည်ရှိနေသည်။

(မိုး/ဇလ)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ရပ်ဝန်းနှင့် ပိုးလမ်းမဆိုင်ရာ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သို့ တက်ရောက်မိန့်ခွန်းပြောကြားခဲ့

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ သမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ ရပ်ဝန်းနှင့် ပိုးလမ်းမဆိုင်ရာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (Belt and Road Forum for International Cooperation) သို့ တက်ရောက်ရန် ၂၀၁၇ခုနှစ်၊ မေလ ၁၃ ရက်နေ့မှ ၁၇ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့သွားရောက်ခဲ့ပြီး ၁၇-၅-၂၀၁၇ ရက်နေ့ ညနေ ၃ နာရီတွင် နေပြည်တော်သို့ အထူးလေယာဉ်ဖြင့် ပြန်လည်ရောက်ရှိခဲ့ပါသည်။

ရပ်ဝန်းနှင့် ပိုးလမ်းမဆိုင်ရာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကို ၁၄-၅-၂၀၁၇ ရက်နေ့နှင့် ၁၅-၅-၂၀၁၇ ရက်နေ့တို့တွင် ပေကျင်းမြို့၌ ကျင်းပခဲ့ရာ၊ နိုင်ငံပေါင်း (၃၀) မှ နိုင်ငံ၊ အစိုးရအကြီးအကဲများ အပါအဝင် နိုင်ငံပေါင်း (၁၃၀) ကျော်မှ အဆင့်မြင့်အရာရှိကြီးများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်စုစုပေါင်း (၁၅၀၀) ကျော် တက်ရောက်ခဲ့ကြပါသည်။

**ရပ်ဝန်းနှင့် ပိုးလမ်းမဆိုင်ရာ နိုင်ငံတကာပူးပေါင်း ဆောင်ရွက်ရေးဖိုရမ်**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၁၄-၅-၂၀၁၇ ရက်နေ့ နံနက်ပိုင်းတွင် ပေကျင်းမြို့ China National Convention Centre တွင်ကျင်းပသည့် ရပ်ဝန်းနှင့် ပိုးလမ်းမဆိုင်ရာ နိုင်ငံတကာပူးပေါင်း ဆောင်ရွက်ရေးဖိုရမ် ဖွင့်ပွဲအခမ်းအနားသို့လည်းကောင်း၊ ညနေပိုင်းတွင် သမ္မတ မစ္စတာ ရှီကျင့်ဖျင်မှ တည်ခင်းသည့် ဂုဏ်ပြုညစာစားပွဲသို့လည်းကောင်း တက်ရောက်ခဲ့ပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၁၅-၅-၂၀၁၇ ရက်နေ့တွင် ပေကျင်းမြို့ Yanqi Lake International Conference Centre ၌ ကျင်းပသည့် နိုင်ငံ၊ အစိုးရအကြီးအကဲများ၏ စားပွဲဝိုင်းဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့ပါသည်။ အဆိုပါ စားပွဲဝိုင်း ဆွေးနွေးပွဲသို့ နိုင်ငံပေါင်း (၃၀) မှ နိုင်ငံ၊ အစိုးရအကြီးအကဲများနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၊ ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေ အမှုဆောင်ညွှန်ကြားရေးမှူးတို့လည်း တက်ရောက်ခဲ့ကြပါသည်။ အဆိုပါနေ့ နံနက်ပိုင်းစားပွဲဝိုင်း ဆွေးနွေးပွဲကို ပိုမိုနီးကပ်သော မိတ်ဖက်ဖြစ်စေရေးအတွက် မူဝါဒပိုင်းဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေး (Policy synergy for closer partnership) ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အလုပ်သဘော နေ့လယ်စာစားပွဲတွင် ပြည်သူအချင်းချင်း ပိုမိုနီးကပ်စွာ ဆက်ဆံမှုရှိစေရေး (Closer people-to-people bond) ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မွန်းလွဲပိုင်း ဆွေးနွေးပွဲတွင် အပြန်အလှန်ဆက်နွယ်မှုရှိသော ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆက်သွယ်မှုပူးပေါင်းဆောင်ရွက်ရေး (Connectivity cooperation for interconnected development) ခေါင်းစဉ်ဖြင့်လည်းကောင်း ကျင်းပခဲ့ရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း ပါဝင်ဆွေးနွေးပြောကြားခဲ့ပါသည်။

**ပြည်သူအချင်းချင်း၊ အဖွဲ့အစည်းအချင်းချင်း ဆက်သွယ်မှု**

ယင်းသို့ပါဝင်ဆွေးနွေးရာတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က တရုတ်နိုင်ငံသမ္မတအနေဖြင့် ဤဖိုရမ်ကို ဦးဆောင်ကျင်းပခြင်းအတွက်လည်းကောင်း၊ နွေးထွေးပျူငှာစွာ ညှိဝတ်ကျေပွန်မှုအတွက်လည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း၊ အပြန်အလှန်နားလည်မှု၊ လေးစားမှုကို အခြေခံသည့် ကောင်းမွန်သော ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုရှိရေးနှင့် တည်ငြိမ်အေးချမ်းသော ပတ်ဝန်းကျင်တစ်ရပ်ရှိရေးတို့သည် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံချက် အောင်မြင်ရေးအတွက် အဓိကသော့ချက်များဖြစ်ကြောင်း၊ နိုင်ငံအချင်းချင်း ဆက်သွယ်မှုသည် ရုပ်ပိုင်းဆိုင်ရာ၊ အခြေခံအဆောက်အအုံဆိုင်ရာ ဆက်သွယ်မှုသာမက ပြည်သူအချင်းချင်း၊ အဖွဲ့အစည်းအချင်းချင်း ဆက်သွယ်မှုလည်း ပါဝင်ကြောင်း၊ ဤစီမံချက်၏ အောက်မှ ဆောင်ရွက်မှုများသည် သက်ဆိုင်ရာနိုင်ငံမှ လက်ရှိအကောင်အထည်ဖော်နေသည့် အမျိုးသားအဆင့် ဒေသအဆင့် လုပ်ငန်းစဉ်များအား အထောက်အကူပြုစေမှသာ ပိုမိုအကျိုးသက်ရောက်မှုရှိမည်ဖြစ်ကြောင်း၊ အစိုးရ၊ ပြည်သူများ၏ မျှော်လင့်ချက်၊ စိုးရိမ်မှုတို့အပေါ် အလေးထားစဉ်းစားရန်လိုကြောင်း၊ နိုင်ငံတစ်နိုင်ငံချင်းအနေဖြင့် ထူးခြားသည့် ဝိသေသလက္ခဏာများရှိသည့်အလျောက် ဆောင်ရွက်မည့် စီမံချက်များသည် သက်ဆိုင်ရာနိုင်ငံ၏ အမျိုးသားစီမံကိန်းများနှင့် လိုက်လျောညီထွေမှုရှိရန်လိုကြောင်း၊ မြန်မာနိုင်ငံတွင် အမျိုးသားလမ်း ကွန်ရက်စီမံကိန်းများရှိပြီး ဒေသခွဲနှင့်ဒေသတွင်း စီမံကိန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ ဆောင်ရွက်သည့် စီးပွားရေးလုပ်ငန်းများသည် ပတ်ဝန်းကျင်ထိန်းသိမ်းမှု၊ လူမှုအဖွဲ့အစည်းအပေါ် တာဝန်သိမှုတို့နှင့်အညီ ဆောင်ရွက်ရန်လိုကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု၊ ဒေသခံများ၏အကျိုးကို ရှေးရှုမှုတို့ မရှိမဖြစ်လိုအပ်ကြောင်း၊ ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်းသည်လည်း အရေးကြီးပါကြောင်း၊ ဤရပ်ဝန်းနှင့်ပိုးလမ်းမဆိုင်ရာဖိုရမ်သည် တစ်ကြိမ်တည်းကျင်းပသွားခြင်းမျိုးမဟုတ်ဘဲ ဆက်လက်ကျင်းပသွားရမည့် လုပ်ငန်းစဉ်တစ်ရပ် ဖြစ်ပါကြောင်း၊ သို့မှသာ လုပ်ငန်းတိုးတက်မှုများကို ပြန်လည်သုံးသပ်ခြင်း၊ အနာဂတ်အတွက် မူဝါဒချမှတ်ခြင်းများ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ခြင်းကြောင့် စီမံချက်အောင်မြင်ရေးအတွက် ဤဖိုရမ်အား ယန္တရားတစ်ရပ်အနေဖြင့် ဆက်လက်ကျင်းပသွားရန် အဆိုပြုချက်ကို ထောက်ခံကြောင်းစသည်ဖြင့် ထည့်သွင်းပြောကြားခဲ့ပါသည်။

**ချောမွေ့သော ကုန်သွယ်ရေးရင်းနှီးမြှုပ်နှံမှုရှိစေရေး**

စားပွဲဝိုင်းဆွေးနွေးပွဲအပြီးတွင် ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့ပါသည်။ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံချက်သည် ကုန်းလမ်း၊ ရေလမ်းပိုးလမ်းမပေါ်တွင်ရှိသည့် နိုင်ငံများအချင်းချင်း အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်၍ ဆက်သွယ်မှုရှိလာရန်အတွက်သာမက၊ နိုင်ငံများအချင်းချင်း မူဝါဒများဟန်ချက်ညီစွာ ဆက်သွယ်မှုရှိရေး၊ ချောမွေ့သောကုန်သွယ်ရေးရင်းနှီးမြှုပ်နှံမှုရှိစေရေး၊ အလွှာအသီးသီးရှိ ပြည်သူများ အချင်းချင်းအပြန်အလှန် သွားလာဆက်သွယ်မှု၊ ယဉ်ကျေးမှု၊ ဘာသာရေး၊ ခရီးသွားလာရေး၊ ပညာရေး၊ ဒီဂျစ်တယ်ဆက်သွယ်ရေး စသည့်ကဏ္ဍများတွင်လည်း ဆက်သွယ်မှုတိုးမြှင့်ရေးကို ရည်ရွယ်ကြောင်းစသည်ဖြင့် အဆိုပါပူးတွဲကြေညာချက်တွင် ဖော်ပြထားပါသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ အဆင့်မြင့်အရာရှိကြီးများ လိုက်ပါသွားကြပြီး ၁၄-၅-၂၀၁၇ ရက်နေ့ မွန်းလွဲပိုင်းတွင် ကျင်းပသည့် အဆင့်မြင့်အရာရှိကြီးများ ဆွေးနွေးပွဲ (High-Level Dialogue) များသို့ သက်ဆိုင်ရာဝန်ကြီးများ ပါဝင်တက်ရောက်ခဲ့ပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ခရီးစဉ်အတွင်း ၁၆-၅-၂၀၁၇ ရက်နေ့တွင် တရုတ် ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်၊ နိုင်ငံတော်ကောင်စီဝင် ဝန်ကြီးချုပ် မစ္စတာလီခချန်းတို့နှင့် သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့ပါသည်။ ထိုသို့တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ဖြစ်ထွန်းပြီးဖြစ်သော ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅) ရပ်ကိုအခြေခံ၍ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နှစ်ဖက်ပူးပေါင်း ဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဆက်လက်ကူညီပံ့ပိုးပေးရေး၊ နှစ်ဖက်အဆင့်မြင့် ခေါင်းဆောင်များအကြား အပြန်အလှန်ခရီးစဉ်များ သွားရောက်ခြင်းဖြင့် နှစ်နိုင်ငံပြည်သူများအကျိုးရှိမည့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေခံအဆောက်အအုံဆိုင်ရာ စီမံကိန်းလုပ်ငန်းများအပါအဝင် ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးအတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအမြင်ချင်း ဖလှယ်ခဲ့ကြပါသည်။

**မြန်မာ-တရုတ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်ရေး**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံတော်ကောင်စီဝင်၊ ဝန်ကြီးချုပ် မစ္စတာလီခချန်းတို့သည် တွေ့ဆုံမှုအပြီးတွင် နှစ်နိုင်ငံခေါင်းဆောင်တို့သည် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်များ လက်မှတ်ရေးထိုးလဲလှယ်သည့် အခမ်းအနားသို့တက်ရောက်ခဲ့ကြပါသည်။ အဆိုပါအခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်ယွမ်သန်း (၅၀၀) အကူအညီပေးမည့် စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်၊ မြန်မာ-တရုတ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်ရေးဆိုင်ရာ နားလည်မှု စာချွန်လွှာ၊ စီးပွားရေးပိုးလမ်းမရပ်ဝန်းတစ်ခုနှင့် (၂၁)ရာစုရေကြောင်းဆိုင်ရာ ပိုးလမ်းမရပ်ဝန်း တစ်ခု စီမံချက်မူဘောင်အောက်မှ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာနှင့် ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ပုဂံရှိသမိုင်းဝင်အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ စုစုပေါင်း (၅) ခုတို့ကို နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးခဲ့ကြပါသည်။

ပေကျင်းမြို့တွင် ရောက်ရှိနေစဉ် ၁၄-၅-၂၀၁၇ ရက်နေ့တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဆွစ်ဇာလန်နိုင်ငံ သမ္မတ H.E. Mrs. Doris Leuthard၊ သီရိလင်္ကာနိုင်ငံ ဝန်ကြီးချုပ် Mr. Ranil Wickremesinghe၊ ပိုလန်နိုင်ငံ ဝန်ကြီးချုပ် H.E. Ms. Beata Szydol နှင့် မွန်ဂိုလီးယားနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Erdenebat Jargaltulga တို့နှင့် သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုလုပ်ငန်းစဉ်အား ကူညီပံ့ပိုးပေးရေးတို့ကို ဆွေးနွေးခဲ့ကြပါသည်။ ၁၅-၅-၂၀၁၇ ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် H.E. Mr. Antonio Guterres နှင့်လည်း တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုအပေါ် ကုလသမဂ္ဂ၏ ကူညီပံ့ပိုးရေးကိစ္စ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အကောင်အထည်ဖော်မှုနှင့် ရခိုင်ပြည်နယ် ကိစ္စအလေးထားဖြေရှင်းနေမှုတို့နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန၊**
**၂၀၁၇ ခုနှစ် မေလ ၁၇ ရက်။**

## ခုခံအားကျဆင်းမှုကူးစက်ရောဂါဆိုင်ရာ အမျိုးသားမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၀)စတင်မိတ်ဆက်ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် မေ ၁၇**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရောဂါနှိမ်နင်းရေး ဌာနခွဲ၊ ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေး စီမံချက်မှကျင်းပသော ခုခံအားကျဆင်းမှု ကူးစက်ရောဂါဆိုင်ရာ အမျိုးသားမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၀) စတင်မိတ်ဆက်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ကျင်းပရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ခုခံအားကျဆင်းမှု ကူးစက်ရောဂါဆိုင်ရာ အမျိုးသားမဟာဗျူဟာ တတိယ(၅)နှစ်စီမံကိန်းတွင် မဟာဗျူဟာ (၅)ရပ်ပါဝင်ပြီး အဆိုပါ မဟာဗျူဟာများကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၏ အခြေအနေများနှင့် လိုက်လျောညီထွေစွာ လက်တွေ့အကောင်အထည်ဖော်နိုင်ရန် အရေးကြီးကြောင်း၊ ရရှိထားသော အရင်းအမြစ်များကို ဦးစားပေးအဆင့်အလိုက် အကျိုးရှိစွာ အသုံးချနိုင်ရန်နှင့် ပြည်တွင်းအစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို မြှင့်တင်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ နှစ်စဉ်အိပ်ချ်အိုင်ဗွီဖြစ်ပွားနှုန်း တဖြည်းဖြည်းလျော့နည်းလာသော်လည်း အာရှဒေသနိုင်ငံများအတွင်း သက်ရောက်မှုတစ်ခုအဖြစ်ရှိနေပါကြောင်း၊ လက်ရှိအခြေအနေတွင် လုပ်ငန်းဆောင်ရွက်ရန် Global Fund အဖွဲ့မှ ရန်ပုံငွေရရှိပြီး နိုင်ငံတော်အစိုးရမှလည်း ခုခံအား ကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေး လုပ်ငန်းများအတွက် ရန်ပုံငွေကို နှစ်စဉ်တိုးမြှင့်ထည့်ဝင်ခဲ့ကြောင်း၊ ရောဂါကူးစက်ပြန့်ပွားမှုကိုရပ်တန့်စေ၍ ပြန့်ပွားမှုလျော့နည်းကျဆင်းစေရန်နှင့် ခုခံအား ကျဆင်းမှုကူးစက်ရောဂါအတွက် ဆေးဝါးလိုအပ်သူအားလုံး လက်လှမ်းမီရရှိနိုင်ရန်တို့ကို ပြည့်မီနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း ပြောကြားသည်။

ထို့နောက် UNAIDS မှ Country Director Mr. Eamonn Murphy က မဟာဗျူဟာစီမံကိန်းအသစ်တွင် ရန်ပုံငွေကိုလေလွင့်မှုမရှိစေရန် ထိရောက်သော မဟာဗျူဟာများ ထည့်သွင်းရေးဆွဲထားကြောင်း၊ ရောဂါအသစ်ဖြစ်ပွားမှုကို လျော့နည်းအောင် ကာကွယ်ခြင်းလုပ်ငန်းများကို ထည့်သွင်းရေးဆွဲထားကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအထိ အိပ်ချ်အိုင်ဗွီပိုးရှိ ရှင်သန်သူများ၏ (၆၃ဒသမ၇) ရာခိုင်နှုန်းသည် အေအာတီဆေးကုသမှု လုပ်ငန်းများကို လက်လှမ်းမီရရှိနေပြီဖြစ်ကြောင်း၊ မိခင်မှကလေးသို့ အိပ်ချ်အိုင်ဗွီပိုး ကူးစက်မှုမှ ကာကွယ်ရေးလုပ်ငန်းများကိုလည်း ကိုယ်ဝန်ဆောင် မိခင်များ၏ (၇၇) ရာခိုင်နှုန်းက လက်လှမ်းမီရရှိနေပြီ ဖြစ်ကြောင်း ပြောကြားသည်။




ယင်းနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာရုံးမှ ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဌာန၏ ညွှန်ကြားရေးမှူး Dr. Swarup Kumar Sarkar က ရုပ်သံဖိုင်ဖြင့် ဝမ်းမြောက်စကားပြောကြားသည်။ ဆက်လက်၍ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေး စီမံချက် မန်နေဂျာ ဒေါက်တာ ထွန်းညွန့်ဦးက အမျိုးသားမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၀) နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အမျိုးသားအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကမ္ဘာ့ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် အိပ်ချ်အိုင်ဗွီပိုးရှိ ရှင်သန်သူများ ကွန်ရက်တို့၏ ပြခန်းငယ်များအား လှည့်လည်ကြည့်ရှုအားပေးသည်။

**(သတင်းစဉ်)**

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အာဆီယံနိုင်ငံများမှ ကာကွယ်ရေးဦးစီးချုပ်များနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် မေ ၁၇**

(၁၄)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အလွတ်သဘောအစည်းအဝေး (14th ACDFIM) တက်ရောက်ရန်အတွက် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မနီလာမြို့ရှိ အထင်ကရနေရာများအား သွားရောက်ကြည့်ရှုလေ့လာကြသည်။

**ကြည့်ရှုလေ့လာ**

ဦးစွာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ဇနီးဒေါ်ကြူကြူလှတို့သည် Rizal Park သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် Malacañang Museum ပြတိုက်သို့ရောက်ရှိကြပြီး ပြတိုက်အတွင်းရှိ ဖိလစ်ပိုင်သမ္မတများနှင့် ပတ်သက်သည့် အမှတ်တရပစ္စည်းများ ပြသထားမှုအား လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ဖိလစ်ပိုင်နိုင်ငံ၏ ခံတပ်စခန်းဟောင်းတစ်ခုဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံ၏ မြို့ဟောင်းတစ်ခုဖြစ်သည့် Intramuros အတွင်းရှိ Fort Santiago အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

**တွေ့ဆုံဆွေးနွေး**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မွန်းလွဲပိုင်းတွင် အာဆီယံနိုင်ငံများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များနှင့် နိုင်ငံအလိုက် သီးခြားစီတွေ့ဆုံဆွေးနွေးသည်။

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် လာအိုပြည်သူ့တပ်မတော် ကာကွယ်ရေးဦးစီးချုပ် Maj. Gen. Souvone LEUANGBOUNMY နှင့် လည်းကောင်း၊ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် Gen. Surapong Suwana-adth နှင့် လည်းကောင်း၊ ဖိလစ်ပိုင်နိုင်ငံ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် Gen. Eduardo M. Ano နှင့်လည်းကောင်း၊ စင်ကာပူနိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Lt. Gen. Perry Lim နှင့်လည်းကောင်း၊ အင်ဒိုနီးရှား တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် Gen. Gatot Nurmantyo နှင့်လည်းကောင်း သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံချစ်ကြည်ရေး၊ ကာကွယ်ရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဖိလစ်ပိုင်နိုင်ငံ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်** (သတင်းစဉ်)







## ပိုက်ဆံအိတ်အား ပိုင်ရှင်ထံပြန်လည်အပ်နှံခဲ့သော တပ်ဖွဲ့ဝင်နှစ်ဦးအား ဂုဏ်ပြုချီးမြှင့်

**နေပြည်တော် မေ ၁၇**

မန္တလေးဘူတာကြီး၌ မေ ၉ ရက်က အမှတ်(၁) စကြံဂိတ်(၂)အနီး ခရီးသည်နားနေသည့်ထိုင်ခုံပေါ်၌ ရွှေဆွဲကြိုးနှစ်ကုံးနှင့် ငွေကျပ်တစ်သိန်းပါ ပိုက်ဆံအိတ်ကို ရထားရဲတပ်ဖွဲ့ အမှတ်(၄)တပ်ခွဲ (မန္တလေး) ရထားရဲစခန်းမှ ရဲဒုတပ်ကြပ်ထွန်းထွန်းဝင်းနှင့် ရဲဒုတပ်ကြပ် သန်းလှိုင်တို့က တွေ့ရှိ၍ ပိုင်ရှင်ဖြစ်သူအား စုံစမ်းဆက်သွယ်ပြီး ပြန်လည်ပေးအပ်ခဲ့သည်။

ထို့ကြောင့် ယင်းရထားတပ်ဖွဲ့ဝင်နှစ်ဦးကို မေ ၁၃ ရက်တွင် နေပြည်တော်ရထားရဲတပ်ဖွဲ့မှူးရုံး၌ ရထားရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်နေဝင်းက အမှုထမ်းကောင်း လက်မှတ်နှင့် ဆုငွေများ ချီးမြှင့်ပေးအပ်ခဲ့ပြီး အခမ်းအနားသို့ ဒုတိယတပ်ဖွဲ့မှူး၊ တပ်ဖွဲ့ခွဲမှူးများနှင့် ဦးစီးအရာရှိများ တက်ရောက်ခဲ့ကြသည်။ **(အပေါ်ပုံ)**

**ကိုမျိုး(ရွှေပေါက်ကံ)**

## ဆောက်လုပ်ရေးတင်ဒါအောင်မြင်သောကုမ္ပဏီများအနေဖြင့် အရည်အသွေးမပြည့်မီသော လုပ်ငန်းများရှိပါက စာချုပ်ပါစည်းမျဉ်းစည်းကမ်းအရ အရေးယူဆောင်ရွက်မည်

**စစ်ကိုင်း မေ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောက်လုပ်ရေးတင်ဒါအောင်မြင်သောကုမ္ပဏီများအနေဖြင့် အရည်အသွေးမပြည့်မီသော လုပ်ငန်းများရှိပါက ကုမ္ပဏီများအား ပြန်လည်ဆောင်ရွက်စေသလို ပြန်လည်ဆောင်ရွက်နိုင်ခြင်းမရှိပါက သက်ဆိုင်ရာကုမ္ပဏီက အဆိုပါလုပ်ငန်းများအတွက် ကုန်ကျငွေများကို ပြန်လည်ပေးသွင်းစေခြင်းများအပါအဝင် စာချုပ်ပါစည်းမျဉ်းစည်းကမ်းအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းထံမှ သိရသည်။ ဒုတိယအကြိမ်တိုင်းဒေသကြီး လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးဒုတိယနေ့တွင် ကန့်ဘလူမြို့နယ် မဲဆန္ဒနယ် အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ကျော်သူဟန်ထွန်းက ကန့်ဘလူမြို့နယ် ထန်းကုန်းစံပြကျေးရွာတွင် တင်ဒါအောင်ကျောင်း ဆောက်လုပ်လျက်ရှိသော ဝင်းမင်းလတ်ကုမ္ပဏီကို ထောက်ရှု၍ တိုင်းဒေသကြီးအတွင်း တင်ဒါရယူ ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများအား စည်းမျဉ်းစည်းကမ်းမလိုက်နာမှုများနှင့်ပတ်သက်၍ မည်သို့မည်ပုံအရေးယူဆောင်ရွက်မည်ကို သိရှိလိုပါကြောင်းနှင့် တင်ဒါအောင်ကုမ္ပဏီများ၏လုပ်ငန်းများကို တာဝန်ယူစစ်ဆေးရသော အရည်အသွေးစစ်ဆေးသောအဖွဲ့များသည် မိမိတို့၏တာဝန်ဝတ္တရားများကို တိကျစွာလိုက်နာဆောင်ရွက်ခြင်းမရှိကြောင်းပေါ်ပေါက်ပါက မည်သို့မည်ပုံအရေးယူဆောင်ရွက်မည်ကိုသိရှိလိုကြောင်းမေးမြန်းရာ လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

"အချို့ အရည်အသွေးစစ်ဆေးရေးအဖွဲ့အနေနဲ့မကြည့်ဘဲ ထိုးပေးတာတွေလည်း ရှိနိုင်ပါတယ်။ သူတို့လက်မှတ်ထိုးမပေးရင် ကျွန်တော်တို့အနေနဲ့ ထုတ်မပေးပါဘူး။ တကယ်လို့ သူတို့စစ်ပြီးလည်း စာရင်းစစ်နဲ့စစ်တဲ့အခါ အရည်အသွေးမပြည့်မီဘူးဆိုရင် စာချုပ်ပါစည်းမျဉ်းပါအတိုင်း ပြန်လည်ဆောက်ပေးရမှာပါ။ အခုကြားထဲမှာ တိုင်ကြားထားတဲ့ကုမ္ပဏီတွေကို ခေါ်ညှိတဲ့အခါ ပြေလည်အောင်ဆောင်ရွက်ပေးပါမယ်ဆိုပြီး ပြောကြပါတယ်။

အဲဒီလိုပြောထားရက်နဲ့ စစ်ဆေးရေးအဖွဲ့တွေက လက်မှတ်ထိုးပေးလို့ နောက်ဆုံးရာနှုန်းပြည့်ဆိုရင်တောင်မှ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ် ထောက်ခံမှုနဲ့မှ ခွင့်ပြုတော့သည်အထိ တင်းကျပ်တော့မှာဖြစ်ပါတယ်။ စာချုပ်ပါစည်းကမ်းတွေနဲ့အညီ မလုပ်ဘူးဆိုရင် လျှော့ပြီး ဆောက်ထားလို့ သိပ်မဆိုးရင်လည်း စာရင်းစစ်ကစစ်တဲ့အခါ တင်ဒါအောင်တာ သန်း ၁၅၀ ရှိပြီး စာရင်းစစ်စစ်လိုက်လို့ သန်း ၁၃၀ ပဲ ရှိတယ်ဆိုရင် သူတို့ သန်း၂၀ ပြန်သွင်းရမှာဖြစ်သလို စံချိန်စံညွှန်းမမီဘူးဆိုရင်လည်း နာမည်ပျက်စာရင်းသွင်းမယ်။ နောက်ဥပဒေအရပါအရေးယူတဲ့ထိ လုပ်သွားပါမယ်။ လတ်တလောမှာတော့ အရေးယူထားတာတွေမရှိသေးပေမယ့် သတိပေးထားတဲ့ကုမ္ပဏီတွေတော့ရှိပါတယ်။ သူတို့ကတော့ပြေလည်သည်အထိ၊ အရည်အသွေးစစ်ဆေးရေးကော်မတီနဲ့ ကျောင်းကော်မတီတွေ ကျေနပ်သည်အထိ ပြင်ပေးပါမယ်ဆိုတဲ့ ကတိကဝတ်တွေ ရရှိထားပါတယ်။ ကတိကဝတ်ပြုပြီးမှ ဆောက်တဲ့အဆောက်အအုံက စံချိန်စံညွှန်း အရည်အသွေးမမီဘူးဆိုရင် စာချုပ်စည်းမျဉ်း စည်းကမ်းအတိုင်း အရေးယူသွားမှာ ဖြစ်ပါတယ်" ဟု ဒေါက်တာဇော်ဝင်းက ပြောသည်။

ယခုရက်ပိုင်းအတွင်း ကုမ္ပဏီများကို စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးဦးစီးဌာနတွင် ခေါ်ယူစိစစ်ရာ အချို့ကုမ္ပဏီများက တည်ဆောက်ရေးပြီးစီးမှုရာခိုင်နှုန်းနည်းနေသည်ကို တွေ့ရသော်လည်း အမြန်ဆောက်လုပ်ရန်မတိုက်တွန်းလိုသည့်အတွက် တိုက်တွန်းမှုမပြုခဲ့သော်လည်း ကောင်းမွန်ပြီး မြန်ဆန်အောင်လုပ်ရန် တိုက်တွန်းထားကြောင်း၊ ကျောင်းဖွင့်တော့မည်ဖြစ်သောကြောင့် ကျောင်းဖွင့်ရာသီအမီ စံချိန်စံညွှန်းမီ တည်ဆောက်ပေးကြရန် တိုက်တွန်းထားကြောင်း ဒေါက်တာဇော်ဝင်းထံမှ သိရသည်။ ယခုနှစ်မှစတင်၍ကုမ္ပဏီများအနေဖြင့် စာချုပ်စည်းမျဉ်းစည်းကမ်းအတိုင်း တည်ဆောက်မှုရှိ၊ မရှိကို စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးဦးစီးမှူး၊ လူမှုရေးဝန်ကြီးနှင့် ဝန်ကြီးချုပ်တို့က စစ်ဆေးမည်ဖြစ်ရာ စည်းကမ်းချိုးဖောက်သည်များတွေ့လျှင် စာချုပ်ပါစည်းမျဉ်းစည်းကမ်း ဥပဒေအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

## ဒစ်ဂျစ်တယ်သတင်းစာထုတ်လွှင့်မှု ကွင်းဆင်းဆွေးနွေး

**သီပေါ မေ ၁၇**

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ နေ့စဉ်ထုတ်ဝေလျက်ရှိသော သတင်းစာများ၌ သတင်းရေးသားပေးပို့ခြင်းနှင့် အွန်လိုင်းစနစ်ဖြင့်ထုတ်လွှင့်မည့် ဒစ်ဂျစ်တယ်သတင်းစာတွင် မြို့နယ်အသီးသီးရှိ ဒေသဆိုင်ရာ သတင်းမီဒီယာများအတွက် သတင်းပေးပို့ခြင်း အလုပ်သဘော ဆွေးနွေးပွဲအခမ်းအနားကို မေ ၁၆ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မြည်းလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို မြန်မာ့အလင်း သတင်းစာတိုက် စာတည်းမှူးချုပ် ဦးအောင်နိုင်ဦးနှင့် နည်းပညာကျွမ်းကျင်သူများအဖွဲ့က ဦးစီးကျင်းပခြင်းဖြစ်ပြီး မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ သတင်းရေးသားသူများ၊ ဝါသနာရှင်များ၊ ကင်းထောက်မောင်မယ်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သတင်းစာတိုက် စာတည်းမှူးချုပ် ဦးအောင်နိုင်ဦးက ဒစ်ဂျစ်တယ်သတင်းများ ရေးသားပေးပို့ခြင်းနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။ **(ယာပုံ)**

ဆက်လက်၍ မြန်မာ့အလင်း သတင်းစာ နည်းပညာကျွမ်းကျင်သူ အယ်ဒီတာ အဖွဲ့ဝင်တစ်ဦးဖြစ်သည့် ဒေါ်ခင်ရတနာက မြန်မာဒစ်ဂျစ်တယ်နယူးစ်သတင်းစာသို့ သတင်းပေးပို့နိုင်သည့် နည်းပညာများနှင့်ပတ်သက်၍ ဆွေးနွေးပို့ချရာ တက်ရောက်လာသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**



# ရှမ်းပြည်နယ်မြောက်ပိုင်း၌ မိုးစတင်ရွာသွန်းနေပြီဖြစ်၍ ဂုတ်တွင်းလမ်းပိုင်း၌ ယာဉ်ကြီးများ ဂရုတစိုက်မောင်းနှင်ရန်လို

**သီပေါ မေ ၁၇**

ရှမ်းပြည်နယ် မြောက်ပိုင်းတွင် လွန်ခဲ့သော ငါးရက်ကစပြီး မုတ်သုံဝင်ရောက်၍ မိုးရွာသွန်းလျက်ရှိရာ မန္တလေး-လားရှိုး-မူဆယ်သွားလမ်းကိုအသုံးပြုမောင်းနှင်သွားလာနေကြသော ယာဉ်ကြီးများအနေဖြင့် လမ်းတိမ်းချော်မှုမဖြစ်စေရန် ယာဉ်မောင်းများ အန္တရာယ်ကင်းဝေးအောင် ဂရုတစိုက်ဖြင့် အရှိန်လျှော့မောင်းနှင်သွားလာနေကြသည်ကို ဂုတ်တွင်းလမ်းပိုင်း၌ မေ ၁၆ ရက်က ဤသို့တွေ့မြင်ခဲ့ရသည်။ **စိုင်း(သီပေါ)**



# မြင်းမူမြို့နယ် အလ္လကပ္ပကျေးရွာ မုံရွာ-မန္တလေးကားလမ်း ရေကျော်

**မြင်းမူ မေ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့၏ အရှေ့မြောက်အမြင့်ပိုင်းဒေသတွင် မေ ၁၆ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မိုင်တိုင်အမှတ်(၅၄/၄)နှင့်(၅၄/၆)အကြားကားလမ်းအနိမ့်ပိုင်းနေရာတွင် ယင်းနေ့ ည ၁၂ နာရီမှစ၍ ကားလမ်းရေကျော်သဖြင့် ယာဉ်ကြီး၊ ယာဉ်ငယ်သွားလာမှု ယာယီပြတ်တောက်သွားကြောင်း သိရသည်။

အဆိုပါရေကျော်နေရာသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင်အောင်လွင်နှင့်အဖွဲ့ဝင်များ၊ မြင်းမူမြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးတင်မျိုးသိန်းနှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မုံရွာ ယာဉ်ထိန်းအမှတ်(၁၇)တပ်ဖွဲ့ဝင်များ၊ မြင်းမူမြို့နယ်လူမှုကူညီရေးအသင်းအဖွဲ့များမှ အသင်းသားများက ယာဉ်လမ်းခရီးသွားများ အန္တရာယ်မရှိစေရေး ထိန်းသိမ်းပေးခြင်းတို့ကိုဆောင်ရွက်ပေးခဲ့သည်။ယနေ့စောစောပိုင်းအထိ ယာဉ်သွားလာမှု ခေတ္တပိတ်ထားခဲ့သော်လည်း မေ ၁၇ ရက် နံနက် ၁၀ နာရီခွဲမှစ၍ ယာဉ်လမ်းကြောင်းတစ်ဖက်ဖွင့်စနစ်ဖြင့် ယာဉ်များဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။ ယခု ကားလမ်းရေကျော်ရာတွင် ရေအနက် သုံးပေနှင့် အလျား ပေ ၁၅၀ နီးပါးရှိခဲ့ပြီး လူနှင့်ယာဉ်များ ထိခိုက်မှုတစ်စုံတစ်ရာ မရှိခဲ့ကြောင်း သိရသည်။ **အောင်စိုးဖေ(မြင်းမူ)**

# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြော

**တနိုင်း မေ ၁၇**

ကချင်ပြည်နယ် တနိုင်းမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအနေဖြင့် မြို့နယ်အတွင်း မီးသုံးစွဲသူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန် ရည်ရွယ်လျက် အသိပညာပေးဟောပြောပွဲကို မေ ၁၆ ရက်က မုဒိန်ရပ်ကွက် သာယာ(၁) နှစ်ခြင်းဘုရားကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်လျှပ်စစ်ဦးစီးဌာန ဦးစီးမှူး ဦးဝင်းကိုဦးက လျှပ်စစ်ပစ္စည်းများ အသုံးပြုချိန်တိုင်းတွင် လျှပ်စစ်ဓာတ်အားရှိသည်ဟု ထင်မှတ်၍ အထူးဂရုပြုသုံးစွဲကြရန်နှင့် အရည်အသွေးပြည့်မီသော လျှပ်စစ်ပစ္စည်းများကိုသာ အသုံးပြုကြရန် ဟောပြောခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များကို မိဘပြည်သူများထံသို့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ပေါက်မြို့နယ်၌ မိုးရွာသွန်းပြီး လေပြင်းများတိုက်ခတ်၍ နေအိမ်အချို့ အမိုးလန်ပြိုလဲပျက်စီး

**ပေါက် မေ ၁၇**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်၌ မေ ၁၆ ရက် ညနေ ၄ နာရီ ၁၀ မိနစ်ခန့်က မိုးရွာသွန်းပြီး လေပြင်းများတိုက်ခတ်ခြင်းကြောင့် တောင်ဘက်ကျေးရွာအုပ်စု တောင်ဘက်ကျေးရွာ၌ နေအိမ်လေးလုံး အမိုးလန်ပျက်စီးခြင်း၊ အလားတူ ဇီးတောကျေးရွာ၌ နေအိမ်သုံးလုံး ပြိုလဲပျက်စီးခြင်း၊ နေအိမ် ၁၁ လုံးမှာ အမိုးလန်ပျက်စီးခြင်းနှင့်အတူ အမှတ်(၁၅၁) မူလွန်ကျောင်း အမိုးလန်ပျက်စီးဆုံးရှုံးခဲ့သော်လည်း လူနှင့် တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာမရရှိခဲ့ကြောင်း သိရသည်။ **ဉာဏ်တိုး(ပေါက်)**

ပြန်ကြားရေးဝန်ကြီးဌာန ၊ ပညာရေးဝန်ကြီးဌာန နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော
ကလေးစာပေပွဲတော်
ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
( တောင်ကြီးမြို့ )
၂၀၁၇ ခုနှစ် ၊ ဇွန်လ (၂၊ ၃၊ ၄)ရက်၊ (သောကြာ၊ စနေ၊ တနင်္ဂနွေ) နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ
မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။
တောင်ကြီးတက္ကသိုလ်၊ တောင်ကြီးမြို့။
Brighter Future Myanmar
PREMIER Cereal Drink
Organized by
VI mix

## မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော မေလ(၉)ရက်နေ့မှ မေလ(၁၆)ရက်နေ့အထိ ထွက်ရှိသောစာအုပ်စာရင်း

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | ဟမ်စိုင်း(ဆေး-မန်း) | ညီမလေးသို့ပေးစာများ | ၂၀၀၀ိ/- | |
| ၂ | သားကြီးမောင်ဇေယျ | ပြေးပြေးလွှားလွှားသတင်းသမား | ၂၂၀၀ိ/- | စိတ်ကူးချိုချို |
| ၃ | ဦးမင်းထက် | ရေ(သို့မဟုတ်) ထူးဆန်းသောရောဂါကုထုံး | ၁၀၀၀ိ/- | ယဉ်မျိုး |
| ၄ | လင်းလွင် | ဘယ်သူ့ကိုမဆို အရသာရှိပါ | ၂၀၀၀ိ/- | ယဉ်မျိုး |
| ၅ | ကျော်သာညွန့် | ရခိုင်ဂန္ထာဝင် ရွှေဇော်ါလမ်းနှင့် လေ့လာရေးခရီးသွားမှတ်တမ်းများ | ၂၀၀၀ိ/- | ဟိန်းစာပေ |
| ၆ | သိန်းထွန်းအောင် | သျှစ်သောင်းပုထိုးတော်ကြီးအကြောင်း သိကောင်းစရာများ | ၁၅၀၀ိ/- | |
| ၇ | သိန်းထွန်းအောင် | မြောက်ဦးဒေသရှေးဟောင်းအဆောက်အအုံများ | ၃၀၀၀ိ/- | |
| ၈ | ဦးစိုးမြင့်ဒွတ်း | ဆင်စီးမြင်းရံလူအိုတို့အားမာန် | ၂၅၀၀ိ/- | ဖြူသဇင် |
| ၉ | မမကြီး | ကမ္ဘာ့တစ်လွှား လူကြိုက်များသောထိုင်းဟင်းလျာများ | ၁၈၀၀ိ/- | စိတ်ကူးချိုချို |
| ၁၀ | မဟာဆွေ | ဆရာဝန်မို့ | ၂၃၀၀ိ/- | စိတ်ကူးချိုချို |
| ၁၁ | နေစကြာနိုင် | ကျောက်ခေတ်ရုပ်ကြွင်းများ | ၁၅၀၀ိ/- | ဆန်းစသော်တာ |
| ၁၂ | Dr.လှမောင် | နိုင်ငံတကာကုန်သွယ်မှုနှင့် စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှု | ၃၀၀၀ိ/- | Unity |
| ၁၃ | နိုင်ဇော် | နေရောင်ခြည် | ၁၅၀၀ိ/- | သီရိဝစ္ဆစာပေ |
| ၁၄ | ဟိန်းလတ် | ထရမ့်ဘယ်တော့မှ လက်မမြှောက်အရှုံးမပေး | ၃၅၀၀ိ/- | |
| ၁၅ | နတ်နွယ် | အများနှင့်တစ်ယောက် | ၄၅၀၀ိ/- | စိတ်ကူးချိုချို |
| ၁၆ | အရှင်သုမန(ကန့်ဘလူ) | အလှူဒါနဆိုင်ရာ သိမှတ်ဖွယ်ရာများ | ၁၀၀၀ိ/- | ရန်အောင် |
| ၁၇ | မောင်ဝင်းဝါ | မြန်မာ့ယဉ်ကျေးမှုနိဒါန်း | ၂၅၀၀ိ/- | |
| ၁၈ | ဆရာဦးမောင် မောင်ကြည် | ကေသဝိဇ္ဇာဗေဒင်ပညာ | ၄၅၀၀ိ/- | |
| ၁၉ | ချစ်နိုင်(စိတ်ပညာ) | လူငယ်နှင့်ဖွဲ့ | ၂၀၀၀ိ/- | နိုင်စာပေ |
| ၂၀ | ပညာဒီပက | ဟိမဝန္တာမှ ဆရာသခင်များ | ၄၀၀၀ိ/- | စိတ်ကူးချိုချို |
| ၂၁ | ရွှေဖိုးခေါင် | သတင်းစာရှင်းပွဲဂယက်ရုပ်သံနှင့် ကျပ်သိန်း ၂၅၀ ဇာတ်လမ်း | ၁၀၀၀ိ/- | |
| ၂၂ | ဝင်ကျော်ဦး | စီးပွားဖြစ် ဝါးစိုက်ပျိုးရေး | ၂၅၀၀ိ/- | ဖြူသဇင် |
| ၂၃ | သက်နှင်းဆွေ(ပုပ္ပါး) | မြစ်ဖြောင့်တစ်စင်း | ၂၅၀၀ိ/- | |
| ၂၄ | ဦးလှကြည် | ဌာနခွဲ စာရင်းဘယ်လိုသွင်းမလဲ | ၂၅၀၀ိ/- | Account Care |
| ၂၅ | တေဇာ(လရောင်လမ်း) | ကြောင်တွေရဲ့မြို့ | ၄၀၀၀ိ/- | နှစ်ကာလများ |
| ၂၆ | မောင်ထွန်းသူ | ထောင်ချောက် | ၃၅၀၀ိ/- | စိတ်ကူးချိုချို |
| ၂၇ | ခင်မမမျိုး | နိုင်ငံရေး၊ နိုင်ငံတော် အချုပ်အခြာအာဏာနှင့် နိုင်ငံရေး အိုင်ဒီရော်လော်ဂျီများ | ၂၀၀၀ိ/- | မျိုးဆက်သစ် |
| ၂၈ | လင်္ကာရည်ကျော် | နေညိုကမ်းနဖူး ဝတ္ထုတိုများ | ၂၀၀၀ိ/- | နန်းဒေဝီ |
| ၂၉ | မောင်သာချို | စိတ်ကူး | ၂၂၀၀ိ/- | စိတ်ကူးချိုချို |
| ၃၀ | မင်းနန်(မော်ကျွန်း) | ဗုဒ္ဓ၏အောင်မြင်ရေး လမ်းညွှန်ချက်များ-၃ | ၃၀၀၀ိ/- | အလင်းသစ် |
| ၃၁ | စံရတီ | လက်ရွေးစင်ဝတ္ထုတိုများ | ၂၅၀၀ိ/- | နှင်းဆီနီ |
| ၃၂ | ကလောင်စုံ | English Language Teaching | ၂၅၀၀ိ/- | စိန်တိုက်စာပေ |

# သွေးလွန်တုပ်ကွေးဖြစ်ပွားမှုများနေသည့် မန္တလေးခရိုင်အတွင်း အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများ မေလအတွင်း အပြီးဆောင်ရွက်မည်

**မန္တလေး မေ ၁၇**

မန္တလေးတိုင်းဒေသကြီးအတွင်း သွေးလွန်တုပ်ကွေးဖြစ်ပွားမှု များပြားနေသည့် မန္တလေးခရိုင်အတွင်းရှိ ဖြစ်ပွားမှုအများဆုံး ရပ်ကွက်၊ ကျေးရွာများကို ရွေးချယ်၍ အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများကို မေလအတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဝင်းနိုင်က ပြောကြားသည်။

သွေးလွန်တုပ်ကွေးဖြစ်ပွားမှုကို ငါးနှစ်အတွင်း စာရင်းကောက်ယူမှုအရ အောင်မြေသာစံ၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်၊ အမရပူရမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တို့တွင် အဖြစ်များလျက်ရှိပြီး ဒုတိယအဖြစ်အများဆုံးမှာ မတ္တရာနှင့် မြင်းခြံမြို့နယ်တို့ဖြစ်ကြရာ ယင်းတို့အနက် အဖြစ်အများဆုံး ရပ်ကွက်၊ ကျေးရွာများကို ရွေးချယ်ကာ ရပ်ကွက်လုံးကျွတ် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများကို တစ်ဖွဲ့လျှင် ကျန်းမာရေးဝန်ထမ်းသုံးဦးနှုန်းဖြင့် ယင်းမြို့နယ်များကို ဦးစားပေးအဆင့်အဖြစ် ဆေးခတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်မြို့နယ်များတွင်လည်း ကာကွယ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

"ကျွန်တော်တို့ ရုံးချုပ်က ပိုးလောက်လမ်းမပေါက်တဲ့ အဘိတ်ဆေးခတ်မယ့် အစီအစဉ်ကို ဆောင်ရွက်ဖို့ ညွှန်ကြားထားတဲ့အတွက် အဖြစ်အများဆုံး မြို့နယ်တွေမှာ ရပ်ကွက်လုံးကျွတ်၊ ကျေးရွာလုံးကျွတ် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းတွေကို စီစဉ်ဆောင်ရွက်နေပါတယ်။ သွေးလွန်တုပ်ကွေးရောဂါက ဇူလိုင်လမှာ အဖြစ်အများဆုံးလို့ ဆိုပေမယ့်လည်း လက်ရှိအခြေအနေမှာ နွေ၊ မိုး၊ ဆောင်း ဥတုမရွေးဖြစ်နေတာကို တွေ့ရပါတယ်။ ဒီနှစ်မှာတော့ သွေးလွန်တုပ်ကွေးအဖြစ်များမယ့် အလားအလာရှိနိုင်တယ်လို့ ခန့်မှန်းထားပါတယ်"ဟု ၎င်း ပြောသည်။

မန္တလေးတိုင်းဒေသကြီး သွေးလွန်တုပ်ကွေး ကာကွယ်နှိမ်နင်းရေးကော်မတီကို ဖွဲ့စည်းထားပြီးဖြစ်ရာ ဝန်ကြီးချုပ်နှင့် မြို့တော်ဝန်မှနာယကအဖြစ် ဆောင်ရွက်ကာ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးမှူးက ဦးဆောင်၍ မြို့နယ်ဆရာဝန်၊ စည်ပင်၊ မိခင်နှင့်ကလေး၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့နှင့် ပညာရေးအဖွဲ့များ ပါဝင်သည့် ကော်မတီကိုဖွဲ့စည်းပြီး သွေးလွန်တုပ်ကွေး ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကာ လက်ရှိအဘိတ်ဆေးခတ်ခြင်းနှင့်အတူ ခြင်နှိမ်နင်းရေးလုပ်ငန်းများ၊ ရောဂါဖြစ်ပွားပါက အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့ခြင်းနှင့် ခြင်ဆေးမှုတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိ သည်။

မန္တလေးတိုင်းဒေသကြီးတွင် ၂၀၁၅ ခုနှစ်က သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူဦးရေ ၆၂၀၀ ရှိခဲ့ပြီး ၂၀၁၆ ခုနှစ်က ဖြစ်ပွားသူဦးရေ ၁၄၀၀ ရှိခဲ့ကာ ယခုနှစ် မေလလယ်အထိ ဖြစ်ပွားသူဦးရေ ၁၃၀ နီးပါးရှိနေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဒီပဲယင်းမြို့နယ်ရှိ လေဘေးသင့်ကျေးရွာများအား ထောက်ပံ့

**ဒီပဲယင်း မေ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်၌ မေ ၁၆ ရက် ည ၇ နာရီခွဲခန့်က ကျေးရွာလေးရွာ လေပြင်းတိုက်ခတ်ခံရပြီး လေပြင်းတိုက်ခတ်ခံရမှုကြောင့် လူနေအိမ်များ၊ စာသင်ကျောင်းနှင့် ဘုန်းကြီးကျောင်းများ အမိုးလန်ပြိုလဲမှုများဖြစ်ပေါ်ခဲ့ရာ လူနေအိမ် ၁၄၅ လုံး၊ အခြားအဆောက်အအုံ ၁၄ ခု၊ ဘုန်းကြီးကျောင်း သုံးကျောင်းတို့ ပျက်စီးထိခိုက်ခဲ့ပြီး လူနေအိမ် ၃၀ ပြိုလဲကျခဲ့ကြောင်း သိရသည်။



အဆိုပါ လေဘေးသင့်ကျေးရွာများသို့ မေ ၁၇ ရက် နံနက် ၆ နာရီခွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်အောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်ထွေးတို့သည် စိုင်ပြင်စံပြကျေးရွာ ဘုန်းကြီးကျောင်းသို့ရောက်ရှိပြီး လေပြင်းတိုက်ခတ်ခံရသော အိမ်ထောင်စုများနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့မှ ထောက်ပံ့လှူဒါန်းငွေကျပ် ၈၂ သိန်းနှစ်သောင်းနှင့် အိမ်ထောင်စုတစ်စုလျှင် ပုဆိုး၊ လုံချည်၊ ဆပ်ပြာ၊ စွပ်ကျယ်၊ မျက်နှာသုပ်ပဝါ ပစ္စည်းငါးမျိုး ထောက်ပံ့ပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)**

ဒီပဲယင်းမြို့နယ်၌ မေ ၂ ရက်က ပထမအကြိမ် ကျေးရွာတစ်ရွာ လေပြင်းတိုက်ခတ်ခံရပြီး မေ ၅ ရက်က ဒုတိယအကြိမ် ကျေးရွာပေါင်း ၁၉ ရွာနှင့် မေ ၁၆ ရက် တတိယအကြိမ်တွင် ကျေးရွာလေးရွာ လေပြင်းတိုက်ခတ်ခံရကြောင်း သိရသည်။

**သိန်းထွန်း(ပြန်/ဆက်)**

# သထုံ၌ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်မှုလျော့နည်းစေရေး စုပေါင်းလေ့ကျင့်

**သထုံ မေ ၁၇**

သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက ထိခိုက်မှုလျော့နည်းနိုင်စေရန်နှင့် ဘေးမဖြစ်ပွားမီ၊ ဖြစ်ပွားနေစဉ်နှင့် ဖြစ်ပွားပြီးနောက်တို့တွင် စနစ်တကျဖြင့် လုပ်ငန်းများကို ဆောင်ရွက်နိုင်စေရန်အတွက် သထုံခရိုင် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးအဖွဲ့က မွန်ပြည်နယ် သထုံမြို့နယ် ဒုံဝန်းကျေးရွာတွင် မေ ၁၇ ရက်က ဒေသခံများနှင့်အတူ သဘာဝဘေး သရုပ်ပြလေ့ကျင့်ခြင်းများကို ပြုလုပ်ခဲ့ကြကြောင်း သိရသည်။



သထုံခရိုင်အတွင်း ဘေးဖြစ်လာပါက အဝတ်အထည်၊ စားနပ်ရိက္ခာ အစရှိသည့် ကယ်ဆယ်ရေးပစ္စည်း ၂၂ မျိုးအား အိမ်ထောင်စု ၅၀၀ အတွက် ကူညီထောက်ပံ့နိုင်ရန် အရန်သင့်စုဆောင်းထားရှိကြောင်း၊ မွန်ပြည်နယ်အတွင်း မြစ်ချောင်းကမ်းစပ်များနှင့် နီးသည့်ကျေးရွာများကို ဦးစားပေးကာ ယခုကဲ့သို့ သရုပ်ပြလေ့ကျင့်ခြင်းများကို လိုက်လံဆောင်ရွက်နေပြီး လူမှုရေးအဖွဲ့များနှင့် ပူးပေါင်းကာ ဆက်လက်ပြုလုပ်သွားရန် စီစဉ်ထားကြောင်း ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ သိရသည်။

**သက်ဦး(သထုံ)**



# ရသေ့တောင်မြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် စာသင်ကျောင်းနှင့် လူနေအိမ်များပျက်စီး

**ရသေ့တောင် မေ ၁၇**

ရခိုင်ပြည်နယ် စစ်တွေခရိုင် ရသေ့တောင်မြို့နယ်အတွင်းရှိ ဂူတောင်ကျေးရွာ၊ ဇီးကိုင်းကျေးရွာနှင့် နွားတင်းကုတ်ကျေးရွာများ၌ ယနေ့ နံနက် ၇ နာရီက လေပြင်းတိုက်ခတ်မှုကြောင့် စာသင်ကျောင်းများ၊ လူနေအိမ်များ ပျက်စီးဆုံးရှုံးခဲ့ပြီး တိရစ္ဆာန်များ သေဆုံးလျက်ရှိကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် ဂူတောင်ကျေးရွာ၌ အလျား ပေ ၅၀၊ အနံ ၁၈ ပေ လူနေအိမ်တစ်လုံး ပျက်စီးဆုံးရှုံးပြီး တိရစ္ဆာန်များလည်း သေဆုံးလျက်ရှိသည်။ ဇီးကိုင်းကျေးရွာ၌ အလျား ၈ ပေ၊ အနံ ၇ ပေ လူနေအိမ်တစ်လုံးနှင့် နွားတင်းကုတ်ကျေးရွာ၌ အလျား ပေ ၆၀၊ အနံ ပေ ၃၀ အမက စာသင်ကျောင်းတစ်ဆောင် ပျက်စီးဆုံးရှုံးခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခတ်သော ကျေးရွာများသို့ တာဝန်ရှိသူများသွားရောက်၍ ပျက်စီးဆုံးရှုံးခဲ့သော စာသင်ကျောင်းများ၊ လူနေအိမ်များနှင့် တိရစ္ဆာန်များဆုံးရှုံးမှုများကို ကူညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# နယ်စပ်ရေးရာဝန်ကြီးဌာနက နေပြည်တော်ကောင်စီနယ်မြေအတွင်း သောက်သုံးရေများလှူဒါန်း

**နေပြည်တော် မေ ၁၇**

နယ်စပ်ရေးရာဝန်ကြီးဌာနမှ နေပြည်တော်ကောင်စီနယ်မြေအတွင်း နွေရာသီ ရေရှားပါးသည့် ကျေးရွာများသို့ ဂါလန် ၂၀၀၀ ဆံ့ ရေသယ်ယာဉ်ဖြင့် ရေလှူဒါန်းလျက်ရှိရာ မေ ၁၂ ရက်က လယ်ဝေးမြို့နယ် ရွာသစ်ကျေးရွာနှင့် ကျောင်းကုန်းကျေးရွာတို့သို့ ရေဂါလန် ၂၀၀၀ စီ၊ မေ ၁၃ ရက်က ပုဗ္ဗသီရိမြို့နယ် ဖတ်တဲကုန်းကျေးရွာသို့ ရေဂါလန် ၂၀၀၀ ၊ ဇေယျာသီရိမြို့နယ် ပုပ္ပားကုန်းကျေးရွာသို့ ရေဂါလန် ၂၀၀၀၊ မေ ၁၅ ရက်က ပျဉ်းမနားမြို့နယ် ဇီးရိုင်းကျေးရွာနှင့် တောင်သာကျေးရွာတို့သို့ ရေဂါလန် ၂၀၀၀ စီ၊ မေ ၁၆ ရက်က လယ်ဝေးမြို့နယ် ရွာသစ်ကျေးရွာနှင့် ကျောင်းကုန်းကျေးရွာတို့သို့ ရေဂါလန် ၂၀၀၀ စီ စုစုပေါင်း ရေဂါလန် ၁၆၀၀၀ ကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အလားတူ နယ်စပ်ရေးရာဝန်ကြီးဌာနလက်အောက်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှလည်း ဂါလန် ၈၀၀ ဆံ့ ရေသယ်ယာဉ်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် အောင်သာရွာသို့ မေ ၁၂ ရက်က ရေဂါလန် ၁၆၀၀၊ မေ ၁၅ ရက်က ငါ့သရော်(မြောက်) ဘုန်းကြီးကျောင်းသို့ ရေဂါလန် ၄၈၀၀၊ မေ ၁၆ ရက်က ငါ့သရော်ရွာဦးဘုန်းကြီးကျောင်းသို့ ရေဂါလန် ၄၀၀၀ ကို လည်းကောင်း၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်မှလည်း မေ ၁၅ ရက်က စစ်ကိုင်းမြို့နယ် ရေမျက်ကြီးရွာသို့ ရေဂါလန် ၁၆၀၀ ကို လည်းကောင်း စုစုပေါင်းရေဂါလန် ၁၂၀၀၀ ကို လှူဒါန်းဖြန့်ဝေခဲ့ကြောင်း၊ မိုးမကျမီကာလအထိ ရေရှားပါးသည့် ကျေးရွာများသို့ ဆက်လက်ရေလှူဒါန်း ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ပခုက္ကူမြို့၌ (၂၂)နှစ်အတွင်း မေလမိုးရေချိန်စံချိန်သစ်တင်

**ပခုက္ကူ မေ ၁၇**

ပခုက္ကူမြို့နယ်၌ မေ ၁၆ ရက် ည ၉ နာရီခွဲမှ မေ ၁၇ ရက် နံနက် ၆နာရီအထိ မိုးများရွာသွန်းခဲ့ကြောင်း သိရသည်။ ပခုက္ကူခရိုင် မိုးလေဝသနှင့် ဇလဗေဒစခန်းကို ၁၉၉၅ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပြီး မိုးလေဝသနှင့် ဇလဗေဒစခန်း၏မှတ်တမ်းများအရ ၂၀၀၃ ခုနှစ် မေလတွင် ၃ ဒသမ ၁၉ လက်မ ရွာသွန်းခဲ့ကြောင်း သိရသည်။

ယမန်နေ့က ရွာသွန်းခဲ့သော မိုးရေချိန်ကို မေ ၁၇ ရက် နံနက် ၉ နာရီ တိုင်းထွာချက်အရ ၃ ဒသမ ၅၄ လက်မရှိကြောင်း သိရသည်။ စခန်းဖွင့်ပြီး နှစ်ပေါင်း ၂၂ နှစ်အတွင်း ရရှိသောမိုးရေချိန် စံချိန်မှတ်တမ်းသစ်တစ်ခုဖြစ်ကြောင်း ပခုက္ကူခရိုင် မိုးလေဝသနှင့် ဇလဗေဒဦးစီးအရာရှိ ဦးနေဝင်းထံမှ သိရသည်။

**တင်အောင်ဝင်း**

# မြောက်ဦးမြို့၌ လေဘေးသင့်ပြည်သူများအားထောက်ပံ့

**မြောက်ဦး မေ ၁၇**

မြောက်ဦးမြို့နယ်အတွင်းရှိ ကြာရှည်ကျေးရွာ၊ ချောင်းသစ်ကျေးရွာ၊ ဆင်အိုးချေကျေးရွာနှင့် ရွာမနီကျေးရွာများ၌ မေ ၁၂ ရက် ည ၇ နာရီက လေပြင်းတိုက်ခတ်မှုကြောင့် ဘုန်းကြီးကျောင်းများနှင့် လူနေအိမ်များ ပျက်စီးဆုံးရှုံးခဲ့ရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုများကြောင့် ပျက်စီးဆုံးရှုံးခဲ့သော ဘုန်းကြီးကျောင်းများနှင့် ကျေးရွာများသို့ ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ယနေ့နံနက် ၉ နာရီက သွားရောက်ပြီး ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်ခဲ့ကြောင်းသိရသည်။

**(ခရိုင် ပြန်/ဆက်)**



# ရေပိုထုတ်မြောင်းပေါင်ကျိုးပေါက်မှုကြောင့် နေအိမ်အချို့ရေများဝင်ရောက်

**တံတားဦး မေ ၁၇**

ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ်တွင် မေ ၁၆ ရက် ည ၁၀ နာရီက မိုးရေချိန် ၂ ဒသမ ၁၂ လက်မခန့် ရွာသွန်းမှုကြောင့် တံတားဦးမြို့နယ် ထန်းပေါက်ကုန်းကျေးရွာအုပ်စု ထန်းပေါက်ကုန်းကျေးရွာ နေအိမ်အချို့ရေများဝင်ရောက်ကြောင်း သိရသည်။

အဆိုပါ ရေဝင်မှုသည် ထန်းပေါက်ကုန်းကျေးရွာ၏ အရှေ့ဘက်ကပ်လျက်ရှိသော ကမ္ဘကန်တွင်မိုးရေများ ဝင်ရောက်ခဲ့သဖြင့် ရေပိုထုတ်မြောင်းပေါင်ကျိုးပေါက်မှုမှတစ်ဆင့် ထန်းပေါက်ကုန်းကျေးရွာအရှေ့ဘက် အနိမ့်ပိုင်းရှိ အိမ်ခြေ ၂၂ လုံး၊အိမ်ထောင်စု ၂၂ စုသို့ ၃ ပေခန့် ရေများဝင်ရောက်ခဲ့ပြီး လူနှင့်ကျွဲ၊ နွား တိရစ္ဆာန်များ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

ထိုရေပိုထုတ်မြောင်းပေါင် ကျိုးပေါက်မှုနှင့် ရေဝင်ရောက်သည့် နေရာများသို့ ယနေ့နံနက် ၁၀ နာရီတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှိုင်းမောင်မောင်နှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ ရေများတဖြည်းဖြည်း ပြန်လည်ကျဆင်း သွားပြီး ၁ ပေ ခန့်သာ ကျန်ရှိနေသည်။ ၎င်းရေပိုထုတ်မြောင်းပေါင် ကျိုးပေါက်ပျက်စီးသွားသည့် နေရာအား အမြန်ဆုံးပြုပြင်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ ဆည်မြောင်းဦးစီးဌာနသို့ အမြန်ဆုံးပြုပြင်ဆောင်ရွက်ပေးနိုင်ရေး ညွှန်ကြားခဲ့ကြောင်း သိရသည်။ **ရဲတင့်(ပြန်/ဆက်)**

# နှစ်နိုင်ငံတင်းမာနေသည့်ကြားက အမေရိကန်နှင့် တူရကီခေါင်းဆောင်များ ဆက်ဆံရေးကောင်းမွန်ရန်ကြိုးစား

**ဝါရှင်တန်ဒီစီ မေ ၁၇**

တူရကီသမ္မတ တေရစ်အာဒိုဂန်က ၎င်း၏နိုင်ငံသည် ဒေသတွင်း၌ ဆီးရီးယားကာ့ဒ်တိုက်ခိုက်ရေးသမားများကို လက်မခံကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်အား မေ ၁၇ ရက်က ပြောကြားခဲ့သော်လည်း အမေရိကန်နိုင်ငံက အဆိုပါ ကာ့ဒ်တိုက်ခိုက်ရေးသမားများကို လက်နက်ထောက်ပံ့ပေးမှုနှင့် ပတ်သက်ပြီး ၎င်းအနေဖြင့် တိုက်ရိုက်ဝေဖန်ပြောကြားမှုမလုပ်ခဲ့ပေ။

အိမ်ဖြူတော်အစည်းအဝေးတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က အကြမ်းဖက်ဝါဒကို အမြစ်ပြတ်ချေမှုန်းတိုက်ခိုက်ရာတွင် အာဒိုဂန်သည် အရေးကြီးသော မဟာမိတ်ဖြစ်ကြောင်း ချီးကျူးပြောကြားခဲ့သော်လည်း လွန်ခဲ့သောနှစ် အာဏာသိမ်းမှု မအောင်မြင်ဖြစ်ပြီးနောက် အာဒိုဂန်အနေဖြင့် ပြည်တွင်း၌ အာဏာသိမ်းရန်ကြိုးစားခဲ့သူများကို အရေးယူနှိမ်နင်းခဲ့မှုနှင့်ပတ်သက်ပြီး မည်သည့် စကားမျှပြောကြားခြင်း မပြုလုပ်ခဲ့ပေ။

မိမိတို့သည် ကောင်းမွန်သောဆက်ဆံရေးရှိပြီး အဆိုပါဆက်ဆံရေးအား ပိုမိုကောင်းမွန်အောင်လုပ်ဆောင်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရန့်က ပြောခဲ့သည်။



တူရကီသမ္မတ တေရစ်အာဒိုဂန်က ၎င်း၏ခရီးစဉ်သည် သမိုင်းတွင်ကျန်ရစ်မည့်ခရီးစဉ်ဖြစ်ပြီးနှစ်နိုင်ငံကြား ကောင်းမွန်သောဆက်ဆံရေးကို ဖော်ဆောင်နိုင်ခဲ့ကြောင်း ပြောခဲ့သည်။

ဆီးရီးယားကာ့ဒ်ဝိုင်ပီဂျီပြည်သူ့စစ်အဖွဲ့များအား အမေရိကန်က စစ်လက်နက်များထောက်ပံ့ခြင်းနှင့် ပတ်သက်ပြီး အမေရိကန်အပေါ်တူရကီက တင်းမာနေမှုသည် ယခုအခါအပြုသဘောဆောင်သောအခြေအနေသို့ ရောက်ရှိလာပြီလားဟု ထင်မှတ်ရမည်ဖြစ်သည်။

မေ ၉ ရက်က ထရန့်သည် ဆီးရီးယားရှိရက်ကွာဒေသကို အိုင်အက်စ်အကြမ်းဖက်သမားများ လက်မှ ပြန်လည်ရယူနိုင်ရန် ဝိုင်ပီဂျီအဖွဲ့အား စစ်လက်နက်များထောက်ပံ့ပေးသွားရန် အတည်ပြုခဲ့သည်ဟု အမေရိကန်အရာရှိများက ပြောခဲ့သည်။

တူရကီသည် အိုင်အက်စ်အကြမ်းဖက်သမားများကိုတိုက်ခိုက်ရာ၌ အမေရိကန်ဦးဆောင်အဖွဲ့၏ မိတ်ဖက်အဖွဲ့တစ်ဖွဲ့ဖြစ်ကြောင်း သိရသည်။ အာဒိုဂန်သည်ထရန့်အား ဝိုင်ပီဂျီအဖွဲ့နှင့် ပတ်သက်ပြီး လမ်းကြောင်းပြောင်းစဉ်းစားပေးရန် တိုက်တွန်းခဲ့သည်။

**(ရိုက်တာ)**

# ရုရှားနိုင်ငံ ဗော်လ်ဂိုဂရက်ဒ်မြို့၌ ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွား၊ သေဆုံးသူလေးဦးရှိလာ

**မော်စကို မေ ၁၇**

ရုရှားနိုင်ငံ ဗော်လ်ဂိုဂရက်ဒ်မြို့၌ ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ သေဆုံးသူလေးဦးအထိရှိလာပြီဖြစ်ကြောင်း ဒေသတွင်းသတင်းအေဂျင်စီက မေ ၁၇ ရက်က ပြောခဲ့သည်။

စတုတ္ထမြောက် သေဆုံးသူကို ဓာတ်ငွေ့ပေါက်ကွဲမှုကြောင့် ပျက်စီးခဲ့သော အိမ်ထဲမှဆွဲထုတ်ခဲ့ရကြောင်း သိရသည်။ ကနဦးသတင်းများအရ ၎င်းသည် ပေါက်ကွဲမှုဖြစ်ပွားချိန်တွင် အိမ်ထဲ၌ရှိနေသူဖြစ်ကြောင်း ဒေသတွင်းအရေးပေါ်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောခဲ့သည်။ ပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူမှာ ၁၁ ဦးအထိရှိကြောင်း သိရသည်။



မီးသတ်သမားများနှင့် ကယ်ဆယ်ရေးအဖွဲ့များသည် အခင်းဖြစ်ပွားရာနေရာ၌ ကူညီကယ်ဆယ်ရေးများကို ဆက်လက်ဆောင်ရွက်နေကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အစောပိုင်းတွင် စုံစမ်းသူများက သေဆုံးသူနှစ်ဦးကို မည်သူမည်ဝါဖြစ်ကြောင်း သိရပြီဖြစ်ကြောင်း ပြောခဲ့သည်။ ၎င်းတို့အနက်တစ်ဦးမှာ ဓာတ်ငွေ့အလုပ်သမားတစ်ဦးဖြစ်ကြောင်းသိရပြီး အခြားတစ်ဦးမှာ အမျိုးသမီးတစ်ဦး ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပေါက်ကွဲမှုသည် ယမန်နေ့ နေ့လယ်က လေးထပ်အဆောက်အအုံ၏ ပထမဆုံးထပ်၌ ပေါက်ကွဲခဲ့ခြင်း ဖြစ်ကြောင်းသိရသည်။

**(ဆင်ဟွာ)**

# ဆိုမာလီမြို့တော်၌ ကားဗုံးပေါက်ကွဲ၊ လူနှစ်ဦးသေဆုံး

**မိုဂါဒစ်ရှူး မေ ၁၇**

ဆိုမာလီမြို့တော်၌ မေ ၁၇ ရက်က တပ်ဖွဲ့ဝင်နှစ်ဦး ကားဗုံးစနက်တံဖြုတ်ရန်ကြိုးစားစဉ် ဗုံးပေါက်ကွဲသေဆုံးခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ဗုံးပေါက်ကွဲချိန်တွင် ၎င်းတို့သည် ကားဗုံးကိုတစ်စစီဖြုတ်ရန် ကြိုးစားနေချိန်ဖြစ်ကြောင်း ပုလိပ်မှူးနာအာမက်က ရိုက်တာသို့ ပြောကြားခဲ့သည်။

ထိုသို့ဖြစ်ပွားခဲ့ခြင်းနှင့်ပတ်သက်ပြီး မည်သည့်အဖွဲ့တွင်တာဝန်ရှိကြောင်း လတ်တလောတွင် မသိရသေးချေ။ သို့သော်လည်း အယ်လ်ရှာဘတ်စစ်သွေးကြွများသည် အစ္စလာမ္မစ်ဝါဒအား တစ်စတစ်စဖြန့်ကြက်မှုပြုသည့်အနေဖြင့် မိုဂါဒစ်ရှူးတွင် အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်တိုက်ပြုလုပ်နေကြောင်းသိရသည်။ **(ရိုက်တာ)**

# နိုင်ဂျီးရီးယားတွင် သေနတ်သမားများ၏တိုက်ခိုက်မှုကြောင့် လူ ၂၇ ဦးသေဆုံး

**နိုင်ဂျီးရီးယား မေ ၁၇**

သေနတ်သမားများ၏တိုက်ခိုက်မှုကြောင့် နိုင်ဂျီးရီးယားနိုင်ငံ အလယ်ပိုင်းနိုင်ဂျာပြည်နယ်တွင် စုစုပေါင်းလူ ၂၇ ဦးသေဆုံးခဲ့ကြောင်း ဒေသခံတာဝန်ရှိသူတစ်ဦးက မေ ၁၇ ရက်တွင် ပြောခဲ့သည်။ အဆိုပါတိုက်ခိုက်မှုကို နိုင်ငံတော်အရေးပေါ် အခြေအနေစီမံခန့်ခွဲရေးဌာန အကြီးအကဲ အီဘရာဟင်အင်ဂါက အတည်ပြုပေးခဲ့သည်။ သေနတ်သမားများသည် မော့ခ်ကွာခရိုင်ရှိ အီပိုဂျီအသိုင်းအဝိုင်းကို စီးနင်းတိုက်ခိုက်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောခဲ့သည်။

အဆိုပါဒေသကို သေနတ်သမားများသည် ယမန်နေ့များက ဝင်ရောက်တိုက်ခိုက်ခဲ့သောကြောင့် လူ ၂၁ ဦးသေဆုံးခဲ့ပြီး အခြားသုံးဦးမှာ ဆေးကုသမှုခံယူနေစဉ် မေ ၁၇ ရက်တွင် သေဆုံးခဲ့ကာသုံးဦးကို မြစ်ထဲမှတွေ့ရှိခဲ့ကြောင်းသိရသည်။ ယခုအခါတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အခင်းဖြစ်ပွားရာနေရာ၌ လိုအပ်သည် များကို ဆောင်ရွက်နေကြောင်း သိရသည်။ **(ဆင်ဟွာ)**

# တူရကီနိုင်ငံသားတစ်ဦးသေဆုံးပြီးနောက် နိုင်ငံခြားသား ၃၀၀ ကျော်နှင်ထုတ်ခံရ

**အန်ကာရာ မေ ၁၇**

တူရကီနိုင်ငံသားဒေသခံများနှင့် အာဖဂန်၊ ဆီးရီးယားနိုင်ငံသားအဖွဲ့တစ်ဖွဲ့တို့ ယမန်နေ့က ရန်ဖြစ်ကြရာ အသက် ၂၄ နှစ်ရှိ တူရကီလူငယ် ရာမန်ဇန်ဆာဟင်သေဆုံးခဲ့ပြီးနောက် အစ္စတန်ဘူလ် စူတန်ဂါဇီခရိုင်တွင် နေထိုင်သော နိုင်ငံခြားသား ၃၀၀ကျော်အား အဆိုပါဒေသမှ နှင်ထုတ်လိုက်ကြောင်း ဒေသတွင်းမီဒီယာများက မေ ၁၇ ရက်တွင် ဖော်ပြခဲ့သည်။

တရားမဝင်ပြောင်းရွှေ့လာသည်ဟု ယူဆရသော အာဖဂန်၊ ပါကစ္စတန်နှင့် ဆီးရီးယားနိုင်ငံသားများကို ညတွင်းချင်း စစ်ဆေးမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။ စစ်ဆေးမှုများပြုလုပ်ပြီးပါက ၎င်းတို့ကို အစ္စတန်ဘူလ်ပြင်ပရှိ ဒုက္ခသည်စခန်းများသို့ ပို့ဆောင်မည်ဟု ထင်ရကြောင်း ဒေသတွင်းနေ့စဉ်သတင်းစာတစ်စောင်တွင်ရေးသား ဖော်ပြထားသည်။ အဆိုပါနေရာတွင် ယခုအခါအဓိကရုဏ်းနှိမ်နင်းရေးရဲများစောင့်ကြပ်နေကြကြောင်း၊ ထို့အပြင်မော်တော်ယာဉ်များဖြင့်လည်း လှည့်ကင်းဆောင်ရွက်နေကြောင်း သတင်းဖော်ပြချက်များအရ သိရသည်။ **(ဆင်ဟွာ)**

# ဂျပန်မင်းသမီးလေးစေ့စပ်မှုကို ပြည်သူများနှစ်ခြိုက်

**တိုကျို မေ ၁၇**

ဂျပန်မင်းသမီးမာကို စေ့စပ်မှုသတင်းသည် အံ့သြစရာဖြစ်ခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် မေ ၁၇ ရက်က ဖော်ပြခဲ့သည်။ မင်းသမီးလေးမာကိုသည် တက္ကသိုလ်၌တွေ့ဆုံခဲ့သည့် ကေးကိုမူရိုနှင့် စေ့စပ်ကြောင်းလမ်းခဲ့ခြင်းဖြစ်ကာ ၎င်းသည် ဥပဒေကုမ္ပဏီတွင် အလုပ်လုပ်နေသူတစ်ဦးဖြစ်ကြောင်း တော်ဝင်သတင်းဌာနက ဖော်ပြခဲ့သည်။

နှစ်ဦးစလုံးမှာ အသက် ၂၅နှစ်သာရှိသေးကြောင်းသိရသည်။ ၎င်းတို့သည် လွန်ခဲ့သောငါးနှစ်က တွေ့ဆုံခဲ့ကြောင်းသိရသည်။ မင်းသမီးလေးသည် မင်းသားနှင့် မင်းသမီးအကီရှီနိုတို့၏ အကြီးဆုံးသမီးဖြစ်ကာ ဘုရင်ကြီးနှင့် ဘုရင်မကြီးတို့၏ မြေးဦးဖြစ်ကြောင်း သိရသည်။ **(အင်န်အိတ်ချ်ကေ)**

# အမေရိကန်တွင် လေဆင်နှာမောင်းတိုက်ခတ် လူတစ်ဦးသေဆုံးပြီး ၂၅ ဦးဒဏ်ရာရ

**ချီကာဂို မေ ၁၇**

အမေရိကန်ပြည်ထောင်စု ဝစ္စကွန်ဆင်ပြည်နယ် ဘာရွန်စီရင်စုတွင် မေ ၁၇ ရက်က လေဆင်နှာမောင်းတိုက်ခတ်သွားရာတစ်ဦးသေဆုံးပြီး အခြား၂၅ဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသတွင်းသတင်းမီဒီယာများတွင် ဖော်ပြခဲ့သည်။

လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် ချီတက်မြောက်ပိုင်း Prairie Lakes Estates ရှိ ရွေ့လျားအိမ်ရာများမှာ ပျက်စီးမှုအများဆုံး ဖြစ်ကြောင်း ဘာရွန်စီရင်စုမှ ပြောရေးဆိုခွင့်ရှိသူ ရှုရစ်ဖ်ခရစ်ဖစ်ဇ်ဂျီရဲလ်က ဒေသတွင်းမီဒီယာသို့ ပြောကြားခဲ့သည်။ လေဆင်နှာမောင်းတိုက်ခတ်ခံရသည့် မြင်ကွင်းများမှာ ဝမ်းနည်းဖွယ်အတိ ဖြစ်နေကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အရေးပေါ်ကယ်ဆယ်ရေးယာဉ်များသည် အခင်းဖြစ်ပွားရာနေရာသို့ ထွက်ခွာသွားပြီးဖြစ်ကြောင်း ချီတက်မြို့တော်ဝန် ဂျက်ဖ်မာတင်က ဒေသတွင်းရုပ်မြင်သံကြားသို့ပြောခဲ့သည်။ အဆိုပါ နေရာ၌ ရွေ့လျားအိမ် ၅၀ ကျော်ရှိမည်ဟု ခန့်မှန်းရကြောင်း ၎င်းကပြောခဲ့သည်။

အဆိုပါဒေသကို လေဆင်နှာမောင်းသည် ဒေသစံတော်ချိန် ညနေ ၅ နာရီခွဲတွင် ဝင်ရောက်တိုက်ခတ်သွားခဲ့ကြောင်း အမျိုးသားရာသီဥတုဌာနက သတင်းဖော်ပြခဲ့သည်။ ရွေ့လျားအိမ်ရာများသည် လေဆင်နှာမောင်းတိုက်ခတ်ချိန်တွင် အန္တရာယ်အရှိဆုံးဖြစ်ကြောင်း အမျိုးသားရာသီဥတုဌာနက ဆက်လက်ဖော်ပြသည်။

**(ဆင်ဟွာ)**



# မောင်တောမြို့မဟာဗန္ဓုလပန်းခြံကို ကျပ်သိန်းပေါင်း ၂၀၀ ကျော်အကုန်အကျခံ အဆင့်မြှင့်မွမ်းမံမည်

**မောင်တော မေ ၁၇**

ရခိုင်ပြည်နယ် မောင်တောမြို့ပေါ်ရှိ ပြည်သူများနားခိုရာ မဟာဗန္ဓုလပန်းခြံဟောင်းကို မောင်တောမြို့ စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းလုပ်ငန်းဆောင်ရွက်မှုအနေဖြင့် အဆင့်မြှင့်တင်ဖော်ဆောင်သွားမည်ဖြစ်ကြောင်းမောင်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

"ဒီနှစ်ငွေလုံးငွေရင်း အသုံးစရိတ်ထဲမှာ မြို့ပေါ်ပန်းခြံကိုအဆင့်မြှင့်တင်ဖို့ ပြည်နယ်အစိုးရက ညွှန်ကြားလာတယ်။ ဒါကြောင့် အခု၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်မှာ မောင်တောမြို့ပေါ်မှာရှိတဲ့ မဟာဗန္ဓုလပန်းခြံကိုအဆင့်မြှင့်တင်ဖို့ ငွေလုံးငွေရင်းလုပ်ငန်းဆောင်ရွက်မှု လျာထားချက်ထဲမှာ ထည့်သွင်းထားတာပါ။ အရင် ၂၀၁၆-၂၀၁၇ ကတော့ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေရှာပေးတဲ့ငွေနဲ့ ကွန်ကရစ်လမ်းကိုတော့ ခင်းခဲ့တယ်။ အခုဒီနှစ်မှာတော့ ပြည်နယ်အစိုးရညွှန်ကြားမှုနဲ့ အကြီးစားပြင်ဆင်မွမ်းမံ အဆင့်မြှင့်တင်မှုလုပ်ငန်းရှစ်ခုကို အကောင်အထည်ဖော်လုပ်ဆောင်သွားမှာပါ"ဟု မောင်တောမြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမောင်တင်ဦး (လက်ထောက်ညွှန်ကြားရေးမှူး)က ပြောသည်။

မောင်တောမြို့နယ် စည်ပင်သာယာအနေဖြင့် အဆင့်မြှင့်တင်မွမ်းမံမည့် မဟာဗန္ဓုလပန်းခြံကို ယခုနှစ် ၂၀၁၇-၂၀၁၈ ငွေလုံးငွေရင်းလုပ်ငန်းဆောင်ရွက်မည့် မြို့ပြ (အခြား) အနေဖြင့် လုပ်ငန်းရှစ်ခုကို ခန့်မှန်းကုန်ကျငွေကျပ် ၂၄၀၅၉၀၀၀ လျာထားပြီး လုပ်ဆောင်သွားမည်ဖြစ်သည်။ ယင်းပန်းခြံကို အဆင့်မြှင့်တင်မှုလုပ်ငန်း ရှစ်ခုတွင် ကလေးများ ကစားစရာ လျှောစောက်များ၊ ဒန်းများ၊ ကစားကွင်းများ၊ ထိုင်ခုံများ၊ ပန်းအလှပင်များစသည့် လုပ်ငန်းများ ထည့်သွင်းအဆင့်မြှင့်လုပ်ဆောင်သွားမည်ဖြစ်ပြီး နောင်နှစ်ဘတ်ဂျက်များတွင်လည်း ယခုကဲ့သို့ ထည့်သွင်းကာ ပြည်သူများနားခိုနိုင်ရန် အဆင့်မြှင့်တင်မွမ်းမံမှုလုပ်ငန်းများကို မောင်တောမြို့ စည်ပင်သာယာအနေဖြင့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်းသိရသည်။ ရခိုင်ပြည်နယ်အစိုးရသည် ယခုနှစ်ဘတ်ဂျက်တွင် ပြည်နယ်တွင်းရှိ မြို့ကြီးများ၌



မောင်တောမြို့ မဟာဗန္ဓုလပန်းခြံကို မြင်တွေ့ရစဉ်

မြို့အင်္ဂါရပ်နှင့်အညီ ပြည်သူများနားခိုအပန်းဖြေနိုင်ရန်ရှိပြီး ပန်းခြံဟောင်းများကို အဆင့်မြှင့်တင်မွမ်းမံရန်နှင့် မရှိသေးသောမြို့များတွင် ပန်းခြံသစ်များ အကောင်အထည် ဖော်တည်ဆောက်ရန် ညွှန်ကြားမှုများပေးခဲ့မှုကြောင့် ယခုကဲ့သို့ မောင်တောမြို့နယ် စည်ပင်သာယာအနေဖြင့် ဆောင်ရွက်ရန် လျာထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီမဟာဗန္ဓုလ ပန်းခြံက မြို့ပေါ်မှာ ရှိပေမယ့် ပန်းခြံနဲ့မတူဘူး။ အထဲမှာလည်း အရိပ်ရ အပင်တွေရှိပေမယ့် ပြည်သူတွေအနေနဲ့ နားခိုအပန်းဖြေဖို့ နေရာမရှိဘူးဖြစ်နေတယ်။ တကယ်ဆို သက်ဆိုင်ရာအဖွဲ့အစည်းတွေအနေနဲ့ စီစဉ်ဆောင်ရွက်ပေးသင့်တာ ကြာပြီ။ အရင် ၁၀ နှစ်ဝန်းကျင်ကတော့ ပန်းခြံက သပ်သပ်ရပ်ရပ်ကလေးနဲ့ လူတွေ အနည်းအကျဉ်း ဝင်ထွက်သွားလာကြသေးတယ်။ ခုနောက်ပိုင်းတော့ အထဲမှာ နွားတွေဝင်ကျောင်းနေတာကိုပဲ နေ့စဉ်နီးပါး မြင်တွေ့နေရတယ်။ တကယ်တော့ ဒီပန်းခြံဟာ ပြည်သူ့ဘဏ္ဍာနဲ့ ဆောက်ခဲ့တာပဲ။ အထဲမှာလည်း ကျောက်တိုင်ရော၊ စစ်သူကြီးမဟာဗန္ဓုလရုပ်တုကြီးပါ တည်ထားတာတွေရှိတယ်။ ဒါတွေကို သက်ဆိုင်ရာအနေနဲ့ စည်းကမ်းတကျ ထိန်းကျောင်းဖို့တော့ လိုတာပေါ့" ဟု မောင်တောမြို့ မြို့မအရှေ့ရပ်ကွက်မှ ဦးသာစံလှက ပြောသည်။

မောင်တောမြို့ပေါ်ရှိ မဟာဗန္ဓုလပန်းခြံကို ၁၉၉၇ ခုနှစ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအစိုးရလက်ထက်တွင် ခရိုင်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ဦးဆောင်ကြီးကြပ်ကာ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ထိုစဉ်က ပန်းခြံထဲတွင် တည်ဆောက်ခဲ့သော စစ်သူကြီးမဟာဗန္ဓုလရုပ်တု၊ ဗိုလ်ချုပ်ကျောက်တိုင်နှင့် သီရိမင်္ဂလာခန်းမတို့တည်ရှိပြီး ယခုအခါ အဆိုပါခန်းမအတွင်း၌ ပွဲလမ်းသဘင်အချို့နှင့် ရိုးရာပွဲများကျင်းပသော်လည်း ပန်းခြံတွင်းသို့ လာရောက်အပန်းဖြေအနားယူသည့် ပြည်သူများမရှိဘဲ ပန်းခြံဝင်ပေါက်မှာလည်း နေ့စဉ်ပိတ်ထားလျက်ရှိကြောင်း သိရသည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မောင်မောင်သန့်(ကြေးမုံ)**

# ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဝပိတ်ကျေးရွာပြန်လည်နေရာချထားရေး ကော်မတီဝင်များနှင့် တွေ့ဆုံ

**မောင်တော မေ ၁၇**

ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း ဖြစ်ပွားခဲ့သော ဖြစ်စဉ်ကြောင့် မီးလောင်ပျက်စီးသွားသည့် ကျေးရွာများအား နိုင်ငံတော်အနေဖြင့် အမြန်ဆုံး ပြန်လည်နေရာချထားပေးနိုင်ရေးကော်မတီများဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိရာ ယင်းဆောင်ရွက်မှုအခြေအနေများကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီးထိန်လင်းက ကျေးရွာများ ပြန်လည်နေရာချထားရေး ကော်မတီဝင်များနှင့် ယနေ့ ညနေ ၄ နာရီတွင် မောင်တောမြို့ ခရိုင်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။




ရခိုင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ကျေးရွာပြန်လည်နေရာချထားရေးကော်မတီဝင်များနှင့် တွေ့ဆုံစဉ်

အစည်းအဝေးတွင် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက နိုင်ငံတော်အနေဖြင့် လက်ရှိမီးလောင်ပျက်စီးသွားသောနေအိမ်များကို ကျေးရွာပြည်သူလူထုအနေဖြင့် မိုးမကျမီ အပြီးနေရာချထားပေးလိုကြောင်း၊ ပြည်သူများ အဆင်ပြေပြေ နေနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအနေ ဖြင့် ဘက်ပေါင်းစုံမှ ကူညီဆောင်ရွက်ပေးစေလိုကြောင်း၊ ပြည်သူနှင့်တစ်သားတည်း လိုအပ်သည်များကို တတ်နိုင်သမျှ ဖြည့်စွမ်းပေးရန်လိုကြောင်း၊ နိုင်ငံတော်၏ အကောင်အထည်ဖော်လုပ်ဆောင်ချက်များကို ဒေသခံပြည်သူများလိုက်ပါ ဆောင်ရွက်နိုင်ရေး ညွှန်ကြားမှုပေးရန်လိုကြောင်းစသည့်အချက်များကို ပြန်လည်နေရာချထားရေးကော်မတီအဖွဲ့ဝင်များအားတွေ့ဆုံစဉ် မှာကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသော ပြန်လည်နေရာချထားရေးကော်မတီအဖွဲ့ဝင်များက အခင်းဖြစ်ပွားပြီးနောက် မီးလောင်ပျက်စီးသွားသော နေအိမ်များကို ပြန်လည်အစားထိုး မြေနေရာများချထားပေးရာတွင် စတင်အကောင်အထည်ဖော် သည့်နေ့မှစ၍ ယနေ့တိုင် ဒေသခံပြည်သူများနှင့် ညှိနှိုင်း လုပ်ဆောင်လျက်ရှိကြောင်း၊ တချို့ကျေးရွာများမှာ ကနဦး အစောပိုင်းတွင် ပြန်လည်အစားထိုး မြေနေရာချထားပေးမှုနှင့် နိုင်ငံတော် မှ ငွေကြေးပိုင်း ဆိုင်ရာကအစ ကူညီထောက်ပံ့ပေးမှုအပေါ် သဘောတူညီမှုများရှိကြောင်း၊ နောက်ပိုင်းတွင် တချို့ဒေသခံများမှာ နောက်မှကြိုးကိုင်သည့် ပြည်တွင်း / ပြည်ပ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှုအပေါ် ရောယောင်ကာ တရားမဝင်တောင်းဆိုမှုများ ရှိလာကြောင်း၊ ယင်းတောင်းဆိုမှုများအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် လိုက်လျောပေးနိုင်မှုများကို လိုက်လျောပေးခဲ့သော်လည်း အပြုသဘောကို မဆောင်ဘဲ၊ အဖျက် သဘောကိုသာ ရှေးရှုနေကြောင်း၊ ထို့အတွက်ကြောင့် နိုင်ငံတော်မှ တာဝန်ပေးအပ်သော ကော်မတီဝင်အဖွဲ့ဝင်များအနေဖြင့် အချိန်ပေးရသလောက် ဒေသခံပြည်သူလူထုလိုက်ပါဆောင်ရွက်မှု အားနည်းနေ၍ ညွှန်ကြားမှုများပေးရန် လိုအပ်ပါကြောင်း စသည်ဖြင့် ကျေးရွာ ပြန်လည်နေရာချထားရေးကော်မတီအဖွဲ့ဝင်များက ပြည်နယ်ဝန်ကြီးထံ တင်ပြကြသည်။

ရခိုင်ပြည်နယ် မောင်တောခရိုင်တွင် အခင်းဖြစ်ပွားမှုကြောင့် ကျေးရွာအုပ်စုကိုးအုပ်စုမှ ကျေးရွာ ၁၃ ရွာမီးလောင်ပျက်စီးသွားခဲ့ပြီး ယခုအခါ အဆိုပါ မီးလောင်ပျက်စီးသွားသော ကျေးရွာများထဲမှ ကျီးကန်းပြင်ကျေးရွာအုပ်စုတွင်းရှိ ဝပိတ်ကျေးရွာကို ဒေသခံပြည်သူများအား မြေနေရာပြန်လည်နေရာချထားပေးရေးနှင့် နိုင်ငံတော်မှ လိုအပ်သောကူညီ ထောက်ပံ့ပေးနိုင်မှုများကို မိုးမကျမီအပြီး လုပ်ဆောင်ပေး လျက်ရှိသော်လည်း တချို့ INGO၊ NGO၊ UN စသည့် အဖွဲ့အစည်းများ၏ မတူညီကွဲပြားသည့် အမြင်များကြောင့် လုပ်ငန်းစဉ်များ နှောင့်နှေးကြန့်ကြာမှုများ ရှိနေရကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးသို့ ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးထိန်လင်း၊ မောင်တောခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်၊ မောင်တောခရိုင်ရဲတပ်ဖွဲ့မှူး၊ မောင်တောမြို့နယ်အုပ်ချုပ်ရေးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ကျေးရွာပြန်လည်နေရာချထားရေးကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

**သတင်း- မင်းခေတ်၊**
**ဓာတ်ပုံ- မိုးမခ**



နိုင်ငံတော်က မီးလောင်ကျေးရွာများ ကနဦးပြန်လည်နေရာချထားပေးသည့် ဝပိတ်ကျေးရွာ ကွက်သစ်များရိုက်ထားမှုကို တွေ့ရစဉ်

# စစ်တွေမြို့၌ လူထုကျန်းမာရေးညီလာခံ ကျင်းပ

**စစ်တွေ မေ ၁၇**

ရခိုင်ပြည်နယ်၏ လူထုကျန်းမာရေးညီလာခံ (People Health Assembly Rakhine State) ကို စစ်တွေမြို့ဦးဉတ္တမခန်းမ၌ ယနေ့ နံနက် ၈ နာရီခွဲက ကျင်းပရာ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ တက်ရောက်ပြီး အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ တိုင်းရင်းဆေးဦးစီးဌာနများမှ ပြည်နယ်ဦးစီးဌာနမှူးများက မိမိတို့ကဏ္ဍအလိုက် ရှင်းလင်းတင်ပြပေးကြသည်။ ထို့နောက် တက်ရောက်လာကြသူများက မေးခွန်းများ မေးမြန်းခြင်း၊ အကြံပြုခြင်းများကို ပြုလုပ်ကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းဖြေကြားပေးကြသည်။ အခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ လူမှုအဖွဲ့အစည်းများ၊ မြို့သူမြို့သားများ၊ စိတ်ပါဝင်စားသူများနှင့် မြို့နယ်အသီးသီးမှ ကျန်းမာရေးနှင့်ဆိုင်သော ဦးစီးဌာနမှူးများ တက်ရောက်ကြောင်း သိရသည်။

**ကိုကြီးစော**

# မီးလောင်မှုဖြစ်သည့် ဇေယျာသောင်းအမြန်ရေယာဉ်မှ ခရီးသည်များ ဇွဲရတနာရေယာဉ်ဖြင့် ခရီးထွက်ခွာ

**ကနီ မတ် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် ဘုမ္မဇင်းကျေးရွာအုပ်စု တအုံကျေးရွာအနီး ချင်းတွင်းမြစ်ကမ်း အရှေ့ဘက်ကပ်လျက် မောင်းနှင်လာသော မုံရွာ-ခန္တီး ဇွဲထက်နိုင်အမြန်ရေယာဉ်အသင်းမှ ဇေယျာသောင်းအမြန်ရေယာဉ်သည် မေ ၁၅ ရက် နံနက် ၄ နာရီမှ စတင်ကာ မုံရွာမြို့မှ ခန္တီးသို့ ခရီးသည် ၄၆ ဦး တင်ဆောင်ကာထွက်ခွာလာစဉ် နံနက် ၉ နာရီ တွင် စက်အပူရှိန်လွန်ကဲကာ တအုံကျေးရွာအနီးအရောက်တွင် မီးလောင်မှုဖြစ်ပွား၍ အမြန်ရေယာဉ် ပေါ်ရှိ တာဝန်ရှိသူတို့နှင့် ခရီးသည်တို့က ဝိုင်းဝန်းငြိမ်းသတ်သဖြင့် နံနက် ၉ နာရီ ၁၅ မိနစ်တွင် မီးလောင်မှု လုံးဝငြိမ်းသွားသည်။ မီးလောင်မှုကြောင့် မော်တော်ဆိုင်ကယ် တစ်စီးနှင့် တရုတ်နီအင်ဂျင်စက်တစ်လုံး ပျက်စီးဆုံးရှုံးခဲ့ပြီး ခရီးသည်တစ်ဦးတစ်ယောက်မျှ ထိခိုက်ဆုံးရှုံးမှုမရှိကြောင်း သိရသည်။

အဆိုပါ ဇေယျာသောင်းအမြန်ရေယာဉ်မီးလောင်မှုကြောင့် ဇွဲထက်နိုင်အမြန်ရေယာဉ်အသင်းမှ တာဝန်ရှိသူများက အမြန်ရေယာဉ်နှစ်စင်းဖြင့် မီးလောင်မှုဖြစ်ပွားရာနေရာသို့ ရောက်ရှိလာပြီး ခရီးသွားပြည်သူများအား စားသောက်ရေးအတွက် ထမင်းဘူး၊ ရေဘူးများ၊ စားစရာမုန့်များကို လည်းကောင်း၊ ဖြစ်ပွားရာ ပတ်ဝန်းကျင် ကျေးရွာအနီးမှ ပြည်သူများကလည်း ထမင်းထုပ်၊ စားစရာ မျိုးစုံတို့ကို လည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထို့နောက် မီးလောင်မှုဖြစ်ပွားရာ ဇေယျာသောင်းအမြန်ရေယာဉ်ပေါ်ရှိ ခရီးသည်များအား ထပ်မံရောက်ရှိလာသည့် ဇွဲရတနာအမြန်ရေယာဉ်ပေါ်သို့ ပြောင်းရွှေ့ပေးကာ ညနေ ၄ နာရီတွင် အဆိုပါ တအုံကျေးရွာမှ ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် ဆက်လက်ထွက်ခွာလာကာ သင်တောကျေးရွာတွင် ညအိပ်ရပ်နားပြီး မတ် ၁၇ ရက် နံနက် ၆ နာရီက အဆိုပါ ကျေးရွာမှ ခန္တီးမြို့သို့ ဆက်လက် ထွက်ခွာသွားကြောင်း၊ မော်လိုက်မြို့သို့ နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် ဆိုက်ကပ်၍ ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။

အဆိုပါ ဇွဲထက်နိုင်အမြန်ရေယာဉ်အသင်းမှ ဇေယျာသောင်းအမြန်ရေယာဉ်ပေါ်တွင် လိုက်ပါလာသူ ခရီးသည်တစ်ဦးက “ အခုလိုဖြစ်ရတာ စိတ်မကောင်းဖြစ်တယ်။ အခု အမြန်ရေယာဉ်က လိုင်းအသစ်လည်းဖြစ်၊ စားသောက်ရေးကအစ နံနက်စာ၊ ညစာ ထမင်းထုပ်တို့၊ သောက်ရေသန့်တို့ကို ဝန်ဆောင်မှုအပြည့်ပေးတယ်။ ရေယာဉ်ဝန်ထမ်းများအားလုံးကလည်း သတိလည်း ရှိကြတယ်။ ဖြည်းဖြည်းပဲ မောင်းတယ်။ ဆက်ဆံရေးလည်း အားလုံးအဆင်ပြေ ကျေပွန်ကြတယ်။ အခုလို တစ်စုံတစ်ခုဖြစ်ပွားသွားတဲ့အတွက် ခရီးသည်များအားလုံးလိုလို ဝမ်းနည်းစိတ်မကောင်း ဖြစ်ရပါတယ်။ အခုလို ဇွဲရတနာအမြန်ရေယာဉ်နဲ့ ခရီးသွားတွေကို အစစအရာရာ အခက်အခဲမရှိ အချိန်မီအဆင်ပြေအောင် စီစဉ်ဆောင်ရွက်ပေးလို့ တာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်” ဟု ပြောကြားသည်။ **ထွန်းကိုကို(ယင်းမာပင်)**

# ရေပူနှင့်မရမ်းချောင်တွင် တရားမဝင်ကုန်စည်များတားဆီးထိန်းချုပ်

**နေပြည်တော် မေ ၁၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၁၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၇၅ စီး၊ သွင်းကုန် ၄၈၈ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၄၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။



သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော စားသောက်ကုန်ပစ္စည်းများနှင့် သယ်ဆောင်လာသည့်ယာဉ်

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၁၆ ရက် ရေပူ အမြဲတမ်းစစ်ဆေးစခန်းက တားဆီးမှု ၁၃ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၃ ဒသမ ၂၄၆ သန်းခန့်နှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၀၉၃၆ သန်းခန့် စုစုပေါင်း ၁၄ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၅ ဒသမ ၃၃၉၆ သန်းခန့် ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၁၆ ရက်က ဘုရားကြီးမြို့အဝင် တိုးဂိတ်အနီး၌ Mitsubishi Fuso ၁၂ ဘီးယာဉ်ကို ပဲခူးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှူးရုံး တာဝန်ကျအကောက်ခွန်စစ်ဆေးရေးအဖွဲ့မှ တားဆီးစစ်ဆေးခဲ့ရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော ပဲနို့ (125ml x 60)(20) Pkgs, Lipo (100 ml x 50) (20) Pkgs, Vermicelli (55gx30x6) (45) Pkgs, Birdy Coffeemix (30x24) (20) Pkgs,Yum Yum ခေါက်ဆွဲခြောက် (1x30) (150) Pkgs နှင့် သယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀ ဒသမ ၇၂၅ သန်းခန့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကားအရှိန်လွန်၍ ငမိုးရိပ်ချောင်းအတွင်းထိုးကျ

**ရန်ကုန် မေ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၃၃) ရပ်ကွက် ဆရာစံလမ်းအတိုင်း အရှေ့မှ အနောက်သို့ မောင်းနှင်လာသော အေဒီဗင်အမျိုးအစား ယာဉ်အမှတ် YGN-BB/---သည် မေ ၁၇ ရက် နံနက် ၀၀း၃၀ နာရီတွင် အရှိန်လွန်ပြီး ငမိုးရိပ်ချောင်းအတွင်း ထိုးကျခဲ့ရာ ကားပေါ်ပါ အမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။



အဆိုပါယာဉ်ကို မေ ၁၇ ရက် နံနက်ပိုင်းတွင် ငမိုးရိပ်ချောင်းအတွင်းမှ ဆယ်ယူရေးအဖွဲ့များ ဖြစ်ကြသည့် မြန်မာနိုင်ငံ မီးသတ်နှင့်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့များက ချောင်းအတွင်းမှ ပြန်လည်ဆယ်ယူခဲ့ကြသည်။ ချောင်းအတွင်းထိုးကျသည့် ယာဉ်အား မဆင်မခြင် မောင်းနှင်သူ ယာဉ်မောင်း (စုံစမ်းဆဲ) ကို ဒဂုံမြို့သစ်(မြောက်ပိုင်း) ယာဉ်ထိန်းရဲတပ်ဖွဲ့ယာဉ်မှုစစ်က အရေးယူဆောင်ရွက်ထားကြောင်း သိရှိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ရေးမြို့နယ်အတွင်း လက်နက်ပြ ခြိမ်းခြောက်ငွေတောင်းယူသူအား ဖမ်းဆီးရမိ

**ရေး မေ ၁၇**

မွန်ပြည်နယ် ရေးမြို့နယ် ခေါဇာနယ်မြေအတွင်း လက်နက်ပြ ခြိမ်းခြောက်ငွေတောင်းသူ နိုင်အကြိုင်(ခ)မောင်ဝင်းအား မွန်ပြည်သစ်ပါတီ ရေးတောင်ပိုင်းမြို့နယ်ရုံး ဝယ်ဇင်စခန်းတွင် မေ ၁၇ ရက် နံနက် ၁၀ နာရီ ၄၅မိနစ်က မွန်ပြည်သစ်ပါတီ ခရိုင်အလုပ်အမှုဆောင်နှင့် အဖွဲ့ဝင်တို့က မြို့နယ်ရဲတပ်ဖွဲ့ထံ လွှဲပြောင်းပေးခဲ့ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးမြင့်သော်က ပြောသည်။

လွှဲပြောင်းရရှိထားသော နိုင်အကြိုင် (ခ) မောင်ဝင်းအား ရေးမြို့မရဲစခန်းအချုပ်တွင် ချုပ်နှောင်ထားရှိကြောင်း၊ မြို့နယ်ရဲတပ်ဖွဲ့က အသေးစိတ်စစ်ဆေးမှုများ ပြုလုပ်နေကြောင်း ရဲမှူးမြင့်သော်က ဆက်လက်ပြောကြားသည်။

နိုင်အကြိုင် (ခ) မောင်ဝင်းသည် လွန်ခဲ့သော ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်က အလင်းဝင်ခဲ့သူ နိုင်မွန်ချမ်းအဖွဲ့မှဖြစ်ပြီး သဲခုံးကျေးရွာနေ ဦးမြင့်သိန်း၊ ဦးလှဦး၊ ဒေါ်ကြည်၊ ဒေါ်အေးဝင်း စသည့် ကျေးရွာနေပြည်သူများထံမှ စုစုပေါင်း ငွေကျပ် ၃၄ သိန်းခန့်ငွေနှင့် ရွှေထည်ပစ္စည်းများကို သေနတ်ကိုင် ခြိမ်းခြောက်တောင်းယူထားသဖြင့် ခေါဇာနယ်မြေရဲစခန်းက (ပ)၈/၂၀၁၇ ရာဇသတ်ကြီးပုဒ်မ -၃၉၂ အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **နေမျိုးထွဋ် (ရေး)**





# ထမင်းချက်ရာမှ စက်သုံးဆီပုံးများသို့ကူးစက်ပြီး မီးလောင်မှု ပေါက်တောမြို့၌ ဖြစ်ပွား

**ပေါက်တော မေ ၁၇**

ရခိုင်ပြည်နယ်ပေါက်တောမြို့၌ ယနေ့ နံနက်ပိုင်းက မီးလောင်မှုဖြစ်ကာ **(အပေါ်ပုံ)** နေအိမ်နှင့် ဆိုင်ခန်းများ ဆုံးရှုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပေါက်တောမြို့ရပ်ကွက် (၃) ရွှေပြည်တန် အမြန်ယာဉ် ဆိပ်ကမ်းအနီး ဦးနိုင်နိုင်ထွန်း၏ နေအိမ်တွင် ထမင်းချက်ရာမှတစ်ဆင့် မီးစတင်လောင်ကာ ရောင်းချနေသောစက်သုံးဆီပုံးများကို ကူးစက်သွားသည်။ မီးသည် နံနက် ၈ နာရီ မိနစ် ၂၀ တွင် စတင်လောင်ကျွမ်းပြီး ဓာတ်ဆီများသို့ကူးသွားရာ ငြိမ်းသတ်မရဖြစ်ပြီး အနီးနားရှိဆိုင်များ၊ အိမ်များသို့ ကူးစက်သွားသည်။ မီးလောင်ရာသို့ ပေါက်တောမြို့ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်တစ်စီးနှင့် ပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြသည်။ ထို့နောက် မင်းပြားမှ မီးသတ်ယာဉ်နှစ်စီးနှင့် မီးသတ်တပ်ဖွဲ့ဝင်များရောက်ရှိလာပြီး ဝိုင်းဝန်းပူးပေါင်းငြိမ်းသတ်ကြရာ နံနက် ၉နာရီ ၄၅ မိနစ်ခန့်တွင် မီးညွန့်ကျိုးသွားပြီး နံနက် ၁၀ နာရီ ၅ မိနစ်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

မီးလောင်ရာတွင် ဒဏ်ရာရရှိသူ စုစုပေါင်း ၁၅ ဦး၊ လူနေအိမ်နှင့်ဆိုင်ခန်းပေါင်း ၁၄ ခန်းဖြစ်ပြီး မီးလောင်ဒဏ်ရာရရှိသူများမှ ပြင်းထန်ဒဏ်ရာရရှိသူ အမျိုးသား ၄ ဦးအား စစ်တွေဆေးရုံကြီးသို့ လွှဲပြောင်းပေးခဲ့ပြီး ကျန်လူနာများကို ပေါက်တောဆေးရုံ၌ ကုသလျက်ရှိကြောင်း သိရသည်။

ရခိုင်ပြည်နယ် ဝန်ကြီးများသည် မီးလောင်ဆုံးရှုံးသူများအား သွားရောက်အားပေးကာ လိုအပ်သောထောက်ပံ့မှုများကို ပေးအပ်ခဲ့ကြောင်း၊ စစ်တွေနှင့် မင်းပြား အခြေစိုက် တပ်ရင်းများမှ တပ်မတော်သားများသည်လည်း မီးလောင်နေရာများကို လာရောက်ရှင်းလင်းပေးလျက်ရှိကြောင်း သိရသည်။

**သတင်း-ကိုကြီးစော**

**ဓာတ်ပုံ-ကျော်ဆန်း** (PTW)



# ဘူးသီးတောင်မြို့ ဆိုင်ကယ်ရောင်းဝယ်ရေးဆိုင်၌ ပေါ့ဆမှုကြောင့် မီးလောင်မှုဖြစ်ပွား

**နေပြည်တော် မေ ၁၇**

ဘူးသီးတောင်မြို့ မြို့သစ်တောင်ရပ်ကွက် ဗိုလ်ချုပ်လမ်းနှင့် ပြည်တော်သာလမ်းထောင့် ဇော်ဆန်း ဆိုင်ကယ်ရောင်းဝယ်ရေးဆိုင်၌ ယနေ့ နံနက် ၃ နာရီခွဲခန့်က ဆိုင်ကယ် ဓာတ်ဆီတိုင်ကီ အပူလွန်ကဲရာမှ မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် ၎င်းဆိုင်နှင့်ကပ်လျက် ဆိုင်ခန်းခြောက်ခန်း မီးကူးစက်လောင်ကျွမ်းခဲ့ပြီး တန်ဖိုးငွေကျပ် ၂၅ သိန်းခန့် ဆုံးရှုံးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မူဆယ်မြို့၌ မီးထိန်းစက်အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွား

မူဆယ် မေ ၁၇

**ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့ ဟိုမွန်ရပ်ကွက် ပြည်ထောင်စုလမ်းမကြီးဘေး ကုံကော်လမ်းခွဲအနီး ဒေါ်နန်းခေါင်၏ နံကပ်၊ အုတ်ညှပ်၊သွပ်မိုး၊ နှစ်ထပ်နေအိမ်တွင် မေ ၁၇ ရက် နံနက် ၂ နာရီ ၄၅ မိနစ်ခန့်က မီးထိန်းစက်အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။**

အခင်းဖြစ်ပွားရာသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရိန်နှင့် တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ သန္ဓေ/ အရန်မီးသတ်ယာဉ် ၁၅ စီး၊ အုပ်ချုပ်မှု ယာဉ်ငါးစီးတို့ဖြင့် ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ နံနက် ၂နာရီ ၅၅ မိနစ်တွင် မီးထိန်း နိုင်ခဲ့ပြီး နံနက် ၃ နာရီ မိနစ် ၂၀ တွင် မီးငြှိမ်းသတ် နိုင်ခဲ့ကြောင်း သိရသည်။

**မီးလောင်မှုကြောင့်သေဆုံး**

အဆိုပါဒေါ်နန်းခေါင်၏ နေအိမ် ပေ၂၀ ပတ်လည် အခန်းကာရံထားရှိကာ မီးစတင်လောင်ကျွမ်းသည့် အခန်းတွင် အိမ်ရှင်မိသားစုနေထိုင်ကာ အခြားအခန်းအား ကမ္ဘောဇဘဏ်ခွဲ(၃)ကို ငှားရမ်းထားရှိပြီး မီနီဘဏ် ခွဲဖွင့်လှစ်ထားရှိကြောင်း၊ မီးလောင်မှုကြောင့် အိမ်တစ်လုံး မီးလောင် ဆုံးရှုံးခဲ့ပြီး အိမ်ရှင်ဒေါ်နန်းခေါင်နှင့် သမီးဖြစ်သူ ဒေါ်နန်းရွှေဒွေး (သူနာပြု) မူဆယ် ပြည်သူ့ဆေးရုံတို့ နှစ်ဦးမှာ မီးလောင်သေဆုံးသွားကြောင်း သိရသည်။

**အရေးယူဆောင်ရွက်**

အဆိုပါမီးလောင်မှုမှာ မီးထိန်းစက် အပူလွန်ကဲရာမှ မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သိရပြီး မီးလောင်မှုနှင့်ပတ်သက်၍ မူဆယ်မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**



**မီးလောင်မှုဖြစ်ပွားနေသည့် နေအိမ်ကိုတွေ့ရစဉ်**

ဓာတ်ပုံ-အယ်လ်စိုး

# ပျဉ်းမနားမြို့နယ်၌ ညီအစ်ကိုချင်းစကားများရာမှ လူသတ်မှုဖြစ်ပွား

နေပြည်တော် မေ ၁၇

**ပျဉ်းမနားမြို့နယ် တောင်သာအုပ်စု သူဌေးကုန်းကျေးရွာ၌ မေ ၁၄ ရက် ညနေ ၄ နာရီက ငရုတ်ခင်းထဲသို့ ဆိတ်ဝင်ရောက်ကျောင်းရာမှ ညီအစ်ကိုချင်း စကားများပြီး လူသတ်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။**



ပျဉ်းမနားမြို့နယ် တောင်သာအုပ်စု သူဌေးကုန်းကျေးရွာနေ ဒေါ်ရွှေ(၅၈နှစ်)ဆိုသူသည် ရွာတောင်ဘက်ရှိ ကန်စွန်းခင်းထဲတွင်ရှိနေစဉ် သားငယ် ဖြစ်သူ သိန်းမင်းစိုး (၂၃နှစ်)သည် ၎င်း၏ ဆိတ်အား ဒေါ်ရွှေ၏ ငရုတ်ခင်းထဲသို့ လာရောက်ကျောင်း နေကြောင်း၊ ထိုစဉ် သားကြီးဖြစ်သူ ရဲမင်းစိုး(၂၈နှစ်)မှာ ဒေါ်ရွှေထံရောက်ရှိလာပြီး ပိုက်ဆံ တောင်းခံနေစဉ် ငရုတ်ခင်းထဲ၌ သိန်းမင်းစိုး ဆိတ်ကျောင်းနေသည်ကို တွေ့ရှိသဖြင့် ငရုတ်ခင်းထဲ ဆိတ်မကျောင်းရန် ပြောဆိုရာမှ တစ်ဦးနှင့်တစ်ဦး စကားများကြကြောင်း၊ သိန်းမင်းစိုးက အသင့်ယူဆောင်လာသော ဓားဦးချွန်ဖြင့် ထိုးခဲ့သောကြောင့် ရဲမင်းစိုးမှာ ဒဏ်ရာများ ရရှိသဖြင့် နေပြည်တော် ခုတင် (၁၀၀၀)ဆေးရုံသို့ ပို့ဆောင်ခဲ့သော်လည်း ရွာအထွက်တွင် ဓားဒဏ်ရာကြောင့် သေဆုံးခဲ့၍ ဒေါ်ရွှေက ပျဉ်းမနားမြို့မရဲစခန်းသို့ တိုင်ကြားခဲ့သည်။

အဆိုပါအမှုနှင့်ပတ်သက်ပြီး ပျဉ်းမနားမြို့မရဲစခန်းက ပြစ်မှုကျူးလွန်သူ သိန်းမင်းစိုးအား အမှုဖွင့်စစ်ဆေးအရေးယူ လျက်ရှိကြောင်း သိရသည်။ **ရဲရဲ(ပျဉ်းမနား)**

# အမြန်လမ်းမကြီး၌ Yutong Express ယာဉ် မီးလောင်မှုဖြစ်

**နေပြည်တော် မေ ၁၇**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ကျောက်တံခါးမြို့နယ် မိုင်တိုင်အမှတ် (၉၇/၄) နှင့် (၅) အကြား ရန်ကုန်မှ မန္တလေးဘက်သို့ ယာဉ်မောင်း သန်းဇော်ဦး မောင်းနှင်လာသော Yutong အမျိုးအစား Express မော်တော်ယာဉ်သည်မန္တလေးသို့ ကားကိုယ်ထည်ဆေးသုတ်ရန် မောင်းနှင်သွားစဉ် ယနေ့ နံနက် ၂ နာရီ မိနစ် ၅၀ ခန့်က အင်ဂျင်ခန်းမီးခိုးများထွက်၍ လမ်းဘေးမြေသားပေါ်သို့ရပ်တန့်စဉ် မီးလောင်မှုဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်ကြောင့် လူထိခိုက်မှုမရှိသော်လည်း ယာဉ်မှာ တစ်စီးလုံးမီးလောင်ပျက်စီးသွားသည်။ သို့ဖြစ်ပါ၍ ယာဉ်မောင်း သန်းဇော်ဦးအား ယာဉ်ကိုကြံ့ခိုင်မှုမစစ်ဆေးဘဲ ပေါ့ဆစွာမောင်းနှင်မှုကြောင့် မြို့ချောင်းအမြန်လမ်းရဲတပ်ဖွဲ့စခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **သန်းဦး(လေးမျက်နှာ)**

# ဖြူးချောင်းတမံအတွင်း စက်လှေပေါ်မှ လူတစ်ဦးပြုတ်ကျသေဆုံး

**ဖြူး မေ ၁၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့အနောက် ၁၀ မိုင်ခန့်အကွာ မင်းကံရိုးကျေးရွာအုပ်စု ဖြူးချောင်းရေလှောင်တမံအတွင်း၌ မေ ၁၆ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က ပုပ်ပွနေသောလူသေအလောင်းတစ်လောင်း တွေ့ရှိရကြောင်း သတင်းအရ ဖြူးမြို့မရဲစခန်းမှ ရဲအုပ် သန့်ဇင်နှင့် အဖွဲ့ကသွားရောက်စစ်ဆေးခဲ့သည်။

သေဆုံးသူမှာ စိုးမိုးသူ(ခ)ဖိုးခွား (၂၃ နှစ်) ၁၃ မိုင်ကျေးရွာ သံတောင်မြို့နယ်နေသူဖြစ်ကြောင်း သိရှိရသည်။ ၎င်းသည် မေ ၁၀ ရက် ည ၈နာရီခွဲခန့်က ဆည်အတွင်း စောသူးကေ(၄၄ နှစ်)၊ ကျီးမနိုးကျေးရွာ ဖြူးမြို့နယ်နေသူ မောင်းနှင်သော စက်လှေအား လိုက်ပါစီးနင်းရာမှ ပြုတ်ကျကာ ရေနစ်ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်ကြောင်းသိရ၍ ဖြူးမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ငါးပူတင်းငါးနှင့် ငါးကလီစာများကို ဟင်းချက်စားရာမှ သားအမိသားအဖသုံးဦးသေဆုံး

**ဂွ မေ ၁၇** - ရခိုင်ပြည်နယ် ဂွမြို့နယ် မကျေးငူကျေးရွာအုပ်စု ရွှေရချိုင်ရွာနေ ကိုတိုးမြင့်ဆွေ (၃၀ နှစ်)၊ ဇနီး မနွယ်နွယ်လှိုင် (၂၅ နှစ်)နှင့် သမီးဖြစ်သူ မလင်းလက်ဝေ (၆ နှစ်) တို့သုံးဦးမှာ ငါးပူတင်းငါးနှင့် ငါးကလီစာများကို ဟင်းချက်၍ ထမင်းအတူစားခဲ့ကြသည်။ ခဏအကြာတွင်မူးဝေအော့အန်ကြသောကြောင့် ဦးစန်းလွင် (အုပ်ချုပ်ရေးမှူး)ကဆေးရုံသို့ပို့ဆောင်ပေးခဲ့ရာဆေးရုံသို့အရောက် မေ ၁၇ ရက် နံနက်ပိုင်းတွင် သေဆုံးသွားခဲ့သည်။ မနွယ်နွယ်ဝင်းနှင့်မလင်းလက်ဝေတို့ ဆက်လက်ဆေးကုသနေစဉ် မွန်းလွဲပိုင်းတွင် မလင်းလက်ဝေကအရင်သေဆုံးပြီး မွန်းလွဲ ၁ နာရီမိနစ် ၄၀ တွင် မနွယ်နွယ်လှိုင် ထပ်မံသေဆုံးသွားခဲ့သည်။ သေဆုံးသူအလောင်းများအား ဆေးစာအရပို့အပ်ပြီး ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ် မဟုတ် စစ်ဆေးဆောင်ရွက်လျက်ရှိသည်။ **(မြို့နယ်ပြန်/ဆက်)**


**ဖခင်အမည်မှန်**

ပေါက်မြို့၊ အထက နဝမတန်းတွင် ပညာသင်ကြားနေသော မောင်ဟိန်းကျော်ကျော်၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းလွင် ၈/ပမန(နိုင်)၀၈၄၁၀၅ ဖြစ်ပါကြောင်း။

ဦးထွန်းထွန်းလွင်

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 8J/5367 Ah Manh Thit MPV, M/B ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်ဥမ္မာထွန်း ၁၂/ရကန(နိုင်)၀၆၂၇၂၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်

**အမည်ပြောင်း**

ပေါက်မြို့၊ အောင်တံခွန်ရပ်ကွက်နေ ဦးစိုးမြင့်အောင် ၈/ပမန(နိုင်)၀၇၇၁၈၀ ၏ သားဖြစ်သူ ပေါက်မြို့၊ အထက သတ္တမတန်း (B)မှ မောင်ထွန်းလင်းအောင်အား မောင်ထွန်းလင်းသန့်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ထွန်းလင်းသန့်

**၁၆-၅-၂၀၁၇ရက်ထုတ် ကြေးမုံသတင်းစာ၏ ကြော်ငြာစာမျက်နှာ-၂၀ပါ ဦးသန်းဝင်း (TKA-၀၈၀၇၄၁)၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးလှမြင့် (LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၇၂၂၂) ၏ ကြေညာစာအပေါ်အများသိစေရန် ဖြစ်ရပ်မှန်အတိုင်းရှင်းလင်းခြင်း**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၄)ရပ်ကွက်၊ ၂၈ လမ်း(အလယ်)၊ အမှတ်(၁၃၈)၊ မြေညီထပ်နေ ဒေါ်နွယ်နွယ်စိုး ၁၀/မလမ(နိုင်)၁၅၁၈၅၀၏ လွှဲအပ်ညွှန်ကြားချက်အရ လူကြီးမင်းဦးသန်းဝင်း၏ကြေညာချက်က လုံးဝ မှန်ကန်ခြင်းမရှိသည့်အပြင် ကျွန်ုပ်မိတ်ဆွေနှင့် ၉-၄- ၂၀၁၇ရက်အထိ အတူနေထိုင်ပေါင်းသင်းရာ အထက်ဖော်ပြပါလိပ်စာတွင် သန်းဝင်း လက်လီ/ လက်ကား မျက်မှန်ရောင်းဝယ်ရေးလုပ်ငန်းကို လင်မယားနှစ်ဦး လက်ရေတစ်ပြင်တည်း လုပ်ကိုင်ခဲ့ပါသည်။ ၉-၄-၂၀၁၇ရက်အထိ လင်းမယားအဖြစ် နေထိုင်ပေါင်းသင်းခဲ့ပါလျက် တရားဝင် အိမ်ထောင်သည်အမျိုးသမီးတစ်ဦး၏ ဂုဏ်သိက္ခာနှင့် အသရေကို ဆိုးရွားစွာထိခိုက်စေသည့် ၁၆-၅-၂၀၁၇ရက်စွဲပါ ကြေညာစာကို ခုနစ်ရက်အတွင်း ချွတ်ယွင်းချက်မရှိ ရုပ်သိမ်းပါရန်နှင့် မရုပ်သိမ်းပါက ဦးသန်းဝင်းအပါအဝင် ယင်းကိစ္စရပ်အပေါ် မမှန်မကန် ပူးပေါင်းဆောင်ရွက်သူများအားလုံးကို တည်ဆဲတရားဥပဒေတစ်ရပ်ရပ်အရ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမောင်မောင်(LL.B)တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၄၃)
အမှတ် ၉/၁၁၊ 3B၊ မြေညီထပ်၊ ၃၆ လမ်း၊ (လမ်းတို)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၁၇၁၈၂၂၅

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၁ဃ/၄၉၁၈ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွှာသာကြီး)

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၆ယ/၈၄၇၅၄ Kenbo 125,M/C ယာဉ်အမည်ပေါက်သူ/ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဦး ၁၄/ပသန(နိုင်) ၁၈၆၇၈၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

**တက္ကသိုလ်ဝင်တန်းဖြေဆိုထားသူများ၊ နိုင်ငံခြားသွားလိုသူများနှင့် အလုပ်ကောင်းရလိုသူများအတွက်**

**ဆရာအာသာ SUCCESS Language Academy လှည်းတန်းကျောင်းခွဲ**

(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊Y.W.C.A ဘိုကလေးဈေးလမ်း Ph: 202046,392048, 256954

ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်) Ph: 01-503472, 09 443001453, 09 30775232

BASIC ENGLISH SPEAKING
10-11:30 (Mon ~ Thurs) 22 May
1 - 2:30 (Mon ~ Thurs) 22 May
7:30 - 9 (Mon ~ Thurs) 29 May
10-11:30 (Mon~Thurs) 5,12 Jun
1 - 4:00 (Sat + Sun) 17 Jun

BASIC FOUR SKILLS ENGLISH
7:30 - 9 (Mon ~ Thurs) 22 May
10-11:30 (Mon ~ Thurs) 22 May
1 - 2:30 (Mon ~ Thurs) 22 May
1 - 2:30 (Mon ~ Thurs) 29 May
3:30 - 5 (Mon ~ Thurs) 29 May
1 - 4:00 (Sat + Sun) 3 Jun
3:30 - 5 (Mon ~ Thurs) 5 Jun
1 - 4:00 (Sat + Sun) 10 Jun

PRE-INTERMEDIATE (4-SKILL ENGLISH)
10-11:30 (Mon ~ Thurs) 22 May
1 - 2:30 (Mon ~ Thurs) 29 May
1 - 4:00 (Sat + Sun) 17 Jun
6 - 7:30 (Mon ~ Thurs) 19 Jun

INTERMEDIATE (ACADEMIC ENGLISH)
1 - 2:30 (Mon ~ Thurs) 19 Jun

VOCAB ENRICHMENT
10-11:30 (Mon ~ Thurs) 22 May
3:30 - 5 (Mon ~ Thurs) 5 Jun

BASIC GRAMMAR
7:30 - 9 (Mon ~ Thurs) 22 May
9 - 12:00 (Sat + Sun) 28 May

BASIC WRITING
3:30 - 5 (Mon ~ Thurs) 29 May
1 - 2:30 (Mon ~ Thurs) 13 Jun

BASIC ENGLISH SPEAKING
10-11:30 (Mon~Thurs) 5 Jun
6 - 7:30 (Mon~Thurs) 12 Jun
7:30-10:30 (Sat + Sun) 24 Jun
3:30 - 5 (Mon~Thurs) 26 Jun

BASIC FOUR SKILLS ENGLISH
9 - 12:00 (Sat + Sun) 3 Jun
1 - 2:30 (Mon~Thurs) 5 Jun
10-11:30 (Mon~Thurs) 12 Jun
10-11:30 (Mon~Thurs) 21 Jun
1 - 2:30 (Mon~Thurs) 21 Jun

IELTS (Preparation)
1 - 3:30 (Mon~Thurs) 5 Jun

IELTS (Speaking + Vocab)
10-11:30 (Mon~Thurs) 26 Jun

BASIC GRAMMAR
1 - 4:00 (Sat+Sun) 20 May
1 - 2:30 (Mon~Thurs) 29 May

PRE-INTERMEDIATE (4-SKILL ENGLISH)
10-11:30 (Mon~Thurs) 22 May
3:30 - 5 (Mon~Thurs) 29 May
12 - 3:00 (Sat + Sun) 17 Jun

INTERMEDIATE (ACADEMIC ENGLISH)
7:30 - 9 (Mon~Thurs) 29 May
9 - 12:00 (Sat + Sun) 3 Jun

IELTS (Writing+Grammar)
12:30-3:30 (Sat+Sun) 27 May

IELTS (Reading + Vocab)
1 - 3:00 (Mon~Thurs) 15 May

IELTS (Writing+Grammar)
7:30 - 9 (Mon~Thurs) 29 May

**ဖခင်အမည်မှန်**

အင်းတော်မြို့၊ အထက၊ တက္ကသိုလ်ဝင်တန်း(B)တွင် ပညာသင်ကြားနေသော မထုရော်၏ဖခင်အမည်မှန်မှာ ဦးလဝေါလ် ဖြစ်ပါကြောင်း။ ဦးလဝေါလ် ၅/အတန(နိုင်)၀၄၄၀၇၆

**ဦးကျော်ဇေယျ**

**တရုတ်လူမျိုးနှင့် အမွေဆက်ခံရေး**

မယ်နဲ့မောင်စာပေ၊ အမှတ်(၁၇၈)၊ ၄-လွှာ၊ အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၇၃၀၄၅၈၃၅

**အမွေစား/အမွေခံသမီးအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း**

ဦးအောင်ရဲဝင်း ၉/မမန(နိုင်)၀၁၄၀၁၈နှင့် ကျွန်မ ဒေါ်နွယ်နွယ်ဦး ၉/မမန(နိုင်) ၀၆၆၆၃၃တို့၏သမီး မပန်းနွယ်ဝင်း ၉/မတလ(နိုင်)၂၄၁၅၈၀သည် မိဘများ၏ ဆိုဆုံးမမှုကို နာခံမှုမရှိဘဲ မိဘနှစ်ပါးကို စိတ်ဆင်းရဲအောင်၊ ဂုဏ်သိက္ခာညှိုးနွမ်းအောင်ပြုလုပ်ခြင်းတို့ကြောင့် သမီးအဖြစ်မှ စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စရပ်ကိုမျှ လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးအောင်ရဲဝင်း-ဒေါ်နွယ်နွယ်ဦး**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၉ယ/၆၁၉၃၈ ယာဉ်လက်ဝယ်ရှိသူ ဦးတင့်ရွှေ ၇/တငန(နိုင်)၀၆၆၅၇၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(တောင်ငူ)

# ကစ္ဆပနဒီကိုဆန်ကြည့်ခြင်း(သို့မဟုတ်)ရင်ကိုလှုပ်ခတ်သွားသောမဟာနွယ်

**မြင့်စိုး (နတလ)**



ကျွန်တော်သည် ရခိုင်တိုင်းရင်းသားတစ်ယောက်မဟုတ်ပါ...။

သို့သော်ငြားလည်း ထုက္ကန့်သိမ်ပုထိုးတော်ကြီးနှင့် သျှစ်သောင်းပုထိုးတော်ကြီးတို့ကို ဖူးမြော်ရသည့်အခါတိုင်း ကျွန်တော်၏ရင်မှာ အမျိုးအမည်မသိ စိတ်ခံစားမှုတစ်ခုက အမြဲတမ်းငြိတွယ်ခိုဝင်လာစမြဲဖြစ်သည်။ မဟာနွယ်ကို စူးစူးနစ်နစ် နားမထောင်ရသေးမီ အချိန်ကာလမှာပင် ဆရာမောင်ခိုင်အောင်ရေးသားပြုစုထားသော မြောက်ဦးနှင့်မြောက်ဦးဗေဒရသ စာတမ်းများအပါအဝင် ဆရာထွန်းရွှေခိုင် (မဟာဝိဇ္ဇာ)၊ ဆရာဉာဏဝတီ အောင်ဇေယျ(မြောက်ဦး)စသော စာရေးဆရာများ၏ ရခိုင်ဒေသ၊ ရခိုင်မင်းဆက်များအကြောင်း စာကောင်းပေမွန်များကို ဖတ်ရှုလေ့လာခွင့်ရခဲ့သောကြောင့် မြောက်ဦးက ကျွန်တော့်ရင်တွင်းသို့ တိတ်တဆိတ်ထိုးဖောက်ချဉ်းနင်း ဝင်ရောက်ခဲ့ပေပြီ။ သည့်အတွက်ကြောင့်လည်း မြောက်ဦးနှင့်ကျွန်တော်သည် မကျွမ်းခင်က လွမ်းနှင့်ပြီးဖြစ်နေတော့သည်။

ထို့ပြင် ထုက္ကန့်သိမ်ပုထိုးတော်ကြီးနောက်မှ လှမ်း၍ ရှုကြည့်လိုက်သောအခါ လေးမျက်နှာဘုရား(ခေါ်) မုခ်လေးတန်ဘုရားကို ဖူးမြော်ရခြင်းနှင့်အတူ ဘုရားဒါယကာ ဘုရင်မင်းစောမွန်ကို ပြေး၍မြင်ယောင်မိသည်။ လေးမြို့ခေတ် သမိုင်း၏ ကောင်းမွေ၊ ဆိုးမွေတို့ကို ဆက်ခံယူဆောင်လာပြီး မြောက်ဦးမြို့သစ်တည်ထောင်ခြင်းနှင့်အတူ မြောက်ဦးခေတ်နိဒါန်းကို စတင်ဖွင့်လှစ်ခဲ့သော အရှင်မင်းစောမွန်။ လေးမြို့ခေတ်တွင်ကြုံခဲ့ရသော အနိဋ္ဌာရုံတို့ ကွယ်ပျောက်လွင့်စဉ်သွားစေရန် ရည်သန်လျက် တည်တော်မူခဲ့သော လေးမျက်နှာငြိမ်းချမ်းရေးဘုရားတစ်ဆူ။

ကောဇာသက္ကရာဇ် ၇၉၂ ခု၊ သက်တော် ၅၀ အရွယ်၌ မြောက်ဦးမြို့ကို တည်ခဲ့သော မင်းစောမွန်။ နန်းသက်မရှည်လျှင်နေပါစေ၊ မြို့သက်ရှည်ပြီး နောင်လာနောက်သား၊ ငါ၏သားမြေးအစဉ်အဆက် ပြည်တိုင်းကားတို့သည် ကြီးပွားထွန်းလင်း၍ ရှည်ကြာစွာ တည်မြဲပါစေဟုဆိုတော်မူပြီး မြောက်ဦးမြို့ကို လေးမျက်နှာပုထိုးတော်၊ မုတ်ဆိတ်တော်စေတီ၊ မြတန်းဆောင်းစေတီ၊ ဝိဇယရံသီစေတီ၊ ရွှေဂူတောင်စေတီတည်းဟူသော ထီးတည်၊ နန်းတည်ဘုရားပုထိုးငါးဆူတို့နှင့်အတူ တည်တော်မူခဲ့သော မင်းစောမွန်။ ဟူးရားတတ်တို့က သက္ကရာဇ် ၇၉၂ ခု၊ တော်သလင်းလဆန်း ၁ ရက်နေ့တနင်္ဂနွေနေ့တွင် မြို့တည်သောမင်းသည် ကြာသပတေးသားဖြစ်နေသောကြောင့် မိန်လဂ်မိန်စန်းနှင့် မြို့တည်ပါမူ မင်းကားအသက်ရှည်အံ့၊ မြို့သက်ကား သုံးနှစ်တွင်ပျက်လတ္တံ့။ ကန်လဂ်ကန်စန်းနှင့် မြို့တည်လျှင်ကား မင်းသက်သုံးနှစ်သာရှည်အံ့၊ မြို့သက်တစ်ရာကျိန်းရအံ့ဟု လျှောက်ထားမှုအပေါ် မြို့သက်ရှည်ရန်ကိုသာ အလေးထားပြီးကန်လဂ်ကန်စန်းနှင့် မြို့တည်၊ နန်းတည်ပြုလုပ်စေခဲ့သော ဘုရင်မင်းစောမွန်။ သူ၏သမိုင်းကြောင်းကို ဖတ်ရှုလေ့လာရင်းကြည်ညိုလေးစားခဲ့ရပါသည်။

ရခိုင်တိုင်းရင်းသားသွေးချင်းများသည် ရှေးဦးမဆွကပင် ကစ္ဆပနဒီနှင့် အဉ္စနနဒီမြစ်နှစ်သွယ်ကြား လွင်ပြင်ဒေသများတွင် မြို့ပြနိုင်ငံများထူထောင်ခဲ့ကြသည်။ ပထမဆုံး သမိုင်းမော်ကွန်းဖြစ်သော ဓညဝတီခေတ် စန္ဒသူရိယမင်းလက်ထက် ဗုဒ္ဓဘုရားရှင်ကြွရောက်လာတော်မူရာ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးသွန်းလုပ်ကိုးကွယ်ခွင့်ရရှိခဲ့ကြသည်။ ဆန်ရေစပါး ပေါ်များကြွယ်ဝပြီး ယဉ်ကျေးမှုအမွေအနှစ်များ ထွန်းကားပြန့်ပွားခဲ့သည်။ ထိုမှ အေဒီ ၃၂၇ ခုနှစ်တွင် ဝေသာလီမြို့တော်ကို တည်ထောင်ပြီး ဝေသာလီခေတ်၌ မင်းပေါင်း၁၂ဆက် စိုးစံခဲ့ကြကာ အိန္ဒိယရှိ ဂုပ္ပတမင်းဆက်နှင့်ခေတ်ပြိုင်တိုးတက်ခဲ့သည်။ နှစ်နိုင်ငံ ကူးသန်းရောင်းဝယ်ရေးကောင်းမွန်ခဲ့သည်။ ဒင်္ဂါးများခတ်နှိပ်သုံးစွဲလာခဲ့ကြ၏။ တစ်ဖန်လေးမြို့ခေတ်သို့ ရွှေ့လျားလာခဲ့ရာတွင် မင်းဆက်ပေါင်း ၆၁ ဆက်၊ မြောက်ဦးခေတ်တွင် မြောက်ဦးမြို့တည် မင်းစောမွန်မှ မဟာသမတရာဇာထိ မင်းဆက်ပေါင်း ၄၉ ဆက် စိုးစံခဲ့ကြကြောင်း လေ့လာသိရှိရပါသည်။ တစ်ခုသတိပြုမိသည်မှာ ၁၂၅၁ ခုနှစ်တွင် လေးမြို့ကမ်းခြေ၌အလောမာဖြူမင်းတည်ခဲ့သော လောင်းကြက်မြို့သည် အချက်အချာကျသလို မကြာခဏ စစ်တလင်း ဖြစ်ခဲ့သော၊ စစ်ဘေးစစ်ဒဏ်သင့်ခဲ့သော နေရာတစ်ခုဖြစ်နေသည်ဆိုခြင်းကိုပင်။ တစ်ဖက်တွင်လည်း သမိုင်း၌ထင်ရှားကျော်ကြားခဲ့သော ပညာရှိအမတ်များ သုခမိန်များ ပေါ်ထွန်းခဲ့သည်။ အထူးသဖြင့် မြောက်ဦးခေတ်၌ ဘုရင်မင်းပါကြီးလက်ထက် စစ်တကောင်းမြို့စားမဟာပညာကျော်၊ ရွှေမျဉ်းဓမ္မသတ်ကို စီမံရေးဆွဲခဲ့သောရှင်ငယ်ဆရာဦးမြဝ၊ မင်းရာဇာကြီးလက်ထက်တွင်စာဆိုတော်အမတ်ကြီးဥက္ကာပျံတို့ ထင်ရှားကျော်ကြားခဲ့သည်။

ဓညဝတီခေတ်တွင် မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ပေါ်ထွန်းလာသကဲ့သို့ မြောက်ဦးခေတ်တွင် ပေါ်တူဂီတို့ ကျူးကျော်လာမှုကို တွန်းလှန်ပြီးနောက် ဘုရင်မင်းပါကြီး လက်ထက် ၁၅၃၅ ခုနှစ်၌ မြောက်ဦးမြို့မြောက်တံခါးဝအနီး၌ သျှစ်သောင်းပုထိုးတော်ကြီးကို တည်ထားခဲ့သည်။ ဓာတ်တော်ပေါင်းရှစ်သောင်းလေးထောင်နှင့် ရွှေ၊ ငွေ၊ ကြေး၊ သံ ကျောက်မျက်ရတနာတို့ဖြင့် သွန်းလုပ်ထားသော ဆင်းတုတော်ပေါင်း ရှစ်သောင်းလေးထောင်တို့ကို ထည့်သွင်းဌာပနာထားသောကြောင့် သျှစ်သောင်းပုထိုးတော်ကြီးဟု ခေါ်တွင်ကြောင်း သိရသည်။ ထို့မှဘုရင်မင်းတိက္ခာလက်ထက် ၁၅၅၅ ခုနှစ်တွင် မြို့၏အရှေ့မြောက်ယွန်းယွန်းအရပ်၌ ကိုးသောင်းပုထိုးတော်ကြီးကို တည်ထားကိုးကွယ်ခဲ့ကြသည်။ ဘုရင်မင်းဖလောင်း (သီရိသူရိယစန္ဒမဟာရာဇာ)လက်ထက် ၁၅၇၁ ခုနှစ်တွင် မူ သျှစ်သောင်းပုထိုးတော်ကြီးနှင့်ကပ်လျက်နေရာ၌ ထုက္ကန့်သိမ်ပုထိုးတော်ကြီးကို တည်ထားကိုးကွယ်ကြောင်း သိရှိရသည်။ မြောက်ဦးမြို့၏ အထင်ကရ မာရ်ငါးမာရ် စေတီတော်ငါးဆူအနက် ရတနာမာရ်အောင်၊ လောကမာရ်အောင်၊ ဇိနမာရ်အောင်စေတီတို့ကို ၁၆၅၂ ခုနှစ်နှင့် ၁၆၅၈ ခုနှစ်တို့တွင် စန္ဒသုဓမ္မရာဇာမင်းကြီးက တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ပြီး ကျန်နှစ်ဆူဖြစ်သော မင်္ဂလမာရ်အောင်စေတီကို ၁၀၄၇ ခုနှစ်၌ ဥက္ကာဗလရာဇာမင်းကလည်းကောင်း၊ သကျမာရ်အောင် စေတီကို ၁၆၂၉ ခုနှစ်တွင် သီရိသုဓမ္မရာဇာမင်းကြီးက လည်းကောင်း တည်ထားခဲ့ကြခြင်းဖြစ်ကြောင်း သိရပါသည်။

ယခု တစ်ခေါက် သွားဖြစ်ခဲ့သော မြောက်ဦးခရီးစဉ်တွင် စန္ဒာမုနိကျောင်းတိုက်၌ ကိန်းဝပ်စံပယ်တော်မူနေသော မြတ်ဗုဒ္ဓ၏ လက်ဝဲအောက်အံတော်ကို ဖူးမြော်ကန်တော့ခွင့်ရခဲ့သည်။ အနီးကပ်ဖူးမြော်ရသည်ကတော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကြွလာသောစွယ်တော်မြတ်နှင့် အရွယ်တော်၊ ရောင်တော်၊ လုံးပတ်တော်တို့မှာ အတော်ကလေးတူညီနေကြောင်း တွေ့ရသည်။ ကြည်ညိုဖွယ်ကောင်းပါဘိတော့။ မြောက်ဦးနန်းတော်ရာကုန်းသို့ ကျွန်တော် ရောက်သွားချိန်မှာ နေဝင်ဖျိုးဖျအချိန်ဖြစ်သည်။ ဝင်လုလု နေခြည်အောက်မှာ နန်းတော်ရာကုန်း၏ အရှိန်အဝါတွေက တောက်ပနေဆဲ။ နန်းခံနှင့်တူးဖော်ပြီးသော မြေကျင်းနေရာ အချို့ကို တွေ့မြင်ခဲ့ရသည်။ တစ်ချိန်တုန်းကတော့ တံခါးကြီး၊ တံခါးငယ်၊ သူရဲခို၊ သူရဲကပ်၊ ပြအိုး၊ ပဉ္စင်၊ ရင်တားတို့ဖြင့် လည်းကောင်း၊ ညွန့်ကျုံး၊ ရေကျုံး၊ ကျုံးခြောက်၊ ကျုံးပင်လယ်အသွယ်သွယ်တို့ဖြင့်လည်းကောင်း အားမာန်အပြည့်နှင့် ဝင့်ဝင့်ထည်ထည်ရှိခဲ့ပေလိမ့်မည်။

ယခုတစ်ခေါက် ရခိုင်ခရီးစဉ်တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးထိန်လင်းက မဟာနွယ်သို့စီးဝင်ခြင်းဆိုသည့် ခေါင်းစဉ်ဖြင့် သူစာရေးဖို့စိတ်ကူးရှိနေတာ တော်တော်လေးကြာခဲ့ပြီဖြစ်ကြောင်း ပြောလာသည်။ အမှန်တကယ်တော့လည်း တေးရေး၊ တေးဆိုဝင်းကိုခိုင်၏ မဟာနွယ်တေးသီချင်းတွင် နားထောင်ရသူတော်တော်များများ နစ်မျောစီးဝင်လိုက်ပါသွားခဲ့ဖူးသည်သာ။

**ရာဇဝင်အဆက်ဆက်မှသည်×××**
**အချိန်ကာလတိုင်းတည်၏**
**ရခိုင်ဟူသည်မှာကား အမျိုးသီလကို**
**ထိန်းသိမ်းစောင့်ရှောက်ခဲ့တာ ကမ္ဘာမြေမှာ ထင်ပေါ်**
**မြတ်သောအကျင့်နှင့် ခရီးဆက်လာပြီ**
**မဟာနွယ်မျိုးရိုးသမိုင်းမှာ**
**အကြင်နာ အဘိုးအဖီရှင်တို့**
**ဂန္ထဝင်ကဗျာဂီတ ကမ္ပည်းမော်ကွန်းစာ**
**နှလုံးသွေးများနှင့်ရေးလာ သံစဉ်ဟန်ချိုမြ**
**ညွှန်ပြနေတဲ့ ကျောက်စာမှာ...**
**သုခုမ...အနုပညာ**
**အဖိုးထိုက်တန်တဲ့ အဖလက်ရာ**
**လေးစားဂုဏ်ယူ အခမ်းအနားဆုံး ရတနာ**
**လက်ဆင့်ကမ်း...ရိုးရာအမွေ**
**လှမ်းလို့ဆောင်ယူလာ**

လေးရပ်ဝတီ အားလုံး တာဝန်ပါ ...ဟု အစချီထားသောမဟာနွယ် ။ကျွန်တော်၏ စိတ်အာရုံကို အလုံးစုံညို့ယူဖမ်းစားထားသော ရခိုင်ဒေသ၏ ရေမြေတောတောင်သဘာဝများ၊ ယဉ်ကျေးမှုအမွေအနှစ်များကြားမှာ မဟာနွယ်သီချင်းသံကို ပြန်လည်ပုံဖော် နားဆင်ခံစားကြည့်လိုက်မိပါသည်။ ထိုစဉ်ခဏ ကျွန်တော်၏နားထဲမှာ ရခိုင်ဗဟိုစည်ကြီး၏ မြည်ဟည်းသံ၊ ရခိုင်စည်တော်များတီးသံတို့ကို ဘဝင်လှုံ့မျှကြားလိုက်ရသည်။ ဘုရားပုထိုးစေတီများရှိရာသို့ ပျားပန်းခတ်မျှသွားလာနေကြသော ရခိုင်ပြည်သူများ၊ နန်းမြို့ရိုးပတ်ဝန်းကျင်မှာ သူရဲကောင်းစစ်သည်ဗိုလ်ပါရဲမက်များကို တွေ့မြင်လာရသည်။ ခေတ်လေးခေတ်ကို ဖြတ်သန်းတိုက်ခတ်လာသော လေပြည်လေညှင်းနှင့်အတူ ခိုဝင်ငြိတွယ်လိုက်ပါလာသည့် ရခိုင်ရိုးရာ ယဉ်ကျေးမှုဂီတသံစဉ်တွေကို နရီစည်းဝါး မှန်စွာကြားနေရသည်။ အတွေးစကို ရပ်သိမ်းပြီး မြောက်ဦးဒေသမှအပြန် ကစ္ဆပနဒီမြစ်ကြီးကို ကားပေါ်ကလှမ်းမြင်နေရသည်။ သူကတော့ အေးချမ်းခြင်း၊ ငြိမ်သက်ခြင်းသဘောတို့ကို ဆောင်ယူလျက် တိတ်ဆိတ်ငြိမ်သက်စွာစီးမြဲစီးနေဆဲပါပေ။



## တပ်တောင်မြို့ လျှပ်စစ်မီးရရှိရန် ဆောင်ရွက်လျက်ရှိ

**အမ်း မေ ၁၇**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းရခိုင်ပြည်နယ် အမ်းမြို့နယ်တပ်တောင်မြို့၌ မဟာဓာတ်အားလိုင်းမှ ၂၄ နာရီလျှပ်စစ်ဓာတ်အားရရှိရန် အလေးအနက်ထားပြီး ဆောင်ရွက်လျက်ရှိကြောင်း အမ်းမြို့နယ်မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ သိရသည်။ထို့အပြင် လျှပ်စစ်ဓာတ်အားပြည့်ဝစွာရရှိရန် ဆောင်ရွက်လျက်ရှိရာတွင် အဓိကတာဝန်ယူဆောင်ရွက်လျက်ရှိနေသော ကုမ္ပဏီများမှလည်း သတ်မှတ်ချိန်အတွင်း လျှပ်စစ်မီးရရှိနိုင်ရန် တည်ဆောက်လျက်ရှိနေသောလုပ်ငန်းများကို စံချိန်စံညွှန်းနှင့်အညီ ရေရှည်ခိုင်ခံ့မှုရှိရန်အတွက် ဆောင်ရွက်နေကြကြောင်း သိရသည်။

ဓာတ်အားခွဲစက်ရုံနှင့် ရပ်ကွက်ကျေးရွာများအတွက်ထရန်စဖော်မာနှင့် လျှပ်စစ်နှင့်ဆက်စပ်ပစ္စည်းများကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ပို့ဆောင်ပေးလျက် ရှိနေပြီး တည်ဆောက်ရေးလုပ်ငန်းများကိုလည်း ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း၊ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ လျှပ်စစ်အင်ဂျင်နီယာ ဦးစိုးလှိုင်ဦးဆောင်သော ဝန်ထမ်းများကလည်း တပ်တောင်မြို့ပေါ်ရပ်ကွက်များသို့ ကွင်းဆင်းကာ ပြည်သူလူထုများနှင့် တွေ့ဆုံ၍ လျှပ်စစ်နှင့်ဆက်စပ်သော လူထုပညာပေးဟောပြောပွဲများ၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**အောင်လှဖြူ(ရမ်းဗြဲ)**

# မဲခေါင်ဒေသတွင်း နယ်စပ်ဖြတ်ကျော် တိရစ္ဆာန်ရောဂါများထိန်းချုပ်ရေး ညှိနှိုင်းစည်းဝေး

**နေပြည်တော် မေ ၁၇**

မဲခေါင်ဒေသတွင်း နေထိုင်သော ၂၃ သန်းနီးပါးရှိသည့် ၇၀ ရာခိုင်နှုန်းသော ပြည်သူများသည် တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများ ဖြစ်ပြီး ရုတ်တရက် ဖြစ်ပေါ်လာသော ရောဂါများနှင့် နယ်စပ်ဖြတ်ကျော် တိရစ္ဆာန်ကူးစက်ရောဂါများ အတွက် အန္တရာယ်စိန်ခေါ်မှုများရှိနေရာ မြန်မာနိုင်ငံနှင့် ထိစပ်လျက်ရှိသော မဲခေါင်ဒေသတွင်းနယ်စပ်ဖြတ်ကျော် တိရစ္ဆာန်ရောဂါများ ထိန်းချုပ်ရေးအတွက် South-South Cooperation (SSC) စီမံကိန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို မေ ၁၅ ရက်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် အမြဲတမ်းအတွင်းဝန်ဒေါက်တာခင်ဇော်က အမှာစကားပြောကြားရာတွင် နိုင်ငံများအကြား နယ်စပ်ကုန်သွယ်ရေးဈေးကွက်တွင် တိရစ္ဆာန်အရှင် တရားဝင်ကုန်သွယ်မှုများရှိသကဲ့သို့ တရားမဝင်ကုန်သွယ်မှုများလည်းရှိသည့်အတွက် မြန်မာနိုင်ငံသည် နယ်စပ်ဖြတ်ကျော် တိရစ္ဆာန်ကူးစက်ရောဂါများအနက် ကြက်ငှက်တုပ်ကွေးရောဂါ၊ ဝက်နားရွက်ပြာရောဂါ၊ ခွာနာလျှာနာရောဂါနှင့် အခြားရောဂါဝင်ရောက်မှုများကို ရင်ဆိုင်ကြုံတွေ့ရလျက်ရှိကြောင်း၊ မြန်မာနိုင်ငံနှင့်ထိစပ်လျက်ရှိသော အိမ်နီးချင်းနိုင်ငံများမှ တိရစ္ဆာန်ကူးစက်ရောဂါများ ဝင်ရောက်မှု မရှိစေရန် အတွက် တိရစ္ဆာန်ရောဂါစောင့်ကြည့်လေ့လာရေးစခန်း ခြောက်ခုကို ဖွင့်လှစ်ထားရှိပြီး တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်း၊ တိရစ္ဆာန်အစာနှင့် တိရစ္ဆာန်သုံးဆေးဝါးများ တရားမဝင်ကုန်သွယ်မှုပြုခြင်းကို သတ်မှတ်ထားသည့် နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ SSC Mission အဖွဲ့အနေဖြင့် မြန်မာနိုင်ငံသို့လာရောက်၍ SSC စီမံကိန်း၏ အဓိကဦးစားပေးကဏ္ဍများကို ဖော်ထုတ်၍ စီမံကိန်းအား ဖော်ဆောင်သွားမည်ဖြစ်ကြောင်း၊ ထို့အပြင် တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းများ၊ စောင့်ကြည့်လေ့လာရေးစခန်းများနှင့် နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုများအပြင် ဝက်ရောဂါများ၊ PPR ခေါ် Peste des Petits Ruminants ရောဂါ၊ ခွာနာလျှာနာရောဂါများ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။



ဆက်လက်၍ FAORAP မှ Regional Programme Leader ဖြစ်သူ Ms. Xiangjun Yao က မြန်မာနိုင်ငံနှင့် ထိစပ်လျက်ရှိသော မဲခေါင် ဒေသတွင်းနယ်စပ်ဖြတ်ကျော် တိရစ္ဆာန်ရောဂါများ ထိန်းချုပ်ရေးစီမံကိန်းအတွက် ဘဏ္ဍာငွေကြေးနှင့် နည်းပညာအကူအညီ ထောက်ပံ့မှုများနှင့် ပတ်သက်၍ ပြောကြားသည်။

ထို့နောက် SSC စီမံကိန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက စီမံကိန်းဖော်ဆောင်ရာတွင်လည်းကောင်း၊ စီမံကိန်းအတွက် တိရစ္ဆာန်ရောဂါ ရှာဖွေရေး ဓာတ်ခွဲခန်းလုပ်ငန်းဆောင်ရွက်မှုများ၊ နည်းပညာဆိုင်ရာနှင့် အကြံပေးပညာရှင် လိုအပ်ချက်များကိုလည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

## ရေယာဉ်များ အန္တရာယ်ကင်းရှင်းရေး အသိပညာပေး

**ပုသိမ် မေ ၁၇**

ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ ခရီးသည်တင် ကုန်တင်ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး အတွက် အသိပညာပေးဟောပြောပွဲကို မေလဒုတိယပတ်က ပုသိမ်မြို့အမှတ် (၂၀)နယ်မြေ ကမ်းနားလမ်း ပြည်လုံးချမ်းသာဓမ္မာရုံ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားရေးမှူးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် (နည်းပညာ) ဦးဇော်မြင့်သိန်းက ရေယာဉ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ ညွှန်ကြားရေးမှူး(ရေကြောင်းလုပ်ငန်းဌာနခွဲ) ဦးစိုးနိုင်(၂)က ရေယာဉ်ပိုင်ရှင်များ မောင်းနှင်သူများ လိုက်နာရမည့် အချက်အလက်များအပြင် အသက်ကယ်နည်းပညာကျွမ်းကျင် ရေယာဉ်ဝန်ထမ်းသက်ကယ်ပစ္စည်းအကျီုပြင်ဆင်သုံးစွဲတတ်မှုများ ရှင်းလင်းပြောကြားခဲ့သည်။

**ပုသိမ်-လှကြည်**



ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် ဖြူးမြို့နယ် လွှတ်တော်ကိုယ်စားလှယ် များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ မြို့မိ မြို့ဖများနှင့် တွေ့ဆုံပွဲကို မြို့နယ် ခန်းမ ဆောင်၌ မေလဒုတိယပတ်က ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်က တိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ လုပ်ငန်းများကို ရှင်းလင်းပြောကြားစဉ်
(မြန်မာ့အလင်း)

## စာပေနှင့်အနုပညာမူပိုင်ခွင့်များဆွေးနွေး

**ရန်ကုန် မေ ၁၇**

ပညာရေးဝန်ကြီးဌာန သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာန အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဌာနမှူးကြီးမှူး၏ ကမ္ဘာ့အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်အဖွဲ့ (WIPO) United States Agency for International Development (USAID) တို့နှင့် ပူးပေါင်း၍ စာပေနှင့်အနုပညာမူပိုင်ခွင့်များအား စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းများနှင့် ဆွေးနွေးပွဲ (Workshop on Collective Management Organization) ကိုရန်ကုန်မြို့ Park Royal Hotel ၌ မေ ၁၁ ရက်မှ ၁၂ ရက်အထိ ကျင်းပရာ တီတွင်ဆန်းသစ်မှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းခိုင်မိုးက အမှာ စကားပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ခဲ့သည်။

ဆက်လက်၍ မေ ၁၂ ရက်တွင် ပညာရေးဝန်ကြီးဌာန အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဌာန ဒုညွှန်ချုပ် ဒေါက်တာ တိုးမြတ်နုက လက်ရှိမူပိုင်ခွင့် ကာကွယ်မှုစနစ်နှင့် မူပိုင်ခွင့်နှင့် သက်ဆိုင်သည့် အဖွဲ့အစည်းများ၏ လက်ရှိဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မြန်မာနိုင်ငံတွင် စာပေနှင့် အနုပညာမူပိုင်ခွင့်စနစ်အားမည်ကဲ့သို့ ရှေ့ဆက်လက်ဆောင် ရွက်ရမည်ကို ဆွေးနွေးကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ဌာနဆိုင်ရာများမှ ကိုယ်စားလှယ်များ၊ စာပေနှင့်အနုပညာဆိုင်ရာ အသင်းအဖွဲ့များ၊ ဥပဒေပညာရှင်များ တက်ရောက်ကြပြီး စာပေနှင့်အနုပညာဆိုင်ရာမူပိုင်ခွင့်များအား စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များ၊ လိုအပ်ချက်များ၊ အခြားနိုင်ငံများမှကျင့်သုံးဆောင်ရွက်နေမှုအခြေအနေများထိ အဓိကထားဆွေးနွေးကြကြောင်း သိရသည်။ **အောင်သူရ**

# မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၇- ၂၀၁၈ဘဏ္ဍာရေးနှစ်တွင်ကျေးရွာ ၁၅၀၀ ၌တိုးချဲ့ဖော်ဆောင်မည်

**မုံရွာ မေ ၁၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင် ကျေးရွာစီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၁၅၀၀ ၌တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ရာ စစ်ကိုင်းတိုင်းဒေသကြီးအနေဖြင့် ၁၃၀ ယူနစ်ရရှိကြောင်း တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးထံက သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီးအနေနဲ့ ၂၀၁၇-၂၀၁၈မှာ ယူနစ် ၁၃၀ ရရှိပါတယ်။ တိုင်းအတွင်း က စီမံကိန်းကျေးရွာတွေရွေးချယ်ရာမှာ စီမံကိန်းအကောင်အထည်ဖော်ရေး လက်စွဲ စာစောင်မှာ ဖော်ပြထားတဲ့အချက်တွေနဲ့ ကိုက်ညီတဲ့ကျေးရွာတွေကို တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်တွေ၊ ဌာနဆိုင်ရာကိုယ်စားလှယ်တွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေ နဲ့ သက်ဆိုင်ရာအဖွဲ့အစည်းတွေပါတဲ့ ကျေးရွာရွေးချယ် ရေးညှိနှိုင်းဆွေးနွေးပွဲတွေ ကျင်းပပြီး ရွေးချယ်နေပါတယ်"ဟု ၎င်းက ပြောသည်။

မြစိမ်းရောင်ကျေးရွာအဖြစ် ရွေးချယ်ရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးဖွံ့ဖြိုးတိုးတက်ရန် အလားအလာရှိသောကျေးရွာ ဖြစ်ရမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါကျေးရွာရှိကျေးရွာသူကျေးရွာသားများ၏ စိတ်အားထက်သန်မှု၊ စည်းလုံးညီညွတ်မှုစသည့်ကျေးရွာများ၏ စီမံကိန်းဆောင်ရွက်ရန်တင်ပြတောင်းဆိုထားသော ကျေးရွာဖြစ်ရမည်ဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးလွယ်ကူချောမွေ့မှုနှင့် နယ်မြေလုံခြုံတည်ငြိမ်အေးချမ်းသည့်ကျေးရွာလည်း ဖြစ်ရမည်ဖြစ်သည်။ ရွေးချယ်ရာတွင် အိမ်ခြေအနည်းဆုံး ၈၀ နှင့် အထက်ရှိသောကျေးရွာကို ရွေးချယ်သကဲ့သို့ အကယ်၍ အိမ်ခြေ ၈၀ အောက်လျော့နည်းပါက အုပ်ချုပ်မှုလွယ်ကူသည့် နီးစပ်ရာကျေးရွာများနှင့် ပေါင်းစပ်ဖွဲ့စည်းကာရွေးချယ်ခြင်း ဖြစ်သည်။

စီမံကိန်းကျေးရွာများရွေးချယ်ရာတွင် အခြားဦးစီးဌာနမှဆောင်ရွက်သော သဘောသဘာဝတူညီသည့် စီမံကိန်းကျေးရွာများ မထပ်စေရေးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများရှိအိမ်ခြေစာရင်းအရ သတ်မှတ်အိမ်ခြေကိုက်ညီမှုရှိ မရှိကို စနစ်တကျစိစစ်ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီးအတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ဆောင်ရွက်လျက်ရှိရာတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်အထိ ၆၄၆ယူနစ် ကျေးရွာပေါင်း ၇၁၈ ရွာနှင့် ထပ်တိုးကျေးရွာ ၇၂ ရွာတို့တွင်လည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မျိုးဝင်းထွန်း (မုံရွာ)**

## ကသာမြို့၌စာပေဟောပြောပွဲကျင်းပ

**ကသာ မေ ၁၇**

လူတိုင်းအသိပညာတိုးတက်ရေးစာဖတ်ခြင်းအလေ့ရှိမှ လူ့စွမ်းအားပိုမို မြင့်မားစေရန် အတွက် စာပေပညာရှင်များကို ကသာမြို့တော်ခန်းမတွင် မေ ၁၅ ရက်မှစ၍ စာပေဟောပြောပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဆရာမောင်ရင့်မာ၊ ဆရာနတ်မှူး၊ ဆရာမဒေါ်ခင်ခင်ထူးစသည့် စာရေးဆရာများတက်ရောက်၍ စာဖတ်ခြင်း၏ကောင်းကျိုးအဖြာဖြာကို ဟောပြောခဲ့ကြသည်။ ဆရာမောင်ရင့်မာ(ကျောင်းကုန်း) လုသောဘဝကိုထုဆစ်ခြင်း၊ ဆရာနတ်မှူးက ရသထဲကဘဝ၊ ဘဝထဲကရသ၊ ဆရာမဒေါ်ခင်ခင်ထူးမှ တန်ဖိုး၊ ဆရာဂျိုဇော်က ဝတ္ထုကဗျာအချစ်များ၊ ဆရာနေဝင်းမြင့်က ကျွန်တော်တို့ငယ်ငယ်က ခေါင်းစဉ်များဖြင့် စာဖတ်ခြင်းအသိပညာ ကြွယ်ဝစေခြင်းအကြောင်း သုတ၊ ရသစာပေများဟောပြောခဲ့ကြရာ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ စာပေချစ်မြတ်နိုးသူများတက်ရောက်ကြကြောင်း သိရသည်။ **ငွေအိုး(ကသာ)**

# ရှမ်းပြည်နယ်၌ ပထမအကြိမ် သွားနှင့်ခံတွင်းဆရာဝန်များ ညီလာခံကျင်းပ

**တောင်ကြီး မေ ၁၇**

မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်အသင်း(ရှမ်းပြည်နယ်အသင်းခွဲ)၏ ပထမအကြိမ် ညီလာခံနှင့် ပညာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲကို မေ ၁၃ ရက် နံနက်က တောင်ကြီးမြို့ဆရာဝန်များ ညီလာခံအသင်းရုံး၌ ကျင်းပရာ ဖွင့်ပွဲကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာမြင့်ဟန်နှင့် မြန်မာနိုင်ငံသွားနှင့်ခံတွင်း ဆရာဝန်အသင်းဗဟိုဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသိန်းကြူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့ညီလာခံကို ရှမ်းပြည်နယ်တွင် ပထမဆုံးအကြိမ်အဖြစ် ခမ်းနားစွာကျင်းပနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ညီလာခံကြီးတွင် ပြည်တွင်းပြည်ပမှ သွားနှင့်ခံတွင်းဆရာဝန်များက ဘာသာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲများ ကျင်းပခြင်း၊ မလေးရှားနိုင်ငံမှ သွားနှင့်ခံတွင်း ဆရာဝန်များကိုယ်တိုင် လာရောက်၍ Basic Life Support short Course သင်တန်းပေးနိုင်ခဲ့ခြင်းကြောင့် များစွာအကျိုးရှိမည်ဖြစ်ကြောင်း ပြောသည်။

ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာမြင့်ဟန်နှင့် မြန်မာနိုင်ငံ သွားနှင့် ခံတွင်းဆရာဝန်အသင်းဗဟိုဥက္ကဋ္ဌ ပါမောက္ခဒေါက်တာသိန်းကြူတို့က အမှာစကားပြောကြားကြပြီး ရှမ်းပြည်နယ် မြန်မာနိုင်ငံသွားနှင့်ခံတွင်း ဆရာဝန်အသင်းအဆောက်အအုံဆောက်လုပ်ရန်အတွက်အလှူရှင်များမှ အလှူငွေများပေးအပ်ခဲ့ကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



# ရှင်သန်နေသော အဘိုးအိုအဖြစ် ဦးပိန်တံတားကြီးအား မြင်တွေ့နိုင်ရေးအတွက် ဝိုင်းဝန်းအကြံပေးကြဖို့လို



နှစ်ပေါင်း ၁၆၀ ကျော် သက်တမ်းကြာမြင့်နေသည့် မန္တလေးမြို့၏ အမွေအနှစ်တစ်ခုဖြစ်သည့် ဦးပိန်တံတားကြီးအား ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှစ၍ တစ်နှစ်လျှင် ငါးလနှုန်းဖြင့် သုံးနှစ်အတွင်း ရှေးမူမပျက် စီမံချက်ရေးဆွဲ၍ ပြုပြင်ထိန်းသိမ်းသွားမည်ဖြစ်ရာ ပြည်သူအပေါင်းကလည်း ယင်းတံတားကြီးကို ရှင်သန်နေသော အဘိုးအိုအဖြစ် ရေရှည်တည်တံ့ခိုင်မြဲ၍ အနာဂတ်ကာလများစွာတိုင် ယဉ်ကျေးမှုအမွေအနှစ်လက်ရာများ ကျန်ရှိစေရေးအတွက် ဝိုင်းဝန်းအကြံပေးကြစေလိုကြောင်း နည်းပညာတက္ကသိုလ်(မန္တလေး)မှ ပါမောက္ခ ဒေါက်တာဇာခြည်မင်းက ပြောသည်။

"ကျွန်မကို ဂျပန်ပညာရှင်တွေက အကြံပေးခဲ့ဖူးတယ်။ ဒီတံတားကြီးကို လက်ရှိအဟောင်းအတိုင်း၊ အိုမင်းနေတဲ့ အဘိုးကြီးထိုင်နေတဲ့အတိုင်းပဲ မြင်ချင်ရင် သူ့ရဲ့အင်အားက ကျဆင်းနေတဲ့အတွက် သူ့ကို ဝန်ထုပ်ဝန်ပိုးမပေးတော့ဘဲ Dead Museum လို့ခေါ်တဲ့ ပြတိုက်တစ်ခုအနေနဲ့ပဲ ပြသထားရမယ်။ Living Museum သက်ဝင်လှုပ်ရှားနေတဲ့ ပုံစံမဟုတ်တော့ဘူး။ ဒေသခံတွေ သွားချင်တယ်ဆိုရင် ကန်ပတ်လမ်းကို ဝန်ဆောင်မှုအပြည့်နဲ့ သေချာဖောက်ပေးမယ်။ တံတားကို ကြည့်ချင်ရင် အပြင်ကနေ ပတ်ကြည့်မယ်။ ရေရှိရင် လှေနဲ့ သွားကြည့်မယ်။ ဒါဆို ဒီအဘိုးကြီးက ဆေးထိုး၊ ဆေးတိုက်လုပ်ပေးရုံနဲ့ အသက်ဆက်ရှင်မယ်။ ဒီအတိုင်းပဲ မြင်နေရမယ်။ ဒါမှမဟုတ်ဘဲ သုံးချင်တယ်ဆိုရင်တော့ ဆေးကျွေးရုံနဲ့ မရတော့ဘူး။ လက်တွေ၊ ခြေတွေကို အစားထိုးပေးရတော့မယ်။ ဒါဆို ရှေးမူပုံစံမဟုတ်တော့ဘဲ အသစ်ကိုပဲ မြင်ရတော့မယ်။ အဲ့ဒီနည်းလမ်း နှစ်ခုကြား ကျွန်မတို့ ဒွိဟဖြစ်နေတယ်။ ကျွန်မကတော့ Middle Way ခေါ်တဲ့ အလယ်အလတ် နည်းလမ်းနဲ့ ပြုပြင်ချင်တယ်။ နိုင်ငံတကာက ဘယ်လိုမြင်ချင်ကြသလဲဆိုရင် သက်ဝင်လှုပ်ရှား နေတဲ့ တံတားအိုကြီးအဖြစ်ပဲ မြင်ချင်ကြတယ်။ တံတားကြီး ကြံ့ခိုင်မှုရှိရှိနဲ့ တံတားပေါ်မှာ သွားလာလှုပ်ရှားနေတာကိုပဲ မြင်ချင်ကြတယ်။ ဒါကြောင့် ကောင်းမွန်တဲ့ အကြံဉာဏ်ရှိရင် အားလုံးဆွေးနွေးပေးကြပါ။ ဝိုင်းဝန်းအကြံပေးကြပါ။ ဒီတံတားပေါ်မှာ တက်လျှောက်ချင်တာပဲသိပြီး တံတားရဲ့ခံနိုင်ဝန်ကို ဘယ်တော့မှ ထည့်ပြီးမစဉ်းစားကြဘူး။ ဒါကြောင့် အသိပညာပေးမှုတွေ အများကြီးလုပ်ဖို့ လိုပါတယ်။ အဓိကအနေနဲ့က Information Center ထားရှိဖို့ လိုပါတယ်။ လက်ရှိမှာတော့ တံတားကြီးရဲ့ အခြေအနေက လူရော၊ တံတားပါ အန္တရာယ်ရှိတဲ့ အနေအထားကို ရောက်နေပါပြီ"ဟု ၎င်းက ပြောသည်။

အဆိုပါတံတားကြီး ပြုပြင်ထိန်းသိမ်းရန်အတွက် ၂၀၁၅ ခုနှစ်မှ စ၍ နည်းပညာတက္ကသိုလ်(မန္တလေး)ဗိသုကာဌာနမှ ကွင်းဆင်းလေ့လာမှုများ ဆောင်ရွက်ခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် စီမံကိန်းအကြံပြုချက်စာတမ်းအား သက်ဆိုင်ရာ အဖွဲ့အစည်းများထံသို့ တင်ပြခဲ့ပြီး ဂျာမနီနိုင်ငံမှ ထောက်ပံ့မှုယူရိုငါးသောင်းရရှိခဲ့မှုဖြင့် မေ ၈ ရက်မှစ၍ မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီခန်းမ၌ ဂျာမနီနိုင်ငံမှ ပညာရှင်နှစ်ဦးဖြင့် ငါးရက်တိုင်တိုင် အလုပ်ရုံ ဆွေးနွေးပွဲများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"မေ ၁၁ ရက်မှာ ဂျာမနီနိုင်ငံက ပညာရှင်နှစ်ဦးနဲ့အတူ နည်းပညာတက္ကသိုလ် (မန္တလေး) က ကျောင်းသား၊ ကျောင်းသူ ၂၀ ဦးနဲ့ တိုင်တွေရဲ့ ကြံ့ခိုင်မှုကို စစ်ဆေးခဲ့ပါတယ်။ ဘာတွေဖြစ်နေလဲ ဘာကြောင့်ဖြစ်တာလဲ၊ ဘာလုပ်ပေးနိုင်မလဲ သိရဖို့ 3D Laser Scanner စက်နဲ့ စစ်ဆေးခဲ့တာပါ။ ကွင်းဆင်းစစ်ဆေးမှုတွေအရ တိုင်လုံးအသစ်တွေ လဲထားပေမယ့်လည်း ခိုင်ခံ့မှုမရှိတာတွေ တွေ့ရတယ်"ဟု ၎င်းက ပြောသည်။

ပြင်ဆင်မှုများလုပ်ဆောင်ရာတွင် လက်ရှိအစားထိုးပြုပြင်ထားသည့် ကွန်ကရစ်များကို ဖယ်ရှားခြင်း၊ ကျွန်းသစ် မဟုတ်သည့် မျောတိုင်များကို ဖယ်ရှားပြီး ကျွန်းသစ်အသစ်နှင့် လဲလှယ်အစားထိုး၍ မူလဆောက်လုပ်ထားသည့် ဗိသုကာပညာရပ်အတိုင်း ပြုပြင်ထိန်းသိမ်းရန်နှင့် လုပ်ငန်းမစတင်မီ ယခင်ပြုပြင်ထားသည့် လက်စမသတ်သေးသော မြေကျင်းတူးထားမှုများကို ပြန်လည်မြေဖို့ခြင်း စသည့်လုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်ထားသင့်ကြောင်း ဂျာမနီပညာရှင်များက အကြံပြုထားသည်။

ပြုပြင်ရန်အခက်အခဲများအနေဖြင့် အစားထိုးလဲလှယ်ရာတွင် အသုံးပြုမည့် ကျွန်းသစ်များ မရှိခြင်းနှင့်အတူ လုပ်ငန်းဆောင်ရွက်ရာတွင် သုံးစွဲမည့် ရန်ပုံငွေမရှိခြင်း၊ ပြုပြင်မှုများ ဆောင်ရွက်ရာတွင်ကူညီဆောင်ရွက်မည့် အဖွဲ့အစည်းများမရှိခြင်းတို့ဖြစ်ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များအား တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## အင်းကောင်း-လယ်လှ-ကုက္ကိုကုန်းကျေးရွာလမ်း ကျောက်ချောလမ်းခင်းကျင်းမှု ပြီးစီး



**ကျွန်းလှ မေ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ် အင်းကောင်း-လယ်လှ-ကုက္ကိုကုန်းကျေးရွာလမ်းသည် မေလဒုတိယပတ်က ကျောက်ချောလမ်းခင်းခြင်းပြီးစီး၍ သွားလာရေးအဆင်ပြေကြောင်း သိရသည်။

"ကျွန်တော်တို့ကျေးရွာမှာ နွေ၊ မိုး၊ ဆောင်း ဒီလမ်းကိုသာ အားကိုးပြီး သွားကြရပါတယ်။ ယခင်နှစ်က မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် လမ်းပျက်စီး၍ သွားလာရေး ခက်ခဲပါတယ်။ အခုလို ကျောက်ချောလမ်းခင်းခြင်းကြောင့် ရွာသူရွာသားများ အလုပ်အကိုင်ရရှိတဲ့အပြင် ရာသီမရွေးသွားလာရေးအဆင်ပြေပါပြီ" ဟု ဒေသခံပြည်သူတစ်ဦးက ပြောသည်။

အဆိုပါ ကျောက်ချောလမ်း ရှစ်မိုင်ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် သန်း ၄၇၀ ဖြင့် မြင့်မြတ်ကြည်ဖြူကုမ္ပဏီနှင့် ရွှေသုခဝင်းကုမ္ပဏီတို့က တာဝန်ယူဆောင်ရွက်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## ရေး-ခေါဇာ-ကဗျာဝကျေးရွာရှိ ပင်လယ်ကမ်းခြေကတ္တရာလမ်းသစ်ဖွင့်

**ရေး မေ ၁၇**

မွန်ပြည်နယ် ရေးမြို့နယ်၏ အထင်ကရ ပင်လယ်ကမ်းခြေများအနက် တစ်ခုဖြစ်သော ကဗျာဝပင်လယ်ကမ်းခြေသို့ ဆက်သွယ်ထားသည့် ရေး-ခေါဇာ-ကဗျာဝကျေးရွာရှိ ပင်လယ်ကမ်းခြေကတ္တရာလမ်းသစ်ဖွင့်ပွဲကို မေ ၁၆ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ညွန့်နှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ လမ်းသစ်မှာ အရှည် နှစ်မိုင် သုံးဖာလုံ၊ အကျယ် ၁၂ပေ ရှိပြီး နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရေးမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ပြည်ထောင်စုရန်ပုံငွေ ၂၅၉ ဒသမ ၅၃၉ သန်းဖြင့် ခင်းခြင်းဖြစ်ကြောင်း သိရသည်။

ယခင်က ကဗျာဝပင်လယ်ကမ်းခြေသို့ ခရီးသွားပြည်သူများမှာ သွားလာရာတွင် အခက်အခဲများနှင့် ကြုံတွေ့ခဲ့ရပြီး ဒေသထွက်ကုန်များ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းထွက်ကုန်များသယ်ယူပို့ဆောင်ရာတွင်လည်း အချိန်ကြန့်ကြာမှုများ ရှိခဲ့ကြသည်။ ယခုအခါ ကတ္တရာလမ်းသစ်ကို ခင်းကျင်းပေးသောကြောင့် ခရီးသွားလုပ်ငန်းများနှင့် ဒေသစီးပွားရေးလည်း ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း သိရသည်။ **နေမျိုးထွဋ် (ရေး)**

## ဒလမြို့နယ်တွင် သောက်သုံးရေရှားပါးသော်လည်း အလှူရှင်များကြောင့် အဆင်ပြေ

**ဒလ မေ ၁၇**

ဒလမြို့နယ်တွင် ရပ်ကွက်နှင့် ကျေးရွာအချို့သောက်သုံးရေရှားပါးမှုနှင့် ကြုံတွေ့နေရသော်လည်း မြို့နယ်သောက်သုံးရေဖြန့်ဝေပေးရေးကော်မတီ၊ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်ရေပေးဝေရေးရုံးနှင့် စေတနာရှင်အလှူရှင်များ၊ ပရဟိတအဖွဲ့များနှင့် ရှင်သန်ရေးကူညီမှုအသင်းတို့မှ သောက်သုံးရေများ လှူဒါန်းပေးနေမှုကြောင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

အဆိုပါအသင်းသည် ဒလမြို့နယ်အတွင်း မတ် ၁၀ ရက်မှ စတင်၍ သောက်သုံးရေများ လှူဒါန်းခဲ့ပြီး တစ်ရက်လျှင် သောက်သုံးရေဂါလန် ၃၅၀၀၀ လှူဒါန်းလျက်ရှိရာ မေ ၁၀ ရက်အထိ သောက်သုံးရေ ဂါလန်ပေါင်း ၁၄၀၀၀၀၀ လှူဒါန်းပြီးဖြစ်ကြောင်း သိရသည်။

ယင်းအပြင်ရေရှားပါးမှုနှင့် တွေ့ကြုံနေရသောဒေသများမှ အကူအညီတောင်းခံပါက ထိုဒေသသို့ ဦးစွာလေ့လာ၍ အိမ်ခြေ၊ လူဦးရေနှင့်လမ်းအခြေအနေတို့ကိုတွက်ချက်ကာ သင့်လျော်သည့် ရေသယ်ယာဉ်ဖြင့် လိုက်လံလှူဒါန်းကြောင်း၊ သောက်သုံးရေလိုအပ်ပါက ဖုန်း-၀၉-၄၂၁၀၂၈၇၇၀ သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း ရှင်သန်ရေးကူညီမှုအသင်းမှ ဦးတေဇအောင်က ပြော သည်။

ဒလမြို့နယ်၌ နှစ်စဉ်နွေရာသီရောက်တိုင်း ရေရှားပါးမှုနှင့် ကြုံတွေ့နေရပြီး ဒလမြို့နယ်အတွင်းနှင့် စည်ပင်ရေသွယ်ထားသူများအတွက် အခက်အခဲမဖြစ်သော်လည်း သောက်သုံးရေကန်များနှင့် အလှမ်းဝေးပြီး စည်ပင်ရေပိုက်မရောက်ရှိသော ရပ်ကွက်အစွန်အဖျားနေပြည်သူများနှင့် အချို့သောကျေးရွာများ၌ သောက်သုံးရေရှားပါးမှုနှင့် တွေ့ကြုံနေရသော်လည်း မြို့နယ်အဆင့်တာဝန်ရှိသူများနှင့် ရေအလှူရှင်များကြောင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **မောင်ယဉ်ဦး(ဒလ)**



**ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် S.M.U ပြည်တော်သာကျေးရွာမှ (၂၀၁၇-၂၀၁၈) S.M.U ရန်ပုံငွေနှင့် ရွာသူ ရွာသားများ စုပေါင်းလုပ်အားဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ပေ ၇၄၀ ခင်းခြင်း၊ ကျေးရွာသောက်သုံးရေကန်တူးဖော်ခြင်း၊ ကျေးရွာမြေသားလမ်း ပေ ၈၅၀ ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို မေ ၁၃ ရက်က တွေ့ရစဉ်**

(တိုင်းဒေသကြီး ပြန်/ဆက်)

## သုံးခွမြို့နယ်တွင် မြစိမ်းရောင်ကျေးရွာရွေးချယ်

**သုံးခွ မေ ၁၇**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေလဒုတိယပတ်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာရွေးချယ်ပွဲ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်း၊ ဦးမျိုးဆွေနှင့် တာဝန်ရှိသူများက တိုးချဲ့မည့် ကျေးရွာလေးရွာအား စီမံကိန်းလက်စွဲစာအုပ်ပါ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဦးစားပေး အဆင့်အလိုက် ပွင့်လင်းမြင်သာစွာ စိစစ်ရွေးချယ်ခဲ့ကြကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**

# မြန်မာ့ရိုးရာအစားအစာများကို ကမ္ဘာက အသိအမှတ်ပြုသည်အထိ ဖော်ဆောင်သွားမည်



**ရန်ကုန် မေ ၁၇**
မြန်မာနိုင်ငံအတွင်းရှိ စားသောက်ဆိုင်လုပ်ငန်းများ နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် စားသောက်ဆိုင်များ ဝန်ဆောင်မှုအရည်အသွေး မြင့်မားစေရန်အတွက် နိုင်ငံ့အကျိုးပြု လုပ်ငန်းများဆောင်ရွက်သောအားဖြင့် မြန်မာ့အစားအစာများကို ကမ္ဘာက သိအောင် ဖော်ဆောင်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ သိရသည်။

ထိုကဲ့သို့ မြန်မာ့အစားအစာများကို ကမ္ဘာကသိအောင် ဖော်ဆောင်ရခြင်းမှာ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းများ၏အရည်အသွေးနှင့် ဝန်ဆောင်မှုအဆင့်အတန်းများကို ကမ္ဘာ့အဆင့်မီ မြင့်မားတိုးတက်လာအောင် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာအောင် တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံစားသောက်ဆိုင် လုပ်ငန်းရှင်များအသင်းမှအထွေထွေအတွင်းရေးမှူး ဒေါက်တာနေဇော်အောင်က ပြောသည်။

"နိုင်ငံတကာအဆင့်မီ နည်းပညာများ၊ ထုတ်ကုန်တွေကို ပြည်တွင်းမှာရှိနေတဲ့ လုပ်ငန်းရှင်တွေနဲ့ ထိတွေ့အောင် လုပ်ဆောင်တော့မှာပါ။ အသင်းအတွက် ပညာရပ်ပိုင်းများကိုလည်း နိုင်ငံခြားက ပို့ချပေးနေပါတယ်။ ပြီးတော့မြန်မာ့အစားအစာများကို ကမ္ဘာကသိအောင် ဖော်ဆောင်သွားမှာဖြစ်ပြီး နိုင်ငံတော်အဆင့်ဖြစ်တဲ့အတွက် ဝန်ကြီးဌာနအပါအဝင် တာဝန်ရှိသူတွေကို တင်ပြပြီး လုပ်ဆောင်သွားမှာပါ။ ဥပမာ ထိုင်းနိုင်ငံမှာဆိုရင် Tom Yam အစားအစာ၊ ဗီယက်နမ်နိုင်ငံဆိုရင် ကော်ပြန့်လိပ် အစားအစာကို ထိုးဖောက်နိုင်တော့ ကျွန်တော်တို့ နိုင်ငံအတွက်လည်း နိုင်ငံခြားသားအပါအဝင် မြန်မာလူမျိုးများကြိုက်နှစ်သက်လက်ခံနိုင်မယ့် မုန့်ဟင်းခါး(သို့) အခြားအစားအစာတစ်ခုခုကို ရွေးချယ်မှာပါ။ ဒါလည်း ခရီးသွားလုပ်ငန်းကို တစ်နည်းတစ်ဖုံမြှင့်တင်ပေးရာကျပါတယ်။ ကျွန်တော်တို့အနေနဲ့ ဝန်ကြီးဌာနကိုတင်ပြထားသလို အစီအစဉ်ဆွဲထားတာလေးတွေရှိနေတာကြောင့် ပြည်သူများ အားလုံးကို အသိပေးချပြသွားမှာပါ။ ကျွန်တော်တို့ အသင်းရဲ့လာမယ့်လုပ်ငန်းစဉ်များထဲမှာ ဒီအစီအစဉ်ပါဝင်နေပါတယ်။ ပြီးတော့ ဒီနှစ်ထဲမှာလည်း ကျွန်တော်တို့အသင်းသားများအတွက် ပညာပေးအစီအစဉ်များလုပ်ဆောင်သွားမှာပါ" ဟု ပြောသည်။

ပြီးခဲ့သည့်နှစ်က မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များ အသင်းမှအသင်းသားအသင်းသူများကို အသိပညာပေး လုပ်ဆောင်သည့် အနေဖြင့် ရန်ကုန်၊ မန္တလေး၊ ပုဂံနှင့် အင်းလေးမြို့များ၌ အသိပညာပေးဟော ပြောပွဲများပြုလုပ်ပေးခဲ့ကြောင်း၊ အစားအသောက် များကို ရေရှည်ထိန်းသိမ်းနည်းများ ပို့ချခဲ့ကြောင်း၊ ဂျပန်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး အေဂျင်စီနှင့် ပူးပေါင်းကာ နှစ်စဉ်စားသောက်ဆိုင်ပိုင်ရှင် ၂၀ ကို ဂျပန်နိုင်ငံ တိုကျိုမြို့၌ အစားအသောက်နှင့် စပ်လျဉ်းသည့် အသိပညာပေးလုပ်ငန်းများအား ပုံမှန်ပို့ချပေးလျက်ရှိကြောင်းနှင့် နိုင်ငံအတွင်း စားသောက်ဆိုင်လုပ်ငန်းလုပ်ဆောင်လိုသူများအား ဖိတ်ခေါ်လျက်ရှိကြောင်း သိရသည်။ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းအား ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်ဖြင့် ပြီးခဲ့သည့် ၂၀၁၁ ခုနှစ် မေ ၁၁ ရက်က စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ယခုအခါ မြန်မာနိုင်ငံအနှံ့အပြားတွင် မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း (ဗဟို) အပါအဝင်အသင်းခွဲပေါင်း ၁၂ သင်း၊ အသင်းဝင် ပေါင်း ၅၂၀ ကျော်ဖြင့် ဖွဲ့စည်းနိုင်ခဲ့ပြီဖြစ်ကြောင်း၊ မေ ၁၅ ရက်က Dolphin Restaurant ၌ ကျင်းပခဲ့သော မြန်မာနိုင်ငံစားသောက်ဆိုင် လုပ်ငန်းရှင်များအသင်း ၂၀၁၆ ခုနှစ် အတွက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေး အခမ်းအနားတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် အမှာစကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌနှင့် အသင်းသား၊ အသင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# တိုင်းရင်းဆေးဆရာသင်တန်းဖွင့်ခွင့်မရှိသော်လည်း ရက်ရှည်ဟောပြောခွင့်ရရှိ

**ရန်ကုန် မေ ၁၇**
တိုင်းရင်းဆေးဆရာဖြစ်သင်တန်းကိုဖွင့်လှစ်ခွင့်မရှိသော်လည်း ဒေသတွင်း တိုင်းရင်းဆေးဝါသနာရှင်များ၊ တောင်းဆိုချက်အရ ပထမဆုံးအကြိမ်အဖြစ် ရက်ရှည် ဟောပြောခွင့်ရရှိရန် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း တိုင်းဒေသကြီးနှင့် မြို့နယ် ပူးတွဲကျင်းပသောရိုးရာတိုင်းရင်းဆေးပညာလက်ဆင့်ကမ်း သင်ကြားပို့ချခြင်းအခမ်းအနားကို မေ ၁၃ ရက်က ကော့မှူးမြို့နယ် ဇောတိကဓမ္မာရုံ၌ ကျင်းပစဉ် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း ရန်ကုန်တိုင်းဒေသကြီး ဒုတိယ ဥက္ကဋ္ဌ ဦးကြည်မောင်က ပြောကြားခြင်းဖြစ်သည်။




"တိုင်းရင်းဆေးဆရာသင်တန်းကို ဗဟိုကချမှတ်ထားချက်မှုအရ ဖွင့်လှစ်ခွင့်မရှိပါဘူး။ တိုင်းရင်းဆေးပညာလိုလားသူတွေရဲ့ဆန္ဒကိုလည်း ဖြည့်ဆည်းပေးတဲ့အနေနဲ့ တိုင်းရင်း ဆေးဗဟိုရဲ့ ညှိနှိုင်းခွင့်ပြုချက်နဲ့ရက်ရှည်ဟောပြော ပို့ချခြင်းကို ခွင့်ပြုခဲ့တာဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

"ကျွန်တော်တို့ကော့မှူးမြို့နယ်မှာ ကျေးရွာပေါင်း ၆၄ ရွာရှိပါတယ်။ ဒီရွာတွေမှာ အဓိက ထိတွေ့ဆက်ဆံရတာက တိုင်းရင်းဆေးဆရာတွေဖြစ်ပါတယ်။ တိုင်းရင်းဆေးဆရာတွေက အလွန်ရှားပါးလာပြီဖြစ်ပါတယ်။ ဒါကြောင့် မြန်မာ့တိုင်းရင်းဆေးပညာတိမ်မြုပ်ပျောက်ကွယ်မသွားအောင် ထိန်းသိမ်းမှုတစ်ရပ်အနေနဲ့ တိုင်းရင်းဆေးအတတ်ပညာကို အမှန်တကယ် တတ်မြောက်လိုသူတွေ စုပေါင်းပြီး ဒီကနေ့ ရက်ရှည်ဟောပြောပွဲကို ဆောင်ရွက်ခဲ့ရခြင်းဖြစ်ပါတယ်" ဟု ကော့မှူးမြို့နယ် တိုင်းရင်းဆေးအသင်း ဥက္ကဋ္ဌ ဦးဝင်းအောင်က ပြောသည်။

အဆိုပါ တိုင်းရင်းဆေးပညာ လက်ဆင့်ကမ်း ပို့ချပွဲကို ဧပြီ ၂၉ ရက်မှ မေ ၁၃ ရက်အထိ ပြုလုပ်ခဲ့ပြီး စစ်ကိုင်း၊ ပဲခူး၊ လှိုင်သာယာ၊ တွံတေး၊ ကွမ်းခြံကုန်း၊ ကော့မှူး၊ မအူပင်၊ ဖျာပုံ အစရှိသော မြို့နယ်များမှ တိုင်းရင်းဆေးအတတ်ပညာလိုလားသူ စုစုပေါင်း ၅၃ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ရက်ရှည်တိုင်းရင်းဆေးအတတ်ပညာ ဟောပြောပို့ချပွဲသို့ ရန်ကုန်တိုင်း ဒေသကြီးအတွင်းရှိ ဝါရင့်တိုင်းရင်းဆေးသမားတော်ကြီးများက တိုင်းရင်းဆေးနှင့် ပတ်သက်သော ဘာသာရပ်များ၊ အသိပညာ ဗဟုသုတများ မျှဝေပို့ချပေးခဲ့ကြောင်း သိရသည်။

အလားတူ ရက်ရှည်ဟောပြောပွဲတစ်ရပ်ကို တောင်ဒဂုံမြို့နယ်တွင်လည်း ကျင်းပသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-သက္က**

# ဆေးလိပ်ငွေ့ကင်းစင်ရေးဆောင်ရွက်မည့် အစီအမံများအသိပေးရှင်းလင်း

**တောင်ကြီး မေ ၁၇**
ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်နယ်တစ်ခွင် ဆောင်ရွက်မည့်အစီအမံများ အသိပေးရှင်းလင်းပွဲကို မေ ၁၅ ရက်က တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဆေးလိပ်သောက်ခြင်းမှ ရရှိသော လူမှုစီးပွားဆိုးကျိုးများ တစ်ဆင့်ခံ ဆေးလိပ်ငွေ့အန္တရာယ်များသည် လူသားနှင့်ကျန်းမာရေးကို ကောင်းကျိုးမပြုသဖြင့် ဆေးလိပ်ငွေ့ကင်းစင်သော နေရာများ၊ ဒေသများ၊ မြို့တော်များ ပေါ်ထွက်လာရေးသည် အရေးကြီးကြောင်း၊ အစိုးရလွှတ်တော်၊ ဌာနဆိုင်ရာများ၊ ပြည်သူလူထုတို့မှ ဥပဒေပါ အချက်များကို လိုက်နာနေထိုင်မည်ဆိုပါက ဆေးလိပ်ငွေ့ကင်းစင်သည့် မြို့များ၊ မြို့တော်များ ပေါ်ထွက်လာကာ သန့်ရှင်းသည့်လေကို ရှူရှိုက်နိုင်မည်ဖြစ်ပြီး အားလုံးဝိုင်းဝန်းဆောက်ရွက်ပေးကြရန် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက ဆေးလိပ်ငွေ့ကင်းစင်ဆောင်ရွက်သင့်သည့် နေရာများ၊ ဥပဒေများနှင့် သိရှိလိုသည်များကို ပြန်လည်ဆွေးနွေးတင်ပြ ခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ကျေးလက်ဒေသ အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းဖွင့်

**ပုလော မေ ၁၇**
တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ ကျေးလက်ဒေသအမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းဖွင့်ပွဲကို မေ ၁၃ ရက်က မင်းထိန်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့အတွင်းရေးမှူး ဒေါ်လှလှသန်းက အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဒေါ်အေးမြတ်ရီက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းနှင့် စိမ်းလန်းစိုပြည်ရေး၊ ကူးစက်ရောဂါကာကွယ်ရေး၊ အာဟာရ၊ ပညာရေး၊ သက်ကြီးရွယ်အို စောင့်ရှောက်ရေးစသည့် ကဏ္ဍငါးရပ်ကို သင်တန်းသူ ၂၇ ဦး၊ နည်းပြ ဆရာမနှစ်ဦးဖြင့် သင်ကြားပို့ချခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ပဲခူးရိုးမ ဖြူးချောင်းကြိုးဝိုင်းအကွက်အမှတ် (၄)၌ စီးပွားရေး ကျွန်းဧက ၂၀၀တွင် ကျွန်းပျိုးပင်များ စိုက်ပျိုးသွားမည်

**ဖြူး မေ ၁၇**
ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်လင်းနှင့် ဝန်ထမ်းများ ဦးဆောင်၍ ပဲခူးရိုးမ တောင်ပေါ်ရှိ ဖြူးချောင်းကြိုးဝိုင်း အကွက်အမှတ် (၄) ၌ မိုးရာသီတွင် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးအတွက် ဇွန်လတွင် စတင်စိုက်ပျိုးသွားနိုင်ရန် ကြိုတင်ပြင်ဆင်လျက်ရှိသည်။



ယင်းသို့စိုက်ပျိုးရာတွင် ဒေသခံများနှင့် ပူးပေါင်း၍ ကျွန်းပျိုးပင် ၂၆၆၂၀၀ စိုက်ပျိုးသွားမည်ဖြစ်ပြီး မြို့နယ်သစ်တောဦးစီးဌာနမှ လူထုဖြန့်ပျိုးဥယျာဉ်တွင် ကျွန်းနှင့်သစ်မာမျိုးစုံ ၇၅၀၀၀ ကိုလည်း ပျိုးထောင်ထားရှိပြီး ခင်ဝိုင်းကျေးရွာနှင့် ညောင်ခြေထောက်ကျေးရွာတို့တွင် ကျေးလက်အိမ်ရာထူထောင်ရေးအတွက် ကျေးရွာပိုင်စိုက်ခင်းကိုလည်း စိုက်ပျိုးထားရှိကြောင်း ကျေးလက်ဆက်သွယ်ရေးလမ်းများ ၊ ဌာနဆိုင်ရာများနှင့် တစ်အိမ်ထောင်လျှင် ကျွန်းသုံးပင်နှင့် ယူကလစ်အပင် ၂၀ တို့ကိုလည်း မိုးရာသီတွင် ဖြန့်ဝေစိုက်ပျိုးသွားကြမည်ဖြစ်ကြောင်း သိရသည်။

**ဖြူး-မြင့်ဦး**

# ကျောင်းသား ကျောင်းသူများအတွက် အလှူငွေပေးအပ်

**မန္တလေး မေ ၁၇**
၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ပံ့ပိုးရန်လိုအပ်သော မူလတန်းနှင့်အလယ်တန်းကျောင်းသားကျောင်းသူများအတွက် အလှူငွေပေးအပ်ပွဲကို မေ ၁၅ ရက်က မန္တလေးမြို့ ၈၁ လမ်း ၄၂ လမ်းထောင့်ရှိ မဟာအောင်မြေမြို့နယ် စာရေးဆရာအသင်းရုံး၌ ကျင်းပခဲ့သည်။

အလှူရှင်များဖြစ်သည့် မန္တလေးမြို့ ၈၁ လမ်းရှမ်းပွဲရပ်နေ ဦးမောင်မောင်နှင့် ဒေါ်ခင်တင့်တို့၏သမီး ဒေါ်မြိုင်မြိုင်သော် မိသားစုက ပံ့ပိုးရန်လိုအပ်သော မူလတန်းနှင့်အလယ်တန်းကျောင်းသားကျောင်းသူများအတွက် ငွေကျပ်တစ်သိန်းကို မဟာအောင်မြေမြို့နယ် စာရေးဆရာ အသင်းဥက္ကဋ္ဌ ဆရာဦးရာစိုးထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

# နိုင်ပွဲအပြိုင်ရှာဖွေမယ့် မန်စီးတီးနဲ့ အာဆင်နယ် အောင်ပွဲရဖို့ ခြေကုန်ထုတ်မယ့် လီဗာပူး

*ပရီမီယာလိဂ်ပွဲစဉ်တွေကို မေ ၂၁ ရက်မှာ ဆက်လက်ကစားမှာဖြစ်ပါတယ်။ ရာသီကုန်ပွဲစဉ်တွေဖြစ်တာနဲ့အညီ အသင်းတိုင်းကတော့ အင်အားကုန်ထုတ်သုံးပြီး ယှဉ်ပြိုင်နေကြဆဲဖြစ်ပါတယ်။ ဒီနှစ် ပရီမီယာလိဂ်ဖလားအတွက် အဖြေထွက်သွားခဲ့ပြီမို့ ချန်ပီယံလိဂ်ဝင်ခွင့်အတွက် အသင်းကြီးတွေ အပြိုင်နွှဲနေရဆဲပါပဲ။ ဒါကြောင့် ရာသီကုန်ပွဲစဉ်တွေဟာလည်း မဖြစ်မနေ အားပေးရမယ့်ပွဲတွေ ဖြစ်နေပြန်ပါတယ်။*



**အာဆင်နယ်နှင့် အဲဗာတန်**

နိုင်ပွဲရမှဖြစ်မယ့် အာဆင်နယ်အတွက်ကတော့ အဲဗာတန်နဲ့ ကစားရမှာ ပွဲကျပ်ဖြစ်နေပါတယ်။ မန်စီးတီးအမှားကို စောင့်နေတဲ့ အာဆင်နယ်ဟာ ဒီပွဲမှာ မဖြစ်မနေ သုံးမှတ်ရအောင်ယူပါလိမ့်မယ်။ အခုတလော အာဆင်နယ်တို့က မန်ယူ၊ ဆောက်သမ်တန်နဲ့ စတုတ်အသင်းတွေကို နိုင်ပွဲတွေဆက်တိုက်ရယူထားနိုင်တာမို့ ချန်ပီယံလိဂ်ဝင်ခွင့်အတွက် မျှော်လင့်ချက်ရှင်သန်နေဆဲပါပဲ။ ရှုံးပွဲတွေဆက်နေတဲ့ အဲဗာတန်ကလည်း ပြီးခဲ့တဲ့ပွဲစဉ်မှာ ဝက်ဖို့ဒ်ကို အနိုင်ကစားနိုင်ခဲ့တာမို့ အခုပွဲမှာ အာဆင်နယ်ကွင်းမှာ ခြေရည်တူ ကစားပါလိမ့်မယ်။ ပထမအကျော့ပွဲစဉ်မှာ အဲဗာတန်က နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ခဲ့တာမို့ အခုပွဲစဉ်မှာ အဲဗာတန်က သရေတစ်မှတ်ရအောင်ယူဖို့ အားထုတ်ပါလိမ့်မယ်။

**ဝက်ဖို့ဒ်နှင့် မန်စီးတီး**

အမှားအယွင်း အတိမ်းအစောင်းမခံတဲ့ မန်စီးတီးတို့လည်း ဒီပွဲကို အနိုင်ကစားဖို့ ကြိုးစားတော့မှာဖြစ်ပါတယ်။ ရာသီကုန်ပွဲစဉ်တွေမှာ နိုင်ပွဲတွေပြန်ရလာတဲ့ မန်စီးတီးဟာ အခုပွဲကိုလည်း အမာခံကစားသမားတွေ အကုန်သုံးပြီး ပွဲထွက်လာမှာ သေချာပါတယ်။ ဝက်ဖို့ဒ်တို့က အမှတ်လိုအပ်မှု မပြင်းပြတော့ပေမယ့် အခုပွဲမှာ အားထည့်ကစားဖို့ ရှိနေတာမို့ မန်စီးတီးတို့ ပေါ့ဆလို့တော့ မရပါဘူး။ ပထမအကျော့ပွဲစဉ်မှာ မန်စီးတီးတို့က နှစ်ဂိုးပြတ်နိုင်ပွဲရခဲ့တာမို့ အခုပွဲလည်း အဲဒီအဖြေမျိုး ထွက်ပေါ်နိုင်ပါတယ်။

**မန်ယူနှင့် ခရစ္စတယ်ပဲလေ့စ်**

သရေပွဲ၊ ရှုံးပွဲတွေနဲ့ ဆက်တိုက်ကြုံတွေ့နေရတဲ့ မန်ယူတို့လည်း ချန်ပီယံလိဂ်ဝင်ခွင့် ပျောက်ဆုံးခဲ့ပြီဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲမှာ နိုင်ပွဲတွေမရခဲ့တဲ့ မန်ယူဟာ အခုပွဲအိမ်ကွင်းမှာ အနိုင်ကစားပါလိမ့်မယ်။ ပဲလေ့စ်တို့ကလည်း ပြီးခဲ့တဲ့ပွဲစဉ်မှာ ဟားလ်စီးတီးကို လေးဂိုးပြတ်သွင်းပြီး အနိုင်ယူခဲ့တာမို့ မန်ယူတို့ ဒီပွဲမှာ ထင်တိုင်းမပေါက်နိုင်ပါဘူး။ ဒါပေမယ့် မန်ယူတို့ အိမ်ကွင်းဖြစ်တာမို့ ဂိုးမပြတ်ပေမယ့် ကပ်ပြီး နိုင်သွားနိုင်ပါတယ်။

**လီဗာပူးနှင့် မစ်ဒယ်ဘရော့**

အမှတ်လိုအပ်နေတဲ့ လီဗာပူးဟာ တန်းဆင်းသွားပြီဖြစ်တဲ့ မစ်ဒယ်ဘရော့ကို အမှတ်ခွဲပေးမှာ မဟုတ်ဘဲ ဒီပွဲကို အနိုင်ကစားပါလိမ့်မယ်။ လီဗာပူးဟာ ပြတ်သားတဲ့ ရမှတ်နဲ့ တန်းစီဇယား တတိယနေရာကို ခိုင်မြဲအောင် ကြိုးစားမှာမို့ မစ်ဒယ်ဘရော့တို့ မလွယ်ပါဘူး။ ပထမအကျော့ပွဲစဉ်မှာ လီဗာပူးတို့ သုံးဂိုးပြတ်အနိုင်ရခဲ့တာမို့ အခုပွဲမှာလည်း သွင်းဂိုးများများနဲ့ သုံးမှတ်အပြည့်ရယူဦးမယ့်ပွဲပါပဲ။

**ချယ်လ်ဆီးနှင့် ဆန်းဒါးလန်း**

ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးခဲ့ပြီဖြစ်ပေမယ့် ရမှတ်များများနဲ့ ရာသီကုန်ဆုံးမယ့် ချယ်လ်ဆီးဟာ တန်းဆင်းသွားပြီဖြစ်တဲ့ ဆန်းဒါးလန်းကို အလျှော့ပေးမှာ မဟုတ်ပါဘူး။ ရာသီကုန်ချိန်မှာ အကောင်းဆုံးခြေစွမ်းကို အတိမ်းအစောင်းမရှိ ထိန်းသိမ်းနေတဲ့ ချယ်လ်ဆီးကို ဆန်းဒါးလန်းတို့ ခြေရည်တူ ကစားဖို့ မလွယ်ပါဘူး။ ပထမအကျော့မှာ ချယ်လ်ဆီးတို့ တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ခဲ့တာမို့ အခုပွဲမှာလည်း ချယ်လ်ဆီးတို့ပဲ နိုင်ပွဲရဦးမှာ ဖြစ်ပါတယ်။

**ဆွမ်ဆီးနှင့် ဝက်စ်ဘရွန်း**

ရာသီကုန်ဆုံးချိန်မှာ ခြေမှန်ပြန်ရနေတဲ့ ဆွမ်ဆီးတို့လည်း ဆန်းဒါးလန်းနဲ့ အဲဗာတန်အသင်းတွေကို နိုင်ပွဲဆက်တိုက်ရအောင် စွမ်းဆောင်နိုင်ခဲ့ပါတယ်။ ဝက်စ်ဘရွန်းတို့ကတော့ ရှုံးပွဲတွေဆက်နေပြီးရာသီကုန်ချိန်မှာ ခြေစွမ်းယိုင်လာနေတာမို့ အခုပွဲမှာ ဆွမ်ဆီးကို သရေကစားဖို့တောင် ခက်ခဲပါလိမ့်မယ်။ ပထမအကျော့ပွဲစဉ် ဝက်စ်ဘရွန်းတို့ သုံးဂိုး-တစ်ဂိုးနဲ့ နိုင်ခဲ့ပေမယ့် ဒီပွဲမှာ ဆွမ်ဆီးတို့ အလှည့်ဖြစ်သွားမှာပါ။

**လက်စတာနှင့် ဘုန်းမောက်**

အမှတ်လိုအပ်ချက် မပြင်းပြတော့တဲ့ လက်စတာဟာ ဒီပွဲမှာ ဂုဏ်သိက္ခာအရ ဘုန်းမောက်ကိုပေါ့ဆဆကစားမှာ မဟုတ်ပါဘူး။ မန်စီးတီးကို ရှုံးခဲ့ပေမယ့် ဘုန်းမောက်ကို အနိုင်ကစားဖို့ ကြိုးစားလာမယ့် လက်စတာတို့ဟာ ပထမအကျော့ပွဲစဉ်မှာ တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးကြွေးကို ပြန်ဆပ်ပါလိမ့်မယ်။ ခြေမှန်နေတဲ့ ဘုန်းမောက်တို့ကလည်း ဒီပွဲမှာ အနိမ့်ဆုံး တစ်မှတ်ရအောင်ယူမှာမို့ သရေပွဲလည်း ဖြစ်သွားနိုင်ပါတယ်။ ။

**မိုးမြင့်လင်းလက်**



# ကမ္ဘာ့နံပါတ်တစ် တင်းနစ်မယ် ပြန်ဖြစ်လိုတဲ့ ရှာရာပိုဗာ

ရုရှားတင်းနစ်အားကစားမယ် မာရီယာ ရှာရာပိုဗာက သူ့အနေနဲ့ ချန်ပီယံဆုဖလားများ ရယူကာ ကမ္ဘာ့နံပါတ်တစ် တင်းနစ်မယ်အဖြစ် ပြန်လည်ရပ်တည်နိုင်ဖို့ ကြိုးစားသွားမယ်လို့ ဆိုပါတယ်။

ကမ္ဘာ့နံပါတ်တစ် တင်းနစ်အားကစားမယ်ဟောင်း ရှာရာပိုဗာဟာ ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲအတွက် လက်ရည်စစ်မှု အောင်မြင်ထားပြီဖြစ်ပါတယ်။ သူဟာ ဆေးသုံးစွဲခဲ့မှုကြောင့် ၁၅ လကြာ ပိတ်ပင်ထားခြင်းခံရပြီးနောက် အခုစတင်ကစားလျက်ရှိနေပြီဖြစ်ပါတယ်။ သူ့အနေနဲ့ တင်းနစ်လောကမှာ နာမည်ကြီးပြိုင်ပွဲတွေဖြစ်တဲ့ ဂရင်းဆလမ်ပြိုင်ပွဲကြီးတွေမှာ ဖလားတွေပြန်လည်ရရှိဖို့ စိတ်အားထက်သန်လျက်ရှိပါတယ်။ ရှာရာပိုဗာဟာ ဝင်ဘယ်ဒန်ပြိုင်ပွဲ၊ ပြင်သစ်အိုးပင်းပြိုင်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့ စိတ်ဆန္ဒပြင်းပြနေပါတယ်။ သူဟာ တင်းနစ်လောကမှာ အောင်မြင်ခဲ့တဲ့ တင်းနစ်အကျော်အမော်တစ်ဦး ဖြစ်ပါတယ်။




# တယ်ရီကို မဟာဂန္ထဝင်လူသားလို့ ချီးကျူးတဲ့ ကွန်တီ

ချယ်လ်ဆီးအသင်းက ဝက်ဖို့ဒ်အသင်းကို လေးဂိုး-သုံးဂိုးနဲ့ အနိုင်ရပြီးတဲ့နောက် အသင်းခေါင်းဆောင် ဂျွန်တယ်ရီကို မဟာဂန္ထဝင်လူသားလို့ နည်းပြကွန်တီက ချီးကျူးစကားဆိုခဲ့ပြီး ရှားရှားပါးပါး လက်ဆွဲနှုတ်ဆက်ခဲ့ပါတယ်။ ဂျွန်တယ်ရီဟာ ဒီပွဲမှာ ချယ်လ်ဆီးအတွက် အဖွင့်ဂိုးကို သွင်းယူခဲ့ပါတယ်။ ပွဲသိမ်းခရာမှုတ်လိုက်ချိန်မှာတော့ ဂျွန်တယ်ရီဟာ အရုပ်သရဖူတစ်ခုနဲ့ အောင်ပွဲခံ ပျော်ရွှင်ခဲ့ပါတယ်။ အသက် ၃၆ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဂျွန်တယ်ရီဟာ ဒီရာသီအကုန်မှာ ချယ်လ်ဆီးနဲ့ လမ်းခွဲတော့မှာဖြစ်ပါတယ်။

သူဟာ ချယ်လ်ဆီးနဲ့ နှစ်ပေါင်း ၂၀ ကြာ ကစားခဲ့ပြီး အောင်ပွဲတွေလည်း အလီလီ ရရှိခဲ့ပါတယ်။ ချယ်လ်ဆီးရဲ့ ဒီနှစ် ပရီမီယာလိဂ်ဖလားကတော့ ဂျွန်တယ်ရီအတွက် နှုတ်ဆက်တဲ့ဖလားဖြစ်ခဲ့ပါတယ်။ သူဟာ ချယ်လ်ဆီးကို နှုတ်ဆက်လိုက်ပြီဖြစ်ပေမယ့် အင်္ဂလန် ပရီမီယာလိဂ်ထဲက ကလပ်တစ်ခုခုမှာပဲ ဆက်ရှိနေဦးမယ်လို့ဆိုထားပါတယ်။ တယ်ရီဟာ ချယ်လ်ဆီးအတွက်တော့ တကယ့်မဟာဂန္ထဝင်လူသားပါပဲ။

**ကောင်းမြတ်သူ - စုစည်းသည်။**


# ဖလားလက်မဲ့ဖြစ်မှုကြောင့် အလုပ်ဖြုတ်ခံရသင့်တယ်လို့ ဂွာဒီယိုလာဆို



ဒီနှစ်ရာသီမှာ မန်စီးတီးအနေနဲ့ ဖလားလက်မဲ့ ဖြစ်ခဲ့ရတဲ့အတွက် ဘာစီလိုနာနဲ့ ဘိုင်ယန်မြူးနစ်အသင်းတွေမှာသာဆိုရင် အလုပ်ဖြုတ်ခံရနိုင်တယ်လို့ မန်စီးတီးနည်းပြ ဂွာဒီယိုလာက ဆိုပါတယ်။ မန်စီးတီးအသင်းဟာ ဂွာဒီယိုလာ စတင်ကိုင်တွယ်တဲ့ ပထမဆုံးနှစ်မှာ ဖလားတစ်လုံးမှ မရခဲ့ပါဘူး။ ပရီမီယာလိဂ်မှာ လက်ကျန်နှစ်ပွဲနဲ့ စတုတ္ထနေရာရဖို့တောင် မသေချာသေးပါဘူး။ ချန်ပီယံလိဂ်မှာလည်း မန်စီးတီးဟာ ၁၆ သင်းအဆင့်ကနေ ပြိုင်ပွဲက ထွက်ခဲ့ရပါတယ်။ အက်ဖ်အေဖလားမှာ ဆီမီးဖိုင်နယ်နဲ့ လိဂ်ဖလား မှာ စတုတ္ထအဆင့်အထိသာ တက်လှမ်းခွင့်ရခဲ့ပါတယ်။ အသင်းကြီးတစ်သင်းအနေနဲ့ ကျွန်တော့်ကို အလုပ်ဖြုတ်သင့်ပါတယ်။ ဘာစီလိုနာနဲ့ ဘိုင်ယန်မြူးနစ်မှာသာဆိုရင် ဖလားမရရင် အလုပ်ဖြုတ်ပစ်မှာ အသေအချာပါပဲလို့ ဂွာဒီယိုလာက ဆိုပါတယ်။ မန်စီးတီးဟာ ပရီမီယာလိဂ် လက်ကျန်နှစ်ပွဲလုံးကို အနိုင်ရခဲ့မယ်ဆိုရင်တော့ လီဗာပူးနဲ့ အာဆင်နယ်တို့ရဲ့ရှေ့ကနေ တတိယနေရာကို ရနိုင်ခွင့်ရှိနေပါတယ်။

# ဘယ်အခြေအနေမျိုးမှာ ပြဒါးဆိပ်သင့်နိုင်သလဲ

**သိပ္ပံစာရေးဆရာကိုကိုအောင်**



ကမ္ဘာ့မြေလွှာအောက်မှတူးဖော်ရရှိသော ဓာတ်သတ္တုများကို ပြင်းထန်သော အပူပေး၍ သန့်စင်ခွဲခြားခြင်းအားဖြင့် ရုပ်ဂုဏ် သတ္တိနှင့် ဓာတ်ဂုဏ်သတ္တိတို့ ကွဲပြားခြားနားသော သတ္တု အမျိုးမျိုးတို့ကို ထုတ်လုပ်ရရှိသည်။ ထိုသို့ထုတ်လုပ်ရရှိသော သတ္တုအမျိုးမျိုးတို့သည် ရုပ်ဂုဏ်သတ္တိနှင့် ဓာတ်ဂုဏ်သတ္တိတို့ မည်သို့ပင်ကွဲပြားခြားနားစေကာမူ အများစုသောဓာတ်သတ္တုတို့၏ တူညီသောအချက်မှာ အစိုင်အခဲပုံသဏ္ဌာန်ဖြင့် တည်ရှိနေကြခြင်းပင်ဖြစ်သည်။

သို့ရာတွင် တွင်းထွက်သတ္တုများအနက် အခြားသောသတ္တုများနှင့်မတူဘဲ အသွင်အပြင်အားဖြင့် ကွဲပြားခြားနားသော သတ္တုတစ်မျိုးသည် ဓာတ်သတ္တု စာရင်းတွင် ပါဝင်လျက်ရှိနေ သည်။ ထိုသတ္တုသည်ကား သာမန်အပူချိန်တွင် အရည်အသွင်ဖြင့် ရှိနေသော ပြဒါးဖြစ်သည်။ ပြဒါးသည် တွင်းထွက်ဓာတ် သတ္တုများအားလုံးထဲတွင် အရည်ဘဝဖြင့်တည်ရှိနေသည့် တစ်ခုတည်းသောသတ္တုပင် ဖြစ်သည်။

ဘူမိဗေဒပညာရှင်တို့က ပြဒါးကို Mercury ဟုလည်း ကောင်း၊ Quick Silver ဟုလည်းကောင်း ခေါ်ဝေါ်သုံးနှုန်းကြ သည်။ သိပ္ပံဆိုင်ရာ မှတ်တမ်းအထောက်အထားများအရ ဘီစီ ၃၁၅ ခုနှစ်က အရစ္စတိုတယ်နှင့် သီအိုဖရေးစတပ်တို့က ပြဒါးကို စတင်တွေ့ရှိခဲ့သည်ဟုဆိုသည်။ သို့ရာတွင် ဘီစီ ၂၀၀ ခုနှစ် ဝန်းကျင်က တရုတ်လူမျိုးတို့ ရေးဆွဲအသုံးပြုခဲ့ကြသော မြေပုံများထဲ၌ ပင်လယ်သမုဒ္ဒရာနှင့် မြစ်များနေရာတွင် ပြဒါးဖြင့် အရောင်ခြယ်သထားခဲ့ကြောင်း ဖော်ထုတ်တွေ့ရှိရသည့်အတွက် ကမ္ဘာပေါ်၌ ပြဒါးကို ဦးစွာတွေ့ရှိသုံးစွဲခဲ့ကြသူများမှာ တရုတ်လူမျိုးတို့ပင်ဖြစ်သည်ဟု ဆိုရပေမည်။

ပြဒါးကို အဂ္ဂိရတ်ဖိုထိုးသမားများက အစဉ်အဆက် သုံးစွဲလာခဲ့ကြသည်မှာ ယနေ့ထိတိုင်အောင်ပင် ဖြစ်သည်။ ပြဒါးကို စတင်တွေ့ရှိခဲ့ပြီးနောက်ပိုင်း စပိန်နိုင်ငံမှ အီတလီနိုင်ငံ ရောမ မြို့သို့ ပြဒါးများ သယ်ဆောင်ရောက်ရှိခဲ့သည်ဟု သုတေသီတို့ကဆိုကြသည်။ သို့ရာတွင် ထိုစဉ်ကာလများက ပြဒါးကို သုံးစွဲသည့် အလေ့အထမှာ မတွင်ကျယ်ခဲ့သေးသလို ပြဒါးကုန်သွယ်မှုနယ်ပယ်မှာလည်း အလွန်ပင် ကျဉ်းမြောင်းလျက် ရှိနေသေးသည်။

၁၅၀၂ ခုနှစ်က နယ်မြေသစ်စွန့်စားရှာဖွေသူ ခရစ္စတိုဖာ ကိုလံဘတ်စ်သည် အမေရိကတိုက်ကို ရှာဖွေဖော်ထုတ်တွေ့ရှိခဲ့သည်။ ထိုကာလနောက်ပိုင်းမှစ၍ ရွှေနှင့်ငွေတို့ကို ပြဒါးဖြင့်ဖမ်းယူနိုင်ရန် ပြဒါးပမာဏ အမြောက်အမြားကို သုံးစွဲခဲ့ကြသည်။ သို့ရာတွင် စက်မှုထုတ်ကုန်ပစ္စည်းများတွင် ပြဒါးကို သုံးစွဲခြင်းမပြုနိုင်ခဲ့ကြသေးပေ။ တစ်ခုတည်းသောသတ္တုရည် ဖြစ်သည့် ပြဒါး၏ အစွမ်းအာနိသင်ကို တစ်စတစ်စ သိရှိလာခဲ့ကြရာမှ ထုတ်ကုန်ပစ္စည်းအတော်များများတွင် ပြဒါးသည် မပါမဖြစ်အရေးကြီးသော အခြေခံကုန်ကြမ်းတစ်ခု ဖြစ်လာခဲ့ သည်။

ယနေ့မျက်မှောက်ကာလ၌မူ မီးခလုတ်အပါအဝင် လျှပ်စစ် ပစ္စည်းများ၊ လျှပ်ကူးပစ္စည်းများ၊ လျှပ်တာပြောင်း ကိရိယာများ၊ ရေဒီယို အီလက်ထရွန်နစ် ပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ ဓာတ်ခွဲခြောက်များ၊ စက်မှုလုပ်ငန်းဆိုင်ရာ ထိန်းချုပ်ရေး ပစ္စည်းများ၊ လက်နက်ခဲယမ်းများ၊ အနံ့မရှိသော သုတ်ဆေးများ၊ အပူချိန်တိုင်းကိရိယာများ၊ သွားဘက်ဆိုင်ရာ ဆေးပစ္စည်းကိရိယာများ၊ ပိုးသတ်ဆေးနှင့် မှိုသတ်ဆေးများ၊ ဓာတ်ငွေ့မီးလုံးများ စသည်တို့ကို ထုတ်လုပ်ရာ၌လည်းကောင်း၊ သိပ္ပံဓာတ်ခွဲခန်းသုံး ပစ္စည်းများကို ထုတ်လုပ်ရာ၌လည်း ကောင်း၊ ကလိုရင်းနှင့် ကော့စတစ်ဆိုဒါများကို ထုတ်လုပ်ရာ၌လည်းကောင်း၊ ရွှေနှင့် ငွေတို့ကို ဖမ်းယူရာ၌လည်းကောင်း ပြဒါးကို တွင်ကျယ်စွာ အသုံးပြုနေကြပြီဖြစ်သည်။

ပြဒါးသည် ကမ္ဘာ့မြေလွှာအောက်တွင် သီးသီးသန့်သန့် စုပုံဖွဲ့စည်းတည်ရှိမနေဘဲ အခြားသော တွင်းထွက်ပစ္စည်းများထဲ၌သာ ရောနှောပါဝင်ပြီး တည်ရှိနေသည်။ ဥပမာအားဖြင့် Cinnabar(HgS)နှင့် Calomel(Hg2Cl2)တို့တွင် ရှစ်ရာခိုင်နှုန်းခန့်အထိ ပါဝင်ဖွဲ့စည်းနေတတ်သည်။ Cinnabar ကို အောက်ဆီဂျင်ကြွယ်ဝသောလေထဲ၌ မီးပြင်းပြင်းတိုက်ပေးခြင်းအားဖြင့် ဆာလ်ဖာများသည် ဆာလဖျူရစ်အက်စစ်အဖြစ်သို့ ပြောင်းလဲသွားသည်။ ထွက်ရှိလာသော ပြဒါးငွေ့များကို ဖန်ပြွန်ထဲ၌အအေးခံပြီး သိုလှောင်ကန်ထဲသို့ စီးဆင်းသွားစေခြင်းအားဖြင့် ပြဒါးကို ထုတ်လုပ်ရရှိနိုင်သည်။ နောက်ထပ်နည်းလမ်းတစ်ခုမှာ Cinnabar ထဲသို့ ထုံးကို သော်လည်းကောင်း၊ သံကိုသော်လည်းကောင်းရောထည့်ပြီး ပေါင်းခံလိုက်ခြင်းအားဖြင့် ထပ်ပေါင်းပစ္စည်းတို့သည် ဆာလ်ဖာနှင့်ပေါင်းစည်းသွားပြီး ပြဒါးသန့်သန့်ကို ထုတ်ယူနိုင်သော နည်းလမ်းပင်ဖြစ်သည်။

ပြဒါးထုတ်လုပ်သည့်လုပ်ငန်းစဉ်မှာ ဤမျှ လွယ်ကူရိုးရှင်းလှသော်လည်း ပြဒါးကို စက်မှုထုတ်ကုန်ပစ္စည်းများ၌ ထည့်သွင်းသုံးစွဲရကောင်းမှန်း မသိခဲ့ကြသေးသည့်အတွက် ကမ္ဘာ့ပြဒါးကုန်သွယ်ရောင်းဝယ်ဖောက်ကားမှု ဈေးကွက်သည် သိသိသာသာ ကျယ်ပြန့်မလာခဲ့ပေ။ နောက်ပိုင်းတွင် လျှပ်စစ် နှင့် ရေဒီယိုအီလက်ထရွန်နစ်ပစ္စည်းများထုတ်လုပ်ရာ၌ ပြဒါး၏ အခန်းကဏ္ဍ အရေးကြီးပုံကို သိရှိလာခဲ့ကြသည်။ ထို့အတူ အပူချိန်တိုင်းသာမိုမီတာကဲ့သို့သော ကျန်းမာရေး အထောက်အကူပြုပစ္စည်းများ ထုတ်လုပ်မှုတွင်ကျယ်လာသည့်အတွက် ထိုကိရိယာများ၏ အခြေခံပစ္စည်းဖြစ်သော ပြဒါးကို ထုတ်ယူသုံးစွဲမှုမှာလည်း တဖြည်းဖြည်း မြင့်တက်လာခဲ့သည်။

တစ်ဖက်တွင်လည်း ကမ္ဘာ့လူဦးရေတိုးပွားလာသည့်အတွက် ကောက်ပဲသီးနှံများ စိုက်ပျိုးထုတ်လုပ်မှုကို မြှင့်တင်လာခဲ့ကြရသည့်အားလျော်စွာ...စိုက်ပျိုးရေးလုပ်ငန်းသုံး ပိုးသတ်ဆေးနှင့် မှိုသတ်ဆေးများကို နှစ်စဉ် တန်ချိန်ပေါင်း များစွာ ထုတ်လုပ်ပေးလာကြရတော့သည်။ စိုက်ပျိုးရေးလုပ်ငန်းသုံး ပိုးသတ်ဆေးနှင့် မှိုသတ်ဆေးများတွင် ပြဒါးကို ထည့်သွင်းဖော်စပ်ရသည့်အတွက် ပြဒါးသုံးစွဲမှုကလည်း သိသာစွာ မြင့်တက်လာခဲ့သည်။

အလားတူပင် စက်မှုလုပ်ငန်းသုံး ကလိုရင်းနှင့် ကော့စတစ်ဆိုဒါများ ထုတ်လုပ်မှုပမာဏကိုလည်း များစွာမြှင့်တင်ပေးလာရသည့် အားလျော်စွာ ထိုပစ္စည်းများအတွက် ကုန်ကြမ်းတစ်မျိုးဖြစ်သော ပြဒါး၏ ဈေးကွက်လိုအပ်ချက် ကိန်းဂဏန်းကလည်း ကြီးမားလာခဲ့သည်။

ဤနည်းအားဖြင့် ပြဒါးသုံးစွဲမှု သိသိသာသာမြင့်တက်လာခဲ့ပြီး ကမ္ဘာ့ပြဒါးရောင်းဝယ်မှုဈေးကွက်တွင် ဝယ်လိုအား အဆမတန်မြင့်မားလာခဲ့သည်။ ၁၉၆၅ ခုနှစ်သည် ပြဒါးရောင်းဝယ်ဖောက်ကားမှုလုပ်ငန်း၏ ရွှေခေတ်ဖြစ်ခဲ့သည်။ ထိုအချိန်က ပြဒါးတစ်ပေါင်၏ဈေးနှုန်းသည် ရှစ်ဒေါ်လာခန့်အထိ ရောက်ရှိသွားခဲ့ရာ ထုတ်လုပ်မှုကုန်ကျစရိတ်အားဖြင့် တစ်တန်လျှင် ကိုးဒေါ်လာခန့်သာ ကျသင့်ခဲ့သော ပြဒါးသည် သတ္တုတူး ဖော်ရေးလုပ်ငန်းရှင်များအတွက် ဆွဲဆောင်မှုကြီးတစ်ရပ်ဖြစ်ခဲ့ရသည်။

ထို့ကြောင့်ပင် ပြဒါးပါဝင်နှုန်း အလွန်နည်းလှသော သတ္တု ရိုင်းများကိုပင် စီးပွားဖြစ်တူးဖော်ခဲ့ကြပြီး ပြဒါးထုတ်လုပ်ရေးဘက်သို့ ဦးလှည့်လာခဲ့ကြသည်။ ပြဒါးပါဝင်ဖွဲ့စည်းမှု ရှစ်ရာခိုင်နှုန်းခန့်အထိရှိသော သတ္တုရိုင်းများကိုသာ တူးဖော် ထုတ်လုပ်ရန် စိတ်အားထက်သန်ခဲ့ကြသည့် သတ္တုတွင်းပိုင်ရှင်တို့သည် ပြဒါးပါဝင်နှုန်း ၀ ဒသမ ၁ ရာခိုင်နှုန်းအထိသာရှိသော သတ္တုရိုင်းများကိုပါ တူးဖော်ခဲ့ကြသည်။

ဤကဲ့သို့ ငါးပွက်ရာငါးစာချကြသော သတ္တုတူးဖော်ရေးသမားတို့၏ လုပ်ရပ်များကြောင့် ၁၉၇၀ ပြည့်နှစ်အရောက်တွင် ဝယ်လိုအားထက် ထုတ်လုပ်မှုအားက အဆမတန်မြင့်မားလာသည့်အတွက် ပြဒါးဈေးများ စံချိန်တင်ထိုးကျသွားခဲ့တော့သည်။

ပြဒါးသည် လူတို့၏ခန္ဓာကိုယ်အတွက် အဆိပ်အတောက် ပစ္စည်းတစ်မျိုး ဖြစ်သည်။ ခန္ဓာကိုယ်တွင်း၌ ပြဒါးများ စုပုံ ရောက်ရှိမှုပမာဏသည် အတိုင်းအတာတစ်ရပ်သို့ရောက်ရှိလာချိန်တွင် ပြဒါးဆိပ်သင့်ပြီး သေဆုံးကြရလေ့ရှိသည်။

လူတို့အတွက် ပြဒါးဆိပ်သင့်စေနိုင်သောအကြောင်းအရာ များစွာရှိနေသည်။ ပိုးသတ်ဆေးနှင့် မှိုသတ်ဆေးများ ပက်ဖျန်းထားသော ကောက်ပဲသီးနှံများကို ရေဖြင့် အထပ်ထပ် ဆေးကြောခြင်းမပြုဘဲ စားသုံးမိပါက ပြဒါးဆိပ်သင့်မှုကို ဖြစ်စေနိုင်သည်။ ထို့အတူ ပိုးသတ်ဆေးနှင့် မှိုသတ်ဆေးများ ပက်ဖျန်းထားသော ကောက်ပဲသီးနှံများကို စားသုံးထားသည့် တိရစ္ဆာန်များ၏အသားကို ချက်ပြုတ်စားသောက်မိလျှင်လည်း ပြဒါးဆိပ်သင့်စေနိုင်သည်။

မြစ်၊ ချောင်း၊ အင်း၊ အိုင်နှင့် ပင်လယ်များထဲတွင် ရှင်သန် ကျက်စားနေကြသော ရေမျောသတ္တဝါငယ်ကလေးများသည် ပြဒါးပါဝင်သောပစ္စည်းများကို အများအပြား စားသုံးလေ့ရှိကြသည်။ ထိုသတ္တဝါငယ်ကလေးများသည် စားသုံးထားသော ပြဒါးများကို ပြဒါးအိုင်းယွန်းများအဖြစ်သို့ ပြောင်းလဲပစ်လိုက်သည့်အတွက် ထိုရေမျောသတ္တဝါငယ်ကလေးများကို စားသောက်ကြသော ငါးတို့၏ ခန္ဓာကိုယ်ထဲတွင် ပြဒါးများ စုပုံရောက်ရှိနေတတ်သည်။

ထို့ပြင် ကျောက်မီးသွေးကိုလောင်မြိုက်စေရာမှထွက်ရှိလာသော ပြဒါးအမှုန်အမွှားများသည်လည်း ရေတွင်းရေကန်နှင့် မြစ်ချောင်းအင်းအိုင်များအတွင်းသို့ ကျရောက်သွားသည့်အခါ မီသိုင်းမာကျူရီအဖြစ် ပြောင်းလဲသွားပြီး ငါးများက မျိုချမိကြခြင်းဖြင့် ထိုရေသတ္တဝါတို့၏ခန္ဓာကိုယ်အတွင်းသို့ ပြဒါးများ ရောက်ရှိသွားသည်။ မီသိုင်းမာကျူရီသည် ဦးနှောက်၊ နှလုံး၊ ကျောက်ကပ်နှင့် အဆုတ်တို့ကို ပြင်းထန်စွာ ဒုက္ခပေးနိုင်သည့်အတွက် မီသိုင်းမာကျူရီကိုမျိုချထားသည့်ငါးကို စားသုံးမိလျှင် ကျန်းမာရေးကို ထိခိုက်စေနိုင်သည်။

ဂျပန်နိုင်ငံတွင် ပြဒါးအများအပြားပါဝင်နေသော ပင်လယ်ငါးများကို စားသုံးမိကြသည့်အတွက် လူထောင်ပေါင်းများစွာတို့ သေဆုံးခဲ့ကြရသည့်ဖြစ်ရပ်သည် ပြဒါးဆိပ်သင့်မှု၏ အနိဋ္ဌာရုံပြယုဂ်တစ်ခုပင် ဖြစ်သည်။

ရေထွက်စားသောက်ကုန်ပစ္စည်းများဖြစ်သော ငါးအမျိုးမျိုးတို့အနက် အပုံနှစ်သန်းလျှင် ပြဒါးတစ်ပုံပါဝင်သော ငါးများကို စားသုံးမိပါက ပြဒါးဆိပ်သင့်မှုကို ဖြစ်စေနိုင်သည့်အတွက် ထိုအချိုးအစားအထိ ပြဒါးပါဝင်မှုရှိနေသော ရေထွက်ပစ္စည်းများကို ထုတ်လုပ်ရောင်းချခြင်းမပြုရန် ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံအချို့တို့တွင် တင်းကြပ်စွာတားမြစ်ထားသည်။ မည်သို့ပင်ဖြစ်စေကာမူ ပြဒါးပါဝင်မှုများပြားလေ့ရှိသော ဝေလငါးနှင့် ငါးမန်းစသည့် ပင်လယ်ငါးကြီးများကို တစ်လလျှင် ၅၀၀ ဂရမ်ထက်ပို၍ စားသုံးရန်မသင့်ပေ။

ရှေးနှစ်ပေါင်းများစွာကတည်းက တစ်ကမ္ဘာလုံး၌ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲခဲ့ကြသော ဓာတ်ဘူးများသည်လည်း ဖန်သားနှင့် ပြဒါးတို့ကိုပေါင်းစပ်ပြီး ထုတ်လုပ်ထားရသော လူသုံးပစ္စည်းများဖြစ်ကြရာ ဓာတ်ဘူးထဲရှိ သောက်သုံးမည့်ရေနွေးထဲ၌ အကြောင်းတစ်စုံတစ်ရာကြောင့် ပြဒါးအမှုန်အမွှားများ ပါလာခဲ့သည်ရှိသော် သောက်လိုက်သည့် ရေနွေး၊ ရေနွေးကြမ်း၊ ကော်ဖီ၊ လက်ဖက်ရည်၊ ဟောလစ်၊ မိုင်လို စသည်တို့မှတစ်ဆင့် ခန္ဓာကိုယ်ထဲသို့ ပြဒါးများရောက်ရှိသွားနိုင်သည်။ ယင်းကဲ့သို့ ရောက်ရှိစုပုံနေမည့် ပြဒါးပမာဏ များပြားလာပါက ခန္ဓာကိုယ်တွင်းအင်္ဂါများကို ပြင်းထန်စွာဒုက္ခပေးရာမှ အသက်ဆုံးရှုံးရသည်အထိ ဖြစ်ပွားလာနိုင်သည်။

ထို့ကြောင့်ပင် ပူနွေးနေရန်လိုအပ်သည့် ရေ၊ အရည်နှင့် စားသောက်ဖွယ်ရာများ၏ အပူချိန်ကို အတိုင်းအတာတစ်ရပ်အထိ ထိန်းထားပေးနိုင်ရန်အတွက် မျက်မှောက်ကာလ၌ ပြဒါးအန္တရာယ်ကို စိုးရိမ်ရန်မလိုအပ်သော ပြဒါးလွတ်၊ ဖန်သားလွတ် ဓာတ်ဘူးနှင့် ထမင်းဘူးများကို ပြောင်းလဲထုတ်လုပ်လာခဲ့ကြသည်။ သံမဏိနှင့် အလူမီနီယံတို့ကို အဓိကထားပြီး ရောစပ်ထုတ်လုပ်ထားသော ခေတ်သစ်ဓာတ်ဘူးများသည် ယခင်ကသုံးစွဲခဲ့ကြသည့် ဖန်သားဓာတ်ဘူးများလောက် ရေအပူချိန်ကို ထိန်းထားနိုင်စွမ်းမရှိသော်လည်း ပြဒါးဆိပ်သင့်မည့်ဘေးအန္တရာယ်မှ စိတ်ချရသည့်အတွက် ဖန်သားဓာတ်ဘူးများနေရာတွင် အစားထိုးသုံးစွဲလာနေကြပြီဖြစ်သည်။

စက်မှုနှင့် အီလက်ထရွန်နစ် နည်းပညာတိုးတက်မှုအဆင့် ထိပ်တန်းသို့ရောက်ရှိနေသော မျက်မှောက်ကာလတွင် ပြဒါးသည် ဘက်စုံသုံးသတ္တုရည်အဖြစ် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ၌ ကျယ်ကျယ်ပြန့်ပြန့်ပါဝင် အထောက်အကူပြုလျက်ရှိနေပြီဖြစ်ရာ ပြဒါးပါဝင်နေသော လူသုံးကုန်ပစ္စည်းများ စက်မှုလုပ်ငန်းသုံးပစ္စည်းများ၊ အိမ်သုတ်ဆေးများ၊ လျှပ်စစ်ပစ္စည်းများ၊ လက်နက်ခဲယမ်းများ၊ ပိုးသတ်ဆေးနှင့် မှိုသတ်ဆေးများ စသည်တို့ကို ကိုင်တွယ်သုံးစွဲရာတွင် အသိရှိရှိ၊ သတိရှိရှိဖြင့် ဆောင်ရွက်သွားကြခြင်းအားဖြင့် ပြဒါးဆိပ်သင့်မည့်ဘေးမှ ကင်းဝေးချမ်းသာကြလိမ့်မည်ဖြစ်ပေသည်။ ။

**ပြဒါးသည် လူတို့၏ခန္ဓာကိုယ်အတွက် အဆိပ်အတောက်ပစ္စည်းတစ်မျိုးဖြစ်သည်။ ခန္ဓာကိုယ်တွင်း၌ ပြဒါးများ စုပုံရောက်ရှိမှုပမာဏသည် အတိုင်းအတာတစ်ရပ်သို့ရောက်ရှိလာချိန်တွင် ပြဒါးဆိပ်သင့်ပြီး သေဆုံးကြရလေ့ရှိသည်။ လူတို့အတွက် ပြဒါးဆိပ်သင့်စေနိုင်သောအကြောင်းအရာများစွာ ရှိနေသည်။ ပိုးသတ်ဆေးနှင့် မှိုသတ်ဆေးများ ပက်ဖျန်းထားသော ကောက်ပဲသီးနှံများကို ရေဖြင့် အထပ်ထပ်ဆေးကြောခြင်းမပြုဘဲ စားသုံးမိပါက ပြဒါးဆိပ်သင့်မှုကို ဖြစ်စေနိုင်သည်။ ထို့အတူ ပိုးသတ်ဆေးနှင့် မှိုသတ်ဆေးများ ပက်ဖျန်းထားသော ကောက်ပဲသီးနှံများကို စားသုံးထားသည့် တိရစ္ဆာန်များ၏အသားကို ချက်ပြုတ်စားသောက်မိလျှင်လည်း ပြဒါးဆိပ်သင့်စေနိုင်သည်**

# ပြည်သူလူထုအခြေပြု မြို့သန့်ရှင်းရေးလှုပ်ရှားမှု စုပေါင်းဆောင်ရွက်

**မြိတ် မေ ၁၇**
တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ မြို့သာယာလှပစေရေး၊ မြို့တွင်းလမ်းများ ကြံ့ခိုင်မှုရှိရေး၊ ယာဉ်အန္တရာယ် လမ်းအန္တရာယ် ကင်းရှင်းရေး၊ လမ်းများသန့်ရှင်းရေး စသည်တို့တွင် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် အလေ့အကျင့်ကောင်းများ ရရှိရေးအတွက် ပြည်သူလူထုအခြေပြု မြို့သန့်ရှင်းရေး လှုပ်ရှားမှုတစ်ရပ်ကို တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်ကိုယ်တိုင် ပြည်သူနှင့်အတူ ပူးပေါင်းပါဝင်၍ မေ ၁၅ ရက်က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့သန့်ရှင်းရေး စုပေါင်းဆောင်ရွက်ရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်နှင့် တိုင်းဒေသကြီးဝန်ကြီးများက ဦးဆောင်၍ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ မြို့ပေါ်ရပ်ကွက် ၁၁ ခုနှင့် ကျေးရွာနှစ်ရွာတို့မှ ပြည်သူများ၊ ပြည်ဖြိုးထွန်းကုမ္ပဏီမှ ဝန်ထမ်းများ ပါဝင်ကြပြီး စုစုပေါင်း ၄၀၀၀ ကျော်ဖြင့် မြိတ်မြို့တွင်းရှိ လမ်းများတစ်လျှောက်တွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို နံနက် ၅ နာရီမှ ၇ နာရီ အထိ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။



စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်မှုကို မြို့သန့်ရှင်းသာယာလှပရေး လုပ်ငန်းများတွင် ပြည်သူလူထုများပါ ပူးပေါင်းပါဝင်လာကြစေရန် ရည်ရွယ်လျက် လှုပ်ရှားမှုတစ်ရပ်အဖြစ် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး သန့်ရှင်းရေး ဆောင်ရွက်သူများအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ထူးထူးတိုးနှင့် ဖိုးလမင်းကုမ္ပဏီတို့က အအေးနှင့်မုန့်များ ကျွေးမွေးခဲ့ကြသည်။



ပြည်သူလူထုအခြေပြု မြို့သန့်ရှင်းရေးလှုပ်ရှားမှု စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ကမ်းနားလမ်းတစ်လျှောက် နောက်လယ်ဗောတံတားမှ မြိတ် Shopping Center အထိ၊ အောင်ဆန်းလမ်းတစ်လျှောက် ရွှေပြည်တန်လမ်းဆုံမှ အထက(ခွဲ) မြို့သစ်ကျောင်းလမ်းဆုံ အထိ၊ ပြည်သာယာလမ်းတစ်လျှောက်၊ ပိတောက်ရွှေဝါလမ်းတစ်လျှောက်တို့တွင် စုရပ်သုံးခုသတ်မှတ်၍ ဆောင်ရွက်ခဲ့ကြပြီး အမှိုက်များကို စည်ပင်သာယာရေးအဖွဲ့၏ အမှိုက်သိမ်းယာဉ် ငါးစီး၊ လမ်းသန့်ရှင်းရေးယာဉ်တစ်စီးနှင့် ရပ်ကွက်များမှ အမှိုက်သိမ်းယာဉ် ငါးစီးတို့ဖြင့် သိမ်းဆည်းကာ သတ်မှတ်နေရာများတွင် စွန့်ပစ်ပေးခဲ့ကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**

## သက်တမ်းလွန်အစားအသောက်နှင့် ဆေးဝါးများ ရောင်းချမှုမရှိစေရန် ပညာပေးဆွေးနွေး

**မိုးညှင်း မေ ၁၇**
မိုးညှင်းခရိုင် မိုးညှင်းမြို့နယ်အတွင်းရှိ မော်ဟန်ကျေးရွာဈေးထဲတွင် သက်တမ်းလွန် အစားအသောက်များ၊ တားမြစ်ဆေးဝါးများ၊ တရုတ်ပြည်မှတင်သွင်းလာသောကြက်ဥများ ရောင်းချမှုမရှိစေရေးအတွက် ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများက ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ပူးပေါင်း၍ ဈေးထဲမှ ဈေးသည်များအား အသိပညာပေး ဆွေးနွေးခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ မေ ၁၅ ရက်က ဆောင်ရွက်ခဲ့သည်။

ထို့နောက် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဟောပြောပွဲကို ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ဆက်လက်ပြုလုပ်ပြီး ခရိုင်စားသုံးသူရေးရာဦးစီးဌာန တာဝန်ခံက စားသုံးသူအကာအကွယ်ပေးရေးဥပဒေ ပေါ်ပေါက်လာပုံသမိုင်းကြောင်းနှင့် စားသုံးသူအကာအကွယ်ပေးရေးဥပဒေပါ ပြစ်မှုနှင့်ပြစ်ဒဏ်များအကြောင်းကို ဟောပြောပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးစိုးမြင့်က ပိုးသတ်ဆေး ဓာတ်ကြွင်းအာနိသင်အကြောင်း၊ ထုတ်ကုန်သီးနှံ အရည်အသွေးပြည့်မီရေးနှင့် သဘာဝမြေသြဇာထုတ်လုပ်ပုံထုတ်လုပ်နည်းများအကြောင်းကို ရှင်းလင်းဟောပြောခဲ့သည်။ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်နွယ်နွယ်အေးကလည်း ကျောင်းသားလူငယ်များအား စာပေဖတ်ရှုသည့်အလေ့အထရှိအောင် ပြုစုပျိုးထောင်ပေးကြရန်နှင့် ကျေးရွာစာကြည့်တိုက်များကို စနစ်တကျ အသုံးချတတ်စေရေး ဒေသခံများအား ဟောပြောခဲ့သည်။
**(ခရိုင် ပြန်/ဆက်)**

## လယ်ယာမြေဥပဒေနှင့် နည်းဥပဒေများ ပညာပေးဟောပြော

**မင်းကင်း မေ ၁၇**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ် ကျေးနင်းကျေးရွာအုပ်စု ကျေးနင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဒေသခံတောင်သူများအား လယ်ယာမြေဥပဒေ၊ နည်းဥပဒေအကြောင်း အသိပညာပေးဟောပြောပွဲကို မေ ၁၄ ရက်က ကျင်းပခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်စိုးက တောင်သူလယ်သမားများအနေဖြင့် မိမိတို့စိုက်ပျိုးလုပ်ကိုင်လျက်ရှိသော လယ်ယာမြေများကို သားစဉ်မြေးဆက် ပိုင်ဆိုင်လုပ်ကိုင်နိုင်ခွင့်ရရှိရေးအတွက် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေနှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်(ပုံစံ-၇)ကို သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က စိစစ်ထုတ်ပေးလျက်ရှိသဖြင့် တောင်သူများက လျှောက်ထားရန် လိုအပ်ပုံနှင့် လျှောက်ထားရမည့်လုပ်ငန်းစဉ်များအကြောင်းကို အသိပညာပေးဟောပြောပြီး အသိပညာပေး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ချင်းတွင်းသား**



## ပဲခူးမြို့ပေါ်ရှိ ရဲစခန်းအချုပ်ခန်းများအား လိုက်လံကြည့်ရှုစစ်ဆေး

**ပဲခူး မေ ၁၇**
ပဲခူးမြို့ပေါ်ရှိ ရဲစခန်းအချုပ်ခန်းများသို့ ခရိုင်တရားသူကြီး ဦးညိုထွန်း၊ မြို့နယ် တရားသူကြီး ဦးကျော်သင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွေးတို့သည် မေ ၁၆ ရက်က မြို့မရဲစခန်း၊ အမှတ် (၂) နှင့် အမှတ်(၃)နယ်မြေရဲစခန်းရှိ အချုပ်ခန်းများ၌ အချုပ်သားအချုပ်သူများ အချုပ်ခန်းအတွင်းနေထိုင်ရာတွင် သက်သာ ချောင်ချိမှု ရှိ မရှိ၊ ကျန်းမာရေးကောင်းမွန်မှု ရှိ၊ မရှိ၊ အချုပ်ခန်းအတွင်းသို့ လေဝင်လေထွက် ကောင်းမွန်မှု ရှိ မရှိ တို့ကိုလိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။
**သန့်စင်(ပဲခူး)**



## မြောင်မြို့နယ်၌ ရှေးဦးသူနာပြုခြင်း (ကြက်ခြေနီ)သင်တန်းဆင်း

**မြောင် မေ ၁၇**
စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့တွင် အမျိုးသမီးရေးရာအဖွဲ့နှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ရှေးဦးသူနာပြုခြင်း(ကြက်ခြေနီ)သင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၁၆ ရက် နံနက် ၁၁ နာရီက မြို့နယ်သံဃာ့ဆေးရုံ ခန်းမဆောင်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းမေသိန်းရီက သင်တန်းဆင်းပွဲ အမှာစကားပြောရာတွင် "အခုသင်တန်းက ပို့ချလိုက်တဲ့ ရှေးဦးသူနာပြု ကျန်းမာရေးစောင့်ရှောက်ခြင်း အတတ်ပညာများကို မိမိတို့ကျေးရွာသို့ ရောက်ရှိသည့်အခါ လေ့လာရရှိသည့် အတတ်ပညာများကို ကျေးရွာရှိပြည်သူများအား ပြန်လည်ဖြန့်ဝေပေးကြပါလို့ ပြောပါရစေ၊ ဒါမှသာ ကျေးရွာရှိပြည်သူများအနေဖြင့် ကျန်းမာရေးဗဟုသုတ တိုးပွားမှာဖြစ်ပါတယ်၊ ဒီလိုဖြန့်ဖြူးပေးတဲ့ အကျိုးကျေးဇူးလေးရဲ့ ပီတိလေးကို အခုသင်တန်းတက်ရောက်သည့် သင်တန်းများ ဧကန်မလွဲခံစားရမှာပါ" ဟု ပြောကြားပြီးနောက် သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် သင်တန်းသူ၊ သင်တန်းသား ၄၅ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ မေ ၁၂ ရက်မှ ၁၆ ရက်ထိ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။
**တင်ကိုကို**

## ငါးထပ်ကျောင်းဆောင်တော်ကြီး ရေစက်ချအလှူတော်ကျင်းပ

**ရန်ကုန် မေ ၁၇**
ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်းရှိ အရိယာမဏ္ဍိုင်ကျောင်းတိုက်တွင် စေတနာရှင်အလှူရှင်များစုပေါင်းအင်အားဖြင့် တည်ဆောက်ပြီးစီးခဲ့သည့် ဓမ္မစာရီ ငါးထပ်ကျောင်းဆောင်တော်ကြီး ရေစက်ချအလှူတော်ကို မေ ၁၄ ရက် နံနက် ၉ နာရီက အဆိုပါ ကျောင်းတိုက်၌ ကျင်းပကြောင်း သိရသည်။

"ယခင်က ဒီကျောင်းမှာ သံဃာအပါး ၈၀ သာ စာလိုက်နိုင်တာပါ။ အခု ငါးထပ်ကျောင်းဆောင်တော်ကြီး ပြီးစီးပြီဆိုတော့ အနယ်နယ်အရပ်ရပ်ကလာတဲ့ စာချ/စာသင် သံဃာအပါး ၃၀၀ ကျော်ဟာ ပထမငယ်၊ ပထမလတ်၊ ပထမကြီးစတဲ့ ဓမ္မာစရိယစာချတန်းတွေကို သင်ကြားမွေးထုတ်နိုင်မှာဖြစ်ပါတယ်"ဟု အရိယာမဏ္ဍိုင်ကျောင်းတိုက်ဆရာတော် ဦးပညာလောကက မိန့်ကြားသည်။ ကျောင်းဆောင်ကြီး ရေစက်ချအလှူတော်မင်္ဂလာတွင် စီပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် အလှူရှင်များက ကျောင်းဆောင်ကြီးကို ဆရာတော်ထံ ရေစက်ချလှူဒါန်းခဲ့ကြသည်။

ရဟန်းအပါး ၃၀၀ ကျော် စာချ/စာသင် သီတင်းသုံးနိုင်မည့် အဆိုပါ ငါးထပ်ကျောင်းဆောင်တော်ကြီးသည် အလျား ပေ ၁၁၀၊ အနံပေ ၄၀ ရှိပြီး ကျပ်သိန်းပေါင်း ၂၅၀၀ ကျော် အကုန်ကျခံ၍ ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ မြေညီထပ်တွင် ခန်းမကြီးရှိပြီး ပထမထပ်မှ စတုတ္ထထပ်အထိတွင် အခန်းပေါင်း ၆၄ ခန်းရှိကာ တစ်ခန်းလျှင် သံဃာငါးပါးဖြင့် သံဃာအပါး ၃၀၀ ကျော် သီတင်းသုံးနိုင်ကြောင်း၊ ထိုကျောင်းဆောင်ကြီးကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက မတည်ကာ စေတနာရှင်အလှူရှင်များ၏ ပေါင်းစုအင်အားဖြင့် ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။
**မျိုးမင်းသိန်း(မရမ်းကုန်း)**

## နွေရာသီ အခြေခံအင်္ဂလိပ်စကားပြော သင်တန်းဆင်း



**မိုင်းကိုင် မေ ၁၇**
ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းကိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်ခဲ့သော နွေရာသီအခြေခံအင်္ဂလိပ်စကားပြောသင်တန်းဆင်းပွဲနှင့် ဆုပေးပွဲကို မေ ၁၅ ရက်က မြို့နယ်ပြန်/ဆက်ရုံးခန်း၌ ကျင်းပခဲ့သည်။ သင်တန်းဆင်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုလတ်က အမှာစကား ပြောကြားပြီး ပြန်/ဆက်ဦးစီးမှူး ဒေါ်နန်းလှိုင်လှိုင်ဦးက သင်တန်းနှင့်ပတ်သက်သည့် အတွေ့အကြုံများကို ရှင်းလင်းဆွေးနွေးကာ ဆုပေးပွဲကို ဆက်လက်ကျင်းပရာ အထက်တန်း အဆင့်တွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများနှင့် အခြေခံအဆင့်တွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။

အဆိုပါသင်တန်းကို မတ် ၁၈ ရက်မှ မေ ၁၅ ရက်အထိ သင်တန်းကာလ နှစ်လနီးပါး ဖွင့်လှစ်ခဲ့ပြီး သင်တန်းတွင် အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူပေါင်း ၁၃၀ ကျော် တက်ရောက်သင်ယူခဲ့ကြကြောင်း၊ နွေရာသီ ကျောင်းပိတ်ရက်ကာလအတွင်း လူငယ်များ အချိန်ကိုအကျိုးရှိစွာအသုံးချတတ်စေရန်၊ စာပေဗဟုသုတများ လေ့လာနိုင်သည့် ပြည်သူ့စာကြည့်တိုက်တွင် ပညာဗဟုသုတ ရှာမှီးတတ်စေရန်နှင့် အင်္ဂလိပ်ဘာသာစကား လေ့လာသင်ယူနိုင်သည့်အခွင့်အလမ်းများ ရရှိစေရန်ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ရခိုင်လူငယ်ညီလာခံဖြစ်မြောက်ရေးအတွက် ကော်မတီဝင်များနှင့် ပြည်နယ်ဝန်ကြီးချုပ် တွေ့ဆုံဆွေးနွေး

**စစ်တွေ မေ ၁၇**
ရခိုင်လူငယ်ညီလာခံ ဖြစ်မြောက်ရန်အတွက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ ရခိုင်လူငယ်ညီလာခံဖြစ်မြောက်ရေး ဦးဆောင်ကော်မတီများ မေ ၁၅ ရက်က စစ်တွေမြို့ရှိ ပြည်နယ်ဝန်ကြီးချုပ်ရုံး ညှိနှိုင်း ခန်းမ၌ တွေ့ဆုံဆွေးနွေးခြင်းခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် ရခိုင်လူငယ်ညီလာခံကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအတွင်း တောင်ကုတ်မြို့၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် လူငယ်ညီလာခံ၏ ဦးတည်ချက်၊ ရည်ရွယ်ချက်များ၊ ရခိုင်လူငယ်ညီလာခံ ဖြစ်ပေါ်လာရေးအတွက် ဆောင်ရွက်ခဲ့မှုများနှင့် ပြည်နယ်အစိုးရအနေဖြင့် လူငယ်ညီလာခံဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးစေလိုကြောင်းကို လူငယ်ညီလာခံဖြစ်မြောက်ရေး ဦးဆောင်ကော်မတီဝင်များက ဆွေးနွေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ပြန်လည်ဆွေးနွေးရာတွင် လူငယ်များကို အမြဲတမ်းဖိတ်ခေါ်ပြီး လူငယ်များနှင့် ပူးပေါင်းဆောင်ရွက်ရန် အဆင်သင့်ရှိကြောင်း၊ လူငယ်ညီလာခံကျင်းပမည့် ရည်ရွယ်ချက်များမှာ ကောင်းမွန်ပြီး ရခိုင်ပြည်နယ်အတွင်းမှ ပြန့်ကျဲနေသည့်လူငယ်များကို စုစည်းကာ ညီညီညွတ်ညွတ်လုပ်ဆောင်ကြရန် တိုက်တွန်းလိုကြောင်း၊ ညီလာခံအတွက် လိုအပ်ချက်များကို တင်ပြလာသည့်အပေါ် ပြည်နယ်အစိုးရအနေဖြင့် ကူညီဆောင်ရွက်ပေးနိုင်သည့် အခန်းကဏ္ဍများတွင် ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**တင်ထွန်း(ပြန်/ဆက်)**



**မေလဒုတိယပတ်က သုခစုံမိသားစုမှ ရဟန်းလောင်း ၅၈ ပါးနှင့် ရှင်သာမဏေလောင်း ၄၂ ပါးတို့အား သာသနာ့ဘောင်သွတ်သွင်းခြင်းနှင့် ရေစက်ချမင်္ဂလာ အခမ်းအနားကို လှိုင်မြို့နယ် သစ္စာဝါဒီဓမ္မရိပ်သာကျောင်း၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက) ထံမှ ရေစက်ချတရား နာယူစဉ်**
မီးမီး(လှိုင်)

# လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများကို ပြန်လည်ကွင်းဆင်းစစ်ဆေး

**ကျောက်မဲ မေ ၁၇**
ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့ ခိုမုန်းကျေးရွာအုပ်စု ခိုမုန်းကျေးရွာရှိ အမှတ်(၁)စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်မှ ပြန်လည်စွန့်လွှတ်ခဲ့သည့် မြေဧရိယာ ဧက ၃၀၀ အနက် အငြင်းပွားမြေဧရိယာ ၈၉ ဧကကို သက်ဆိုင်ရာတောင်သူများထံ ပြန်လည်ပေးအပ်နိုင်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မေ ၁၅ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းအောင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအုန်းကျော်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရဲထွဋ်နိုင်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးစိုင်းဝင်းမင်းကို၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန၊ စီမံကိန်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက အဆိုပါ အငြင်းပွားမြေဧရိယာ ၈၉ ဒသမ ၃၃ ဧကကို သက်ဆိုင်ရာတောင်သူများထံ ပြန်လည်ပေးအပ်နိုင်ရေးအတွက် မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းနှင့် မြေတိုင်းတာခြင်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ **(ခရိုင် ပြန်/ဆက်)**



# တွံတေးမြို့နယ်အတွင်းမှ ကျေးရွာငါးရွာတွင် မေလအတွင်း လျှပ်စစ်မီးထပ်မံရရှိ



**တွံတေး မေ ၁၇**
ရန်ကုန်တိုင်းဒေသကြီးအစိုးရရန်ပုံငွေ ကျခံသုံးစွဲ၍ ဆောင်ရွက်မှုခဲ့ဖြင့် ရန်ကုန်အနောက်ပိုင်းခရိုင် တွံတေးမြို့နယ်အတွင်းရှိ ကျေးရွာငါးရွာဖြစ်သည့် ကြည်ဆိပ်ရွာ၊ ခရမ်းဝရွာ၊ ကြည်တန်းရွာ၊ ကုလားတန်းရွာနှင့် ဘကလဲ့ကျေးရွာတို့တွင် မေလအတွင်း လျှပ်စစ်မီးထပ်မံရရှိပြီး မီးလင်းနေပြီဖြစ်ကြောင်း သိရသည်။

တွံတေးမြို့နယ်အတွင်း၌ ကျေးရွာပေါင်း ၂၃၉ ရွာရှိပြီး ထိုအထဲတွင် လျှပ်စစ်မီးလင်းပြီးသည့်ကျေးရွာ ၆၄ ရွာနှင့် နေရောင်ခြည်စွမ်းအင် ဆိုလာမီးစနစ်ကို သုံးစွဲသည့်ကျေးရွာ ၃၂ ရွာရှိကာ မီးလင်းရန်ကျန်ရှိသေးသည့်ကျေးရွာပေါင်း ၁၇၀ ရှိသည့်အနက် ယခုအခါ ကျေးရွာငါးရွာတွင် ထပ်မံ၍လျှပ်စစ်မီးလင်းလာခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် တွံတေးမြို့နယ်အတွင်း တွံတေး-ဒလ ကားလမ်းဘေး၊ လှိုင်သာယာ-တွံတေး ကားလမ်းဘေးနှင့် ကံဘဲ့-ဘုရားကြီးလမ်းဘေးရှိ ကျေးရွာများအားလုံးတွင် လျှပ်စစ်မီးရရှိနေပြီဖြစ်သည်။ ထို့အပြင် ပဒန်ရေကျော်-ခတ္တိယလမ်းဘေးရှိ ကျေးရွာငါးရွာတို့တွင် ၁၁/၀.၄ ကေဗွီ၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာငါးလုံး တည်ဆောက်ပြီးစီးခြင်း၊ HT လိုင်း တစ်ခန်းစီခွဲထားခြင်းတို့ကို လုပ်ကိုင်ဆောင်ရွက်နိုင်ပြီးဖြစ်သည့်အတွက် တွံတေးမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၂၃၉ ရွာအနက် ရွာငယ်ကလေးများမှအပ ကျန်ကျေးရွာများအားလုံးတွင် ၂၀၂၀ ခုနှစ်အတွင်း လျှပ်စစ်မီးလင်းရေးကို သက်ဆိုင်ရာဌာန၊ ကျေးရွာမီးလင်းရေးကော်မတီများနှင့် လွှတ်တော်ကိုယ်စားလှယ်များက ကြိုးပမ်းအားထုတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

# တောင်သူများအား လယ်ယာမြေဥပဒေနှင့် နည်းဥပဒေများ ရှင်းလင်းဟောပြော

**ကျောက်တန်း မေ ၁၇**
၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ နည်းဥပဒေများနှင့်ပတ်သက်၍ တောင်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲများကို ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ကမာကလုပ်ကျေးရွာနှင့် ကရင်ချောင်ကျေးရွာအုပ်စုတို့တွင် မေ ၁၁ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲများတွင် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးဟန်ဝင်းထူးနှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးကျော်ဦးတို့က ဒေသခံတောင်သူများအား ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများအကြောင်း၊ တောင်သူများအား လယ်ယာမြေလုပ်ကိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)အပြည့်အဝထုတ်ပေးနိုင်ရေး ဆောင်ရွက်နေမှုများနှင့် တောင်သူများဘက်မှ ဆောင်ရွက်ရန်အချက်များကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**စိုးဝင်း(ကျောက်တန်း)**

## မှုခင်းသတင်းတိုများ

### ဆေးရုံတက်နေရသည့် အရက်ကြောင်နေသူက တုတ်ဖြင့်ရိုက်၍ လူနာတစ်ဦး သေဆုံးပြီး လူနာစောင့်နှစ်ဦးဒဏ်ရာရ

ဆိပ်ဖြူမြို့ ပြည်သူ့ဆေးရုံတွင် တက်ရောက်ကုသနေရသည့် လူနာတစ်ဦးက အရက်ကြောင်ကာ အနီးရှိ လူနာနှင့် လူနာစောင့်များအား တုတ်ဖြင့်ရိုက်ခဲ့၍ လူနာတစ်ဦး သေဆုံးပြီး လူနာစောင့်နှစ်ဦး ဒဏ်ရာရရှိမှု မေ ၁၄ ရက်က ဖြစ်ပွားခဲ့ကြောင်း ဆိပ်ဖြူမြို့မရဲစခန်းမှ သိရသည်။

ဆိပ်ဖြူမြို့ ပြည်သူ့ဆေးရုံတွင် တက်ရောက်ကုသနေရသည့် လူနာတစ်ဦးဖြစ်သူ အောင်မြင့်နိုင်(၃၉ နှစ်)သည် မေ ၁၄ ရက် နံနက် ၃ နာရီခန့်က အရက်ကြောင်ပြီး ခုတင်ချင်းကပ်လျက် လူနာတစ်ဦးဖြစ်သူ ဦးတင်ဆောင်အား အရှည်နှစ်ပေခွဲခန့်ရှိ သစ်သားတုတ်ဖြင့်ရိုက်ခဲ့ခြင်းဖြစ်ကာ ဦးတင်ဆောင်၏သားသမီးများဖြစ်သော မောင်ကျော်မင်းထူး(၂၂ နှစ်)၊ မသန်းသန်းဌေး(၁၇ နှစ်)နှင့် ဦးတင်ဆောင်၏ညီမ ဒေါ်ဟန်သန်းတို့က ဝင်ရောက်ဖြန်ဖြေခဲ့ရာတွင် အောင်မြင့်နိုင်က ထပ်မံ၍ တုတ်နှင့်ရိုက်ခဲ့သောကြောင့် မောင်ကျော်မင်းထူးနှင့် ဒေါ်ဟန်သန်းတို့တွင် မစိုးရိမ်ရဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။ တုတ်ဖြင့်အရိုက်ခံရသော လူနာဦးတင်ဆောင်မှာ စိုးရိမ်ရသဖြင့် နံနက် ၉ နာရီခွဲခန့်တွင် ဆိပ်ဖြူပြည်သူ့ဆေးရုံမှ မကွေးပြည်သူ့ဆေးရုံသို့ ပို့ဆောင် ကုသစဉ် လမ်း၌ သေဆုံးသွားခဲ့ကြောင်း တရားလို၏တိုင်ကြားချက်အရ သိရသည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ တုတ်ဖြင့်ရိုက်သူ အောင်မြင့်နိုင်အား အရေးယူပေးရန် မောင်ကျော်မင်းထူးက တရားလိုပြုလုပ်၍ ဆိပ်ဖြူမြို့မရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

### ရွှေကူမြို့၌ တရားမဝင်သစ်နှင့် မီးသွေးအိတ်များ ဖမ်းဆီးရမိ

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ်အတွင်း ရေယာဉ်တစ်စင်းပေါ်မှ တရားမဝင် တမလန်းသစ်နှင့် မီးသွေးအိတ်များ မေ ၁၅ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ ဗန်းမော်ခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦး၊ ရွှေကူမြို့နယ်သစ်တောဦးစီးအရာရှိ ဦးမင်းဇော်ဦးနှင့် ဝန်ထမ်းများအဖွဲ့က သတင်းအရ ရွှေကူမြို့နယ် မင်းကျောင်းကုန်းကျေးရွာအနီး ဧရာဝတီမြစ်အတွင်း မန္တလေးဘက်မှ ဆန်တက်လာသည့် ပတိုင်းသင်္ဘောကို ရှာဖွေစစ်ဆေးရာ သင်္ဘော ပေါ်မှ တရားမဝင် တမလန်းသစ် ခွဲသားဆိုက်စုံ ၁၇၄၅ ချောင်း (အလေးချိန် ၁၁ ဒသမ ၄၈၆ တန်)နှင့် မီးသွေး ၄၅ ပေါင်ဝင်အိတ် အလုံးရေ ၁၀၀၀ ခန့်ကို ရေယာဉ်အုပ် ဦးဉာဏ်လင်းဦး(၄၆ နှစ်)နှင့် ရေယာဉ်စာရေး ဦးထိန်လင်းလွင်(၃၅ နှစ်)တို့အား ဖမ်းဆီးကာ တရားဥပဒေအရ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

### စကားများရန်ဖြစ်ပြီး တူမီးသေနတ်ဖြင့်ပစ်၍ လူတစ်ဦးသေဆုံး

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ကရင်တောင်ပြောင်ကျေးရွာ၌ လူနှစ်ဦး အရက်အတူသောက်ရာမှ စကားများရန်ဖြစ်ကာ တူမီးသေနတ်ဖြင့်ပစ်၍ တစ်ဦးသေဆုံးမှု မေ ၁၃ ရက်က ဖြစ်ပွားခဲ့သည်။ အဆိုပါကျေးရွာရှိ ဦးအုန်းမောင်၏ ဥယျာဉ်ခြံမှ အလုပ်သမားများဖြစ်သော ခင်ဇော်နှင့် မိုးမိုး(ခ)ဝင်းဇော်လတ်တို့သည် ခြံအတွင်း အရက်အတူသောက်စားနေကြရာမှ စကားများရန်ဖြစ်ကာ ခင်ဇော်က ၎င်းကိုင်ဆောင်သော တူမီးယမ်းထောင်းသေနတ်ဖြင့် ဝင်းဇော်လတ်၏ နောက်ကျောကို တစ်ချက်ပစ်ခတ်ခဲ့ပြီး ဝင်းဇော်လတ်မှာ သေနတ်ဒဏ်ရာဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးသွားကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ခင်ဇော်(၄၆ နှစ်)အား သရက်ချောင်းမြို့နယ် ဝင်းဝနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

### သံလမ်းပေါ်တွင် ထော်လာဂျီပျက်၍ ရထားနှင့်တိုက်မှုဖြစ်

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် သုံးဆယ်မြို့ဆရာစံမြို့သစ်ရပ်ကွက်ရှိ မီးရထားလမ်းကူးသံလမ်းပေါ်တွင် ထော်လာဂျီပျက်၍ ရထားနှင့်တိုက်မိမှု မေ ၁၅ ရက်က ဖြစ်ပွားခဲ့သည်။ အဆိုပါ သံလမ်းကူးနေရာတွင် ယာဉ်မောင်းအမည်မသိ(စုံစမ်းဆဲ) မောင်းနှင်လာသော အပြာရောင်ထော်လာဂျီမှာ မီးရထားလမ်းကိုဖြတ်ကူးစဉ် စက်ရပ်သွားပြီး ပြည်မှ ရန်ကုန်ဘက်သို့ စက်ခေါင်းမောင်းဦးဌေးဝင်း မောင်းနှင်လာသော စက်ခေါင်းအမှတ် DF-2016 ရထားဖြင့် တိုက်မိခဲ့ခြင်းဖြစ်သည်။ သုံးဆယ်နယ်မြေရဲစခန်းမှူး ရဲအုပ်ဝင်းဇော်ဦး ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များနှင့် သုံးဆယ်မြို့အုပ်ချုပ်ရေးမှူး ဦးဇော်လင်းမောင်နှင့် အုပ်ချုပ်ရေးအဖွဲ့များ၏ စုံစမ်းချက်အရ မီးရထားမှာပျက်စီးဆုံးရှုံးမှုမရှိဘဲ ရန်ကုန်ဘက်သို့ ဆက်လက်ထွက်ခွာနိုင်ခဲ့ကြောင်းနှင့် ထော်လာဂျီမောင်းနှင်လာသူမှာ နေရာမှ တိမ်းရှောင်ထွက်ပြေးသွားကြောင်း သိရသဖြင့် ထော်လာဂျီ မောင်းသူကို ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် အမှုဖွင့်ကာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန့်ဇော်(ပြန်/ဆက်)**

### အရွယ်မရောက်သေးသူအား ခိုးယူပေါင်းသင်းခဲ့မှု မိခင်ဖြစ်သူတိုင်ကြား

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်နေ အမျိုးသမီးတစ်ဦးက ၎င်း၏ အရွယ်မရောက်သေးသောသမီးဖြစ်သူအား ခိုးယူပေါင်းသင်းခဲ့သည့် အမျိုးသားနှစ်ဦးအား မေ ၁၄ ရက်က အမှုဖွင့်တိုင်ကြားခဲ့ကြောင်း မြို့သစ်မြို့မရဲစခန်းမှ သိရသည်။

မြို့သစ်မြို့နယ် စိုင်ကြံတဲတိုက်နေ ဒေါ်ညို၏ သမီးဖြစ်သူ မ ---- (၁၃ နှစ်)အား တစ်ရွာတည်းနေ သန်းနိုင်ဝင်း(ခ)မောင်လွမ်း(၁၈ နှစ်)က ၂၀၁၆ ခုနှစ် စက်တင်ဘာလအတွင်းက ခိုးယူပေါင်းသင်းခဲ့ကြောင်း၊ သုံးလခန့်ပေါင်းသင်းပြီးနောက် လင်မယားချင်းရန်ဖြစ်သဖြင့် မ---- မှာ မိဘနေအိမ်သို့ ပြန်လာခဲ့ကြောင်း၊ ထို့နောက် ယခုနှစ် ဧပြီ ၁၉ ရက်တွင် မ-----အား ဆန်းကျော်ဌေး(ခ)အာကြီး (၁၇ နှစ်)က ထပ်မံခိုးယူပေါင်းသင်းသဖြင့် အရွယ်မရောက်သေးသူအား ခိုးယူပေါင်းသင်းနေထိုင်သူ သန်းနိုင်ဝင်း(ခ)မောင်လွမ်းနှင့် ဆန်းကျော်ဌေး(ခ)အာကြီးတို့အား အရေးယူပေးရန် မ---၏ မိခင် ဒေါ်ညိုက တရားလိုပြုလုပ်၍ မြို့သစ်မြို့နယ် မြို့မရဲစခန်း၌ မေ ၁၄ ရက်က တိုင်ကြားခဲ့ခြင်းဖြစ်ပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ မြို့သစ်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကျော်ဇေယျ**

## ငြိမ်းချမ်းရေးအတွက် စီးပွားရေးလုပ်ငန်းများအကြောင်း ဆွေးနွေးဟောပြောပွဲကျင်းပ

**ဘားအံ မေ ၁၇**

ကရင်ပြည်နယ် ဘားအံမြို့၌ ငြိမ်းချမ်းရေးအတွက် စီးပွားရေးလုပ်ငန်းများ (Business For Peace)အကြောင်း ဆွေးနွေးဟောပြောပွဲကို မေ ၁၄ ရက်က အမှတ်(၈) ရပ်ကွက်ရှိ သီရိဘားအံဟိုတယ် မင်္ဂလာဖားစည်ခန်းမ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က နေရာဒေသအသီးသီးတွင် စီးပွားရေးတိုးတက်မှုရှိမှသာလျှင် ငြိမ်းချမ်းရေးအတွက်လည်း အထောက်အကူဖြစ်နိုင်မည် ဖြစ်ကြောင်း၊ ယခင် လက်နက်ကိုင်တိုက်ပွဲများဖြစ်ခဲ့ချိန်တွင် စီးပွားရေးကို များစွာထိခိုက်ခဲ့ရပြီး ဒေသငြိမ်းချမ်းရေး ပိုမိုရရှိလာချိန်တွင် စီးပွားရေးလုပ်ငန်းများ လာရောက် ရင်းနှီးမြှုပ်နှံမှု ပိုမိုများပြားလာကြောင်း၊ အေးချမ်းတည်ငြိမ်စွာဖြင့် စီးပွားရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခြင်းသည်လည်း ငြိမ်းချမ်းရေး၏ အနှစ်သာရပင်ဖြစ်ကြောင်း၊ ထို့ကြောင့် စီးပွားရေးလုပ်ငန်းရှင်များက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်သင့်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင် ဒုတိယဉက္ကဋ္ဌ ဦးသိန်းဇော်က အမှာစကားပြောကြားပြီး UMFCCI ဒုတိယဉက္ကဋ္ဌ ဦးသိန်းဟန်က ဟောပြောပွဲကျင်းပခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးကာ ဟသ်ာအုပ်စုဂျာနယ်အသင်း (မော်လမြိုင်) မှ ဒုဥက္ကဋ္ဌ ဦးမင်းဗညားစန်းက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးနိုင်သက်လွင်ထံမှ ပေးပို့သည့်သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် ပါမောက္ခဒေါက်တာအောင်ထွန်းသက်က ငြိမ်းချမ်းရေးအတွက် စီးပွားရေးလုပ်ငန်းများခေါင်းစဉ်ဖြင့် ကရင်ပြည်နယ်သူ ပြည်နယ်သားများအနေဖြင့် ပြည်နယ်အတွင်း ငြိမ်းချမ်းရေးရရှိလာသည်နှင့်အညီ အတွေးအခေါ် ဆန်းသစ်မှုများဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများအတွက် စဉ်းစားတွေးခေါ်တတ်စေရန်ကိုလည်း ရည်ရွယ်ပါကြောင်း၊ စီးပွားရေး လုပ်ငန်းရှင်များ ပါဝင်လာနိုင်ရေးအတွက် မျှော်လင့်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များသည် ငြိမ်းချမ်းရေးအတွက် အရေးပါကြောင်း၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးသည် အပြန်အလှန်ဆက်နွှယ်နေကြောင်း စသည့်အချက်များကို ဆွေးနွေးဟောပြောခဲ့ပြီး ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ရွှေလီနယ်စပ် ဝင်/ထွက်မှုဆိုင်ရာ နှစ်နိုင်ငံညှိနှိုင်းအစည်းအဝေးပြုလုပ်

**မူဆယ် မေ ၁၇**

တရုတ်-မြန်မာ နှစ်နိုင်ငံနယ်စပ် ဝင်/ထွက်မှုဆိုင်ရာများနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကို ရွှေလီမြို့ ရွှေလီနယ်စပ် ကာကွယ်စုံစမ်းစစ်ဆေးရေးဌာန အစည်းအဝေးခန်းမ၌ မေ ၁၅ ရက်က ပြုလုပ်ခဲ့ပြီး တရုတ်နိုင်ငံ ရွှေလီနယ်စပ်ကာကွယ်စုံစမ်းစစ်ဆေးရေးဌာန နိုင်ငံရေးမှူး ဝမ်ချန်းဖေ ဦးဆောင်သော တရုတ်နိုင်ငံတာဝန်ရှိသူအဖွဲ့နှင့် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာနခွဲ(၇) မူဆယ်ဒေသ ခရိုင်ဦးစီးမှူး ဦးစောနိုင် ဦးဆောင်သော အဖွဲ့တို့ တွေ့ဆုံဆွေးနွေးခဲ့သည်။



အစည်းအဝေးတွင် နှစ်နိုင်ငံ တာဝန်ရှိသူများက တရုတ်-မြန်မာနှစ်နိုင်ငံသည် အချိန်ကြာမြင့်စွာ တည်ရှိခဲ့ပြီးဖြစ်သော ချစ်ကြည်ရင်းနှီးမှုကို အခြေခံ၍ ကောင်းမွန်သော အောက်ခြေပူးပေါင်းဆောင်ရွက်မှုများလည်း ရှိခဲ့ကြောင်း၊ တရုတ်-မြန်မာ နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်မှုကြောင့် နယ်စပ်ဒေသများတွင် လုံခြုံရေးနှင့် အေးချမ်းတည်ငြိမ်မှုကိုရရှိခဲ့ကြောင်း၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးအတွက် ပိုမိုကောင်းမွန်သော ဆက်သွယ်ညှိနှိုင်းရေးနည်းလမ်းများကို ဆောင်ရွက်ရန်၊ နယ်စပ်ဝင်/ထွက်မှုဆိုင်ရာ မူဝါဒနှင့် တရားဥပဒေ စည်းကမ်းချက်များကို လက်ကမ်းစာစောင်များဖြန့်ဝေခြင်းဖြင့် မိမိတို့နိုင်ငံ၏ ပြည်သူလူထုကို ပညာပေးခြင်းဖြင့် ပြည်သူများ ဥပဒေကို ကျင့်သုံးလိုက်နာအောင် ဆောင်ရွက်ရန်၊ အကြမ်းဖက်မှု ကာကွယ်တားဆီးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ပြီး အကြမ်းဖက်သတင်းနှင့်ပတ်သက်သည့် အချက်အလက်များကို နှစ်နိုင်ငံ အပြန်အလှန် သတင်းပေးဆောင်ရွက်ရန် စသည့် အချက်များကို ဆွေးနွေးခဲ့သည်။

ထို့အပြင် နယ်စပ်ဝင်/ထွက်သွားလာမှုဆိုင်ရာများနှင့် ပတ်သက်၍လည်း နှစ်နိုင်ငံ တာဝန်ရှိသူများအနေဖြင့် နယ်စပ်ဝင်/ထွက်သွားလာမှု စစ်ဆေးရေးစနစ်နှင့် ပုံစံများကို ပြုပြင်ပြောင်းလဲလိုပါက အချိန်နှင့်တစ်ပြေးညီ အကြောင်းကြားရန်၊ နှစ်နိုင်ငံပြည်သူများ ကိုင်ဆောင်ထားသည့် နယ်စပ်ဖြတ်သန်းသွားလာခွင့်စာအုပ်များဖြင့် ဝင်/ထွက်ရာတွင် သတ်မှတ်ရက်နှင့် ကန့်သတ်နယ်မြေကျော်လွန်ပါက စုံစမ်းစစ်ဆေးပြီး ပြစ်မှုဆိုင်ရာ ဥပဒေနှင့် ညီစွန်းခြင်းမရှိပါက နှစ်ဦးနှစ်ဖက် အချင်းချင်း လွှဲပြောင်း၍ စိစစ်ဆောင်ရွက်ရန်၊ နှစ်နိုင်ငံမှ ဌာနများ၏ ကွပ်ကဲမှုအောက်ရှိ ဝန်ထမ်းများအား နယ်စပ်ဝင်/ထွက်မှုဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ ပညာပေးလမ်းညွှန်မှုများ ဆောင်ရွက်ကာ လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း ရိုးသားဖြောင့်မတ်စွာဖြင့် တရားဥပဒေနှင့်အညီဆောင်ရွက်အောင် လမ်းညွှန်ရန်၊ နယ်စပ်ဝင်/ထွက်သွားလာခြင်းလုပ်ငန်းရပ်များ မြှင့်တင်ဆောင်ရွက်ရာတွင် သာမန်ဖြစ်စဉ်သော်လည်းကောင်း၊ ထူးခြားဖြစ်စဉ်များသော်လည်းကောင်း ပေါ်ပေါက်ပါက နှစ်နိုင်ငံ ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားရန်စသည့် အချက်များကို နှစ်နိုင်ငံ တာဝန်ရှိသူများ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

**သတင်း - သန့်ဇင်(မူဆယ်)၊ ဓာတ်ပုံ -ရိုးသျှား**

## ခရီးသည် ၈၀ ကျော်ပါသော ရေယာဉ်တစ်စင်း အင်ဂျင်ခန်းအပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွား



**ကနီ မေ ၁၇**

ချင်းတွင်းမြစ်အတွင်း မုံရွာမှ ဟုမ္မလင်းသို့ ဆန်တက်လာသည့် ခရီးသည် ၈၀ ကျော်ပါဝင်သော ရေယာဉ်တစ်စင်း အင်ဂျင်စက်ခန်း အပူလွန်ကဲရာမှ မီးလောင်မှု စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် ဘုမ္မဇင်းကျေးရွာအုပ်စု တအုံကျေးရွာအနီး၌ မေ ၁၆ ရက် နံနက် ၉ နာရီခန့်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ခရီးသည် ၈၀ ကျော် လိုက်ပါလာသည့် ဇွဲထက်နိုင်အသင်းမှ ဇေယျာသောင်းရေယာဉ်မှာ အင်ဂျင်စက်ခန်းအပူလွန်ကဲ၍ မီးလောင်သဖြင့် တအုံကျေးရွာအနီး မြစ်ကမ်းဘေးတွင်ကပ်၍ ရေယာဉ်ပေါ်ပါခရီးသည်များနှင့် ကျေးရွာနေပြည်သူများက ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ကြရခြင်းဖြစ်ကာ မီးလောင်ပြီး ၁၅ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့သည်။ ရေယာဉ်မီးလောင်မှုကြောင့် ယာဉ်ပေါ်ပါခရီးသည်များအားလုံး ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း အဆိုပါရေယာဉ်ပေါ်တွင် လိုက်ပါလာသော ခရီးသည်တစ်ဦးထံမှ ကနဦးသတင်းအရ သိရသည်။ **သန်းဌေးအောင်(ကနီ)**




**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁ယ/၃၆၆၄၅ Honda C90 Custom CMV M/C ယာဉ်လက်ဝယ်ရှိသူ ဦးအုံးခင် ၉/မရတ(နိုင်)၀၈၁၇၉၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**ဖောင်းကြွပြောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 9G/2901 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)**

## အခြေခံယာဉ်မောင်းသင်တန်း

ကုန်းလမ်းပို့ဆောင်ရေး၊ အခြေစိုက်အလုပ်ရုံအမှတ်(၁)၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မှဖွင့်လှစ်သော အခြေခံယာဉ်မောင်းသင်တန်းများကို လစဉ် လဆန်းရက်တိုင်း ပုံမှန် ဖွင့်လှစ်လျက်ရှိပါသည်။ (Auto' Manual) နှစ်မျိုးလုံး သင်ကြားပေးသည်။

ဇွန်လ ပုံမှန်သင်တန်း (၆-၆-၂၀၁၇)ဖွင့်မည်။

ဇွန်လ အထူးသင်တန်း(၃-၆-၂၀၁၇)ဖွင့်မည်။

**ဆက်သွယ်ရန်** ဖုန်း- ၀၁-၂၉၁၃၁၃၊ ၀၁-၂၉၁၃၁၄၊ ၀၉-၃၁၅၆၆၇၂၅၊ ၀၉-၇၉၅၆၃၀၉၇၀

Ocean Super Market မဟာဗန္ဓုလတံတားအနီး

(လူဦးရေကန့်သတ်ထားသည်။)

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ စက်ယန္တရား/ယာဉ်များတွင် လဲလှယ်အသုံးပြုရန်လိုအပ်သော စက်အရန်ပစ္စည်းများနှင့် ရုံးချုပ်ဌာနခွဲများအတွက် ရုံးသုံးစက်ကိရိယာများအား D.D.P (Paung Laung)၊ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | **Tender No.02/DHPI/Machinery Spare/2017-2018** | |
| | 1. Spare Parts for Heavy Machinery | 1 Lot |
| (ခ) | **Tender No.03/DHPI/Office Equipment/2017-2018** | |
| | 1. Digital Multifunction Copier (A3) | 5 Nos |
| | 2. Colour Laser Printer (A3) | 2 Nos |
| | 3. Colour Laser Printer (A4) | 2 Nos |
| | 4. Laser Printer (A4) | 2 Nos |
| | 5. Colour Printer (A3) | 2 Nos |
| | 6. Desktop Computer | 3 Sets |
| | 7. Laptop Computer | 2 Nos |

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) တို့အား သီးခြားစီချိပ်ပိတ်၍ ၂၀-၅-၂၀၁၇ရက် ၁၂း၀၀ နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ Company Profile Rating နှင့် Technical Specification Rating တို့တွင် ရမှတ်(၆၀)ကျော်သော ကုမ္ပဏီများ၏ ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) ဖွင့်ဖောက်ရန် ရက်အား ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး အများရှေ့မှောက်တွင် ပွင့်လင်းမြင်သာစွာ ဖွင့်ဖောက်ကြေညာ၍ စုစုပေါင်းရမှတ် (Overall Score) အများဆုံးရရှိသောကုမ္ပဏီအား တိုက်ရိုက်ရွေးချယ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၁၉၁၊ ၀၆၇-၈၁၀၄၁၈၉၊ ၀၆၇-၈၁၀၄၁၉၀**

## စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများ အဆင့်မြှင့်တင်နိုင်ရေးအတွက် စက်မှုလယ်ယာစနစ် ကူးပြောင်းနိုင်ရေးနှင့် လယ်ယာမြေများ အဆင့်မြှင့်တင်ပြုပြင်ခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ ဒုတိယကာလတို(၅)နှစ် လယ်ယာကဏ္ဍမူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သမဝါယမဦးစီးဌာနအနေဖြင့် စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းများ အဆင့်မြှင့်တင်နိုင်ရေးနှင့် စက်မှုလယ်ယာစနစ်ကူးပြောင်းနိုင်ရေးတို့အတွက် သမဝါယမအသင်းပိုင် လယ်ယာမြေနှင့် သမဝါယမအသင်းသားပိုင် လယ်ယာမြေများ အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း အောက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) **ပထမတန်းစားလယ်ယာမြေများ အဆင့်မြှင့်တင်ပြုပြင်ခြင်း**အတွက် စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့နှင့်ချိတ်ဆက်၍ ပင်မ ကုန်ထုတ်လမ်းဖောက်ခြင်း၊ ကုန်ထုတ်လမ်းသွယ်များ ဖောက်ခြင်း၊ ရေသွင်းရေနုတ်မြောင်းများ တူးဖော်ခြင်းနှင့် ကန်သင်းဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး ၄င်းလုပ်ငန်းအတွက် (၁)ဧကလျှင် ကျပ်(၆)သိန်းနှုန်းဖြင့် ချေးငွေကာ (၃)နှစ် (သို့မဟုတ်) အများဆုံးချေးငွေ (၁)ဧကလျှင် ကျပ်(၁၂)သိန်းနှုန်းဖြင့် ချေးငွေကာလ (၅)နှစ်ဖြင့် ချေးငွေများ ထုတ်ချေးသွားမည်ဖြစ်ပါသည်။

(ခ) **ဒုတိယတန်းစားလယ်ယာမြေများ အဆင့်မြှင့်တင်ပြုပြင်ခြင်း**အတွက် စက်မှုလယ်ယာဦးစီးဌာနနှင့် ပူးပေါင်း၍လည်းကောင်း၊ စက်မှုလယ်ယာဦးစီးဌာန၏ ကျွမ်းကျင်မှုအကူအညီကိုရယူ၍ အသင်းသား၏ ဆန္ဒနှင့်အညီ ဒေသအတွင်းရှိ လယ်ယာမြေပြုပြင်မည့်သူများနှင့် ချိတ်ဆက်၍လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး ၄င်းလုပ်ငန်းအတွက် (၁)ဧကလျှင် အမှန်ကုန်ကျစရိတ်ကိုတွက်ချက်တောင်းခံစေပြီး အများဆုံး (၁)ဧကလျှင် ကျပ်(၃)သိန်းနှုန်းဖြင့် ချေးငွေကာလ(၃)နှစ်ဖြင့် ချေးငွေများ ထုတ်ချေးသွားမည်ဖြစ်ပါသည်။

(ဂ) **တတိယတန်းစားလယ်ယာမြေများ အဆင့်မြှင့်တင်ပြုပြင်ခြင်း**အတွက် စက်မှုလယ်ယာဦးစီးဌာနနှင့်ပူးပေါင်း၍ ကန်သင်းဖျက်ခြင်း၊ ထယ်ထိုးထွန်မွှေခြင်း၊ ကန်သင်းတင်ခြင်းနှင့် မြေညှိခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ၄င်းလုပ်ငန်းအတွက် တစ်ဧကလျှင် ကျပ်(၂)သိန်းနှုန်းဖြင့် ချေးငွေကာလ(၃)နှစ်ဖြင့် ချေးငွေများထုတ်ချေးသွားမည်ဖြစ်ပါသည်။

၂။ တိုင်းဒေသကြီး/ပြည်နယ်များရှိ သမဝါယမအသင်းသား တောင်သူများက အထက်ဖော်ပြပါလယ်ယာမြေများ အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်လိုပါက အသေးစိတ်အချက်အလက်များကို နီးစပ်ရာမြို့နယ်သမဝါယမဦးစီးဌာနများနှင့် မြို့နယ်သမဝါယမအသင်းစုများ၊ တိုင်းဒေသကြီး/ပြည်နယ် သမဝါယမဦးစီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်သမဝါယမအသင်းစုချုပ်များ၊ ဗဟိုသမဝါယမအသင်းနှင့် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးတို့ထံ ဆက်သွယ်မေးမြန်းဆောင်ရွက်နိုင်ပါသည်။

**သမဝါယမဦးစီးဌာန**

## ရှမ်းပြည်နယ်လွှတ်တော်ရုံး
## တောင်ကြီးမြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်ရှိ ရှမ်းပြည်နယ် လွှတ်တော်အစည်းအဝေးခန်းမအတွင်း ထားရှိမည့် ပရိဘောဂပစ္စည်းများအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းများကို ၂၂-၅-၂၀၁၇ ရက်မှစ၍ ရုံးချိန်အတွင်း ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ တောင်ကြီးမြို့တွင် လာရောက်ဝယ်ယူနိုင်ပြီး ၂၃-၆-၂၀၁၇ရက် နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၈၁-၂၁၂၁၁၁ သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ရှမ်းပြည်နယ်လွှတ်တော်ရုံး**

## ကချင်ပြည်နယ်အစိုးရအဖွဲ့၊ မြစ်ကြီးနားမြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈၊ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ်အစိုးရအဖွဲ့၌ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် လုပ်ငန်းများအား (မြန်မာ)ကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ခေါ်ယူအပ်ပါသည်။

| စဉ် | လုပ်ငန်းတည်နေရာ | လုပ်ငန်းအမျိုးအစား |
|---|---|---|
| (က) | မြစ်ကြီးနားမြို့ | ဝန်ထမ်းနေအိမ် (၂)ခန်းတွဲ (၂)ထပ်၊ (၁)လုံး ဆောက်လုပ်ခြင်း |
| (ခ) | မြစ်ကြီးနားမြို့ | အစိုးရအဖွဲ့ဧည့်ဂေဟာ (၂)ထပ် RC (၁)လုံး ဆောက်လုပ်ခြင်း |
| (ဂ) | ဟိုပင်မြို့ | ဟိုပင်မြို့နယ်ခန်းမဆောက်လုပ်ခြင်း |
| (ဃ) | ဗန်းမော်မြို့ | ဗန်းမော်သံတဲရိပ်သာဆောက်လုပ်ခြင်း |
| (င) | ဗန်းမော်မြို့ | ဗန်းမော်မြို့နယ်စုပေါင်းရုံးဆောက်လုပ်ခြင်း |
| (စ) | မြစ်ကြီးနားမြို့ | VIP ယာဉ်(၇)စီး ဝယ်ယူခြင်း |

၂။ **အိတ်ဖွင့်တင်ဒါတင်သွင်းရန်** - ၁၇-၅-၂၀၁၇ ရက်မှ
- ၁၆-၆-၂၀၁၇ ရက် ၁၆း၀၀ နာရီအထိ

၃။ **တင်ဒါတင်သွင်းရမည့်နေရာ** - ဘဏ္ဍာဌာနစု၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး

၄။ သတ်မှတ်ချိန်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၅။ အသေးစိတ်သိရှိလိုပါက ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဖုန်း-၀၇၄-၂၉၅၄၄၊ ၀၇၄-၂၄၂၃၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ကချင်ပြည်နယ်အစိုးရအဖွဲ့၊ မြစ်ကြီးနားမြို့**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ရခိုင်ပြည်နယ် မြို့နယ်အသီးသီးရှိ ၁၁ ကေဗွီဓာတ်အားလိုင်းများ၊ ၄၀၀ ဗို့ဓာတ်အားလိုင်းများ၊ ၁၁/၀.၄ ကေဗွီထရန်စဖော်မာများနှင့် ပြည်နယ်အရန်ပစ္စည်း ဝယ်ယူခြင်း လုပ်ငန်းများအား ပုတ်ပြတ်(Turn Key )စနစ်ဖြင့် လုပ်ငန်းအပ်နှံခြင်းအတွက် ချိပ်ပိတ်ဈေးနှုန်းများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါပုံစံများစတင်ရောင်းချမည့်ရက်** - ၁၉-၅-၂၀၁၇ရက်

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၉-၆-၂၀၁၇ရက် မွန်းတည့် ၁၂း၀၀နာရီ

၂။ တင်ဒါပုံစံများအား လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံးတွင် ဝယ်ယူနိုင်ပါကြောင်းနှင့် တင်ဒါပုံစံ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ဖုန်း-၀၉-၅၆၈၀၆၃၅၊ ၀၄၃-၂၂၅၉၁တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုခဉပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌
### ၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၇၁

၁။ ဦးတင်ရွှေ **နှင့်** ၁။ ဦးညီညီ၊ ၂။ ဦးမြစိုး၊
၂။ ဦးအောင်သူ ၃။ ဒေါ်ခင်သန်းဌေး၊ ၄။ ဦးပိုင်ဖြိုးထက်
၅။ ဒေါ်စိုးစိုးမာ

**တရားလိုများ** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ မြို့သစ်(၄)လမ်း၊ အမှတ် ခ/၃၀၀၊ ပထမထပ်(ခေါင်းရင်းခန်း)နေ ဒေါ်ခင်သန်းဌေး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးတင်ရွှေ ပါ ၂ က မြေရှင်နှင့်ကန်ထရိုက်တာတို့ကြားတွင် ၃-၁၀-၂၀၁၃ရက်၊ ၂-၆-၂၀၁၅ရက်နှင့် ၉-၇-၂၀၁၆ရက်တို့တွင် ချုပ်ဆိုခဲ့သည့် ကန်ထရိုက်စာချုပ် (၃)စောင်သည် စာချုပ်ပါပဋိညာဉ်အတိုင်း ဆောင်ရွက်ရန် ပျက်ကွက်လစ်ဟင်းသူ ကန်ထရိုက်တာကြောင့် တရားမဝင်၊ ပျက်ပြယ်သွားပြီဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ခုနှစ် မေ ၂၆ရက် (၁၃၇၉ခုနှစ် နယုန်လဆန်း ၁ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသည် တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် မေ ၁၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်နှင်းထွဋ်)**
**ဒုတိယခရိုင်တရားသူကြီး(၁၂)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## တိပိဋက ကမ္ဘောဇဆရာတော် ပူဇော်ပွဲဖိတ်ကြားလွှာ

မော်လမြိုင်မြို့၊ တိပိဋကကမ္ဘောဇကျောင်းတိုက် ပဓာန နာယကဆရာတော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် (၁၄)ပါးမြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒဘွဲ့ အောင်မြင်သည့် အထိမ်းအမှတ်ပူဇော်ပွဲနှင့် တိပိဋကကမ္ဘောဇကျောင်းတိုက်အတွင်းရှိ သာသနိက အဆောက်အအုံ၊ မြေအစရှိသည်တို့ကို ရေစက်ချအလှူတော် မင်္ဂလာအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါသဖြင့် ကြွရောက်ပူဇော်ကြပါရန် ရပ်ဝေးရပ်နီး၊ ဥပါသကာ ဥပါသိကာမအပေါင်းအား လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ပူဇော်ပွဲအကြိုတရားပွဲများ**

၂၆-၅-၂၀၁၇ရက် - စစ်ကိုင်း မြစကြာဆရာတော် အရှင်ဣန္ဒကာလင်္ကာရာဘိဝံသ သ.စ.သ.အ ဓမ္မာစရိယ

၂၇-၅-၂၀၁၇ရက် - ဆတ်သွား ဂန္ဓာရုံဘုံကျော် တောရဆရာတော် အရှင်ဓမ္မဝိလာသ၊ သာသနဓဇဓမ္မာစရိယ

၂၈-၅-၂၀၁၇ရက် - တိပိဋက ကမ္ဘောဇဆရာတော် အရှင်ဝီရိယာနန္ဒ တိပိဋကဓရ တိပိဋကကောဝိဒ

၂၉-၅-၂၀၁၇ရက် - မန္တလေး အောင်ချမ်းသာဆရာတော် အရှင်ကေသရာ လင်္ကာရာဘိဝံသ
သ.စ.အ ဓမ္မာစရိယ ဝဋံသကာ၊ အဂ္ဂမဟာအကျော်

၃၀-၅-၂၀၁၇ရက် - ရန်ကုန်မြို့မင်္ဂလာဒုံဥယျာဉ်မြို့တော် ဂန္ဓာရုံဆရာတော် အရှင်ဂါရဝါလင်္ကာရ ဘိဝံသ၊ သ.စ.အ ဓမ္မာစရိယ

**တရားပွဲကျင်းပမည့်နေရာနှင့်အချိန်။** မော်လမြိုင် သာသနာ့ဗိမာန် ညစဉ်(၇း၃၀)

**ပူဇော်ပွဲ ကျင်းပမည့်အချိန်နှင့်နေရာ။** ၂၈-၅-၂၀၁၇ ရက် (တနင်္ဂနွေနေ့) နံနက် ၇း၀၀ နာရီ

ဈေးကြိုရပ်ကွက်၊ တက္ကသိုလ်ပတ်လမ်း၊ ဒေါင်းဇရပ်၊ တိပိဋက ကမ္ဘောဇကျောင်းတိုက်ဓမ္မာရုံ

**တိပိဋကကမ္ဘောဇကျောင်းတိုက်၊ ပစ္စယာနုဂ္ဂဟအဖွဲ့**

## မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့၏ (၆)နှစ်ပြည့်အထိမ်းအမှတ် မသန်စွမ်းသူများအကျုံးဝင်ရွေးကောက်ပွဲဆိုင်ရာ (YUSDIANA) မီဒီယာဆု
# ဖိတ်ခေါ်ပြိုင်ပွဲ

သင်က မသန်စွမ်းသူများနဲ့ပတ်သက်ပြီး သတင်းတွေရေးနေလား၊ ဆောင်းပါးတွေရေးနေလား၊ ဒါမှမဟုတ် ကင်မရာတစ်လုံးနဲ့ ဓာတ်ပုံတွေရိုက်နေတာလား၊ အဲဒါဆိုရင် ကျွန်တော်တို့ပြိုင်ပွဲလေးမှာ ပါဝင်ယှဉ်ပြိုင်ပြီး ဆုများရယူဖို့ ဂုဏ်ယူစွာ ဖိတ်ခေါ်ပါရစေ-

ပြိုင်ပွဲအမျိုးအစားတွေကတော့-

**ပြိုင်ပွဲ(၁) မသန်စွမ်းသူများအကျုံးဝင်ရွေးကောက်ပွဲ သတင်းဆု**
(ပထမဆု-၅သိန်း၊ ဒုတိယဆု-၃သိန်း၊ တတိယဆု-၂သိန်း)

**ပြိုင်ပွဲ(၂) မသန်စွမ်းသူများအကျုံးဝင်ရွေးကောက်ပွဲ ဆောင်းပါးဆု**
(ပထမဆု-၅သိန်း၊ ဒုတိယဆု-၃သိန်း၊ တတိယဆု-၂သိန်း)

**ပြိုင်ပွဲ(၃) မသန်စွမ်းသူများအကျုံးဝင်ရွေးကောက်ပွဲ ဓာတ်ပုံဆု**
(ပထမဆု-၅သိန်း၊ ဒုတိယဆု-၃သိန်း၊ တတိယဆု-၂သိန်း)

ဘယ်ကိုပေးပို့ရမလဲဆိုတော့-

အမှတ်(၁၇/၁၉)၊ သာယာအေးလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ (မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ရုံး)သို့ ၂၀၁၇ ခုနှစ် မေ ၃၁ ရက် နောက်ဆုံးထားပြီး ပေးပို့ယှဉ်ပြိုင်နိုင်ပါပြီ။

အသေးစိတ်ထပ်မံသိရှိလိုရင်တော့ ဖုန်း-၀၉-၉၇၆၀၆၀၃၉၇၊

အီးမေးလ်လိပ်စာ- thantkyawoomyanmar@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
### (တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
### ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် တရားရုံးတော်
### ၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၄၂ နှင့်ဆက်နွှယ်သည့်
### ၂၀၁၇ခုနှစ် တရားမဇာရီမှုအမှတ်-၁၁

ဒေါ်နန်းအဲညွန့် **နှင့်** ဦးတင်မောင်
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ စေတနာ(၁)လမ်း၊ အမှတ်(၂၁၉)နေ ဦးတင်မောင် (ယခုနေလိပ်စာမသိ) သိစေရမည်။ ၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၄၂တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒေါ်နန်းအဲညွန့်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ(သို့မဟုတ်) အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၇ခုနှစ် မေ ၃၁ရက် (၁၃၇၉ခုနှစ် နယုန်လဆန်း ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၁၇ခုနှစ် မေ ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်စန်းမောင်)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းသိရှိရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၀)၊ မြေကွက်အမှတ်(၂၀၈၇)၊ မြေဧရိယာ ၀ဒသမ ၀၅၆ဧကရှိ နှစ် ၆၀ ဂရန်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိပိုင်ဆိုင်သူ ဒေါ်ညိုညိုဝင်း ၁၂/ကတတ(နိုင်)၀၂၅၆၅၅ (ဘ) ဦးရွှေဝမ်(ခ)ဦးကျော်ဝင်းထံမှ ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ သို့ပါ၍ အဆိုပါမြေကွက်အား အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စိန်ကျော့နု**
**အမှတ်(၅၀)၊ ရေကူးဘူတာရုံလမ်း၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၂၆၁၇၇၃၄၇၈၊ ၀၉-၄၂၀၀၃၂၉၂၅**

## ကွန်ဒိုတိုက်ခန်းသစ် ငှားမည်

ကမာရွတ်လှည်းတန်း
၁၂၅၀ စတုရန်းပေခန့်
BCC ကျပြီး
တိုက်ခန်းသစ်ငှားမည်။
**ဖုန်း-၀၉-၇၈၈၇၆၂၁၄၄၊ ၀၉-၂၂၀၀၃၆၂**

## ကွန်ဒိုရောင်းရန်

မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေး ဂမုန်းပွင့်အနီး ပေ(၂၀×၆၀) (ပ/ထပ်)၊ 1MBR, A/C ပါကေးခင်း၊ ရုံး၊ ကျောင်းဖွင့်ရန် အထူးသင့်တော်၊ ကိုယ်တိုင်ရောင်း၊ ပွဲစားမလို၊ **သိန်း ၁၄၄၀**
**ဖုန်း-၀၉-၅၀၈၂၇၆၈၊ ၀၉-၉၅၄၅၂၈၉၈၅**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၄ယ/၉၄၇၆၂ Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းသန်းထွန်း ၁၀/ပမန(နိုင်)၁၃၁၇၂၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(သထုံ)**

## အမှားပြင်ဆင်ချက်

၁၄-၅-၂၀၁၇ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၌ အများသိစေရန်ကြော်ငြာတွင် မြေရှင် ဒေါ်သန်းနု ၁၂/တမန(နိုင်)၀၈၃၁၂၃ ၏ လိပ်စာအား ပြင်ဆင်ဖတ်ရှုပေးပါရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ ဗညားဒလလမ်း၊ B8, B201, B 203 နေ ဒေါ်သန်းနု ၁၂/တမန(နိုင်)၀၈၃၁၂၃ ၏ ညွှန်ကြားချက်ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် ကြေညာအပ်ပါသည်။

SAMSUNG

မှတ်သုံးအကြိုအထူးဈေးရောင်းပွဲ



Galaxy J2 Prime

ကျပ် ၁၀,၀၀၀ ပြန်လည်ရရှိမည့် အခွင့်အရေး

မေလ (၆) ရက်နေ့ မှ မေလ (၃၁) ရက်နေ့ အထိ

samsungmobilemyanmar samsungmyanmar mySamsung.com/mm samsung.com/mm

အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် ကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။

Call Center 01 2399 888 (Mon-Sun) 7AM to 11PM

## ဖခင်အမည်မှန်

တာချီလိတ်မြို့၊ ဆန်ဆိုင်း (ခ)ရပ်ကွက်၊ အိမ်အမှတ်(၁/၁၆၂)နေ နန်းခမ်းနုရှံ ၁၃/တခလ(နိုင်)၀၃၅၄၀၄၏ မွေးသက္ကရာဇ်အမှန်မှာ ၁၇-၁၁-၁၉၈၄ ဖြစ်ပြီး ၎င်း၏ဖခင်အမည်မှန်မှာ ဦးအိုက်ဆိုင်(ခ)ဦးဆော်လိန်း ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျိုင်းတုံတက္ကသိုလ်၊ ပထမနှစ်၊ ရူပဗေဒတက်ရောက်နေသော နန်းဆီမွေ ၁၃/ကတန(နိုင်)၁၇၁၁၉၉၏ ဖခင် ဦးအားကွီ ၁၃/ကတန(နိုင်)၁၃၂၇၂၁နှင့် ဦးအားတွီမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအားကွီ(ခ)ဦးအားတွီ**

## ပျောက်ဆုံးကြောင်း

နန်းစံကျောက် ၁၃/ကတန(နိုင်) ၀၈၆၅၉၉ (ဘ)ဦးစိုင်းလိတ်၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၂၅၂၀၀၄**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မိုင်းပျဉ်းမြို့နယ်၊ မိုင်းပုအွန် အထက (ခွဲ)၊ နဝမတန်းအောင်မှ စိုင်းလောဝ်(ခ)စိုင်းလောင်၏ဖခင် ဦးကောယနှင့် အိုက်ကျောက် ၁၃/မပတ(နိုင်) ၀၁၃၀၃၃သည် တစ်ဦးတည်းဖြစ်ပါကြောင်း။**ဦးကောယ(ခ)အိုက်ကျောက်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျိုင်းတုံတက္ကသိုလ် အဝေးသင် ဥာနခွဲ၊ စတုတ္ထနှစ်(မြန်မာစာ)အောင်မှ မမအေး၏ဖခင် ဦးမောဒေါ ၁၃/တခလ (နိုင်)၀၀၈၉၇၈နှင့် ဦးမောဒေါင့်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမောဒေါ(ခ)ဦးမောဒေါင့်**

## အမည်မှန်

နမ္မတီး၊ အလက(စက်ဝင်း)၊ ပဥ္စမတန်း(က)အောင်မှ မစုစုနိုင်၏အမည်မှန်မှာ မဆိုင်းဒင့်ဖြစ်ပြီး သတ္တမတန်း(က)အောင်မှ မောင်ဆောင်းအောင်လီ၏ အမည်မှန်မှာ မောင်မှန်အောင် ဖြစ်ပါသည်။

## အမည်မှန်

ရခိုင်ပြည်နယ်၊ သံတွဲခရိုင် ဂွမြို့နယ် လောင်းကျိုးကျေးရွာအုပ်စု လောင်းကျိုးကျေးရွာနေ (ဘ)ဦးဇာနည်မင်း၏သမီး ယွန်းလဲ့မောင်(ခ) ဇင်ယွန်းလဲ့မောင်မှာ အမည်မှန်ဖြစ်ပါကြောင်း။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅၊ နည်း ၂၀)**

**တောင်ကြီးခရိုင်တရားရုံး**

**၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၉၇**

ဒေါ်စန်းစန်း **နှင့်** ၁။ ဦးကျော်ဟိန်း
၂။ ဒေါ်လက်ချမ်း
၃။ ဒေါ်စန္ဒာထွေး
၄။ ဒေါ်စန္ဒာငယ်
၅။ မလင်းနဒီစိုး
၆။ မောင်ပြည့်ဖြိုးအောင်

**တရားလို** **တရားပြိုင်များ**

မောင်ပြည့်ဖြိုးအောင် တစ်ဆင့်/ဦးတိတ်ဗဟာဒူး-ဒေါ်အင်ဒရားဒေဝီ အမှတ် ၄၂၅၊ ကျပ်ပြင်ဈေး၊ ဘောလုံးကွင်းအနီး၊ မိုးကုတ်မြို့ (ကွယ်လွန်သူ ဦးရဲဝင်း၏သား) (ယခုနေရပ် လိပ်စာမသိ)နေသူအား သိစေရမည်။

သင့်အပေါ်၌တရားလိုက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကိုချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် မေ ၃၀ ရက် (၁၃၇၉ခုနှစ် နယုန်လဆန်း ၅ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် မေ ၁၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးမြတ်မြတ်ထွန်း)**
**ဒုတိယခရိုင်တရားသူကြီး (၄)**
**တောင်ကြီးခရိုင်တရားရုံး**

## မွေးသက္ကရာဇ်အမှန်

ဦးသိန်းဝင်း ၁၄/မအပ(နိုင်)၁၀၆၃၈၁၏ သား လှည်းကူးမြို့ အထက (မြို့မ) တက္ကသိုလ်ဝင်တန်းမှ မောင်စိုင်းငယ်ဝင်း၏ မွေးသက္ကရာဇ်အမှန်မှာ ကဆုန်လပြည့်ကျော် ၇ရက် ၁၃၆၂ခုနှစ် ဖြစ်ပါသည်။

## အမည်မှန်

ဦးမင်းအေးလွင်၏သမီး မိုင်းရှူးမြို့၊ အထက၊ တက္ကသိုလ်ဝင်တန်းမှ မလှသက်ခိုင်ဦး၏ အမည်မှန်မှာ မယမုံလွင်ဝင်း ဖြစ်ပါကြောင်း။

**မယမုံလွင်ဝင်း**

## သား/သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တောင်ကြီးမြို့၊ ညောင်ဖြူစခန်းရပ်ကွက်၊ သဇင်လမ်း၊ အိမ်အမှတ် ည/၉၁နေ ဦးဘသန်း ၁၃/တကန(နိုင်)၀၂၆၉၈၇-ဒေါ်အေးအေးမြင့် ၁၃/တကန(နိုင်)၁၅၀၁၉၄တို့၏ သားဖြစ်သူ မောင်ဇော်လင်းနိုင်သန်း ၁၃/တကန(နိုင်)၂၆၆၆၆၁နှင့်သမီး မနှင်းရတနာသန်း ၁၃/တကန(နိုင်)၂၂၃၈၃၀တို့ မိဘနှစ်ပါး၏ဆိုဆုံးမမှုကိုနာမခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သား/သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းတို့နှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**ဦးဘသန်း-ဒေါ်အေးအေးမြင့်**

## ကန့်ကွက်နိုင်ပါကြောင်း

အေးသာယာမြို့၊ အကွက်ကြီးအမှတ် (၆၇)၊ မြေကွက်အမှတ် (၁၃၊ ၁၄)၊ ဧရိယာ ၀ဒသမ ၁၁၄ဧကရှိ မြေကွက်အားမြေငှားဂရန်အမှုတွဲအမှတ် (၆၈၆/၉၂)အရ ဦးတင်စိုးအမည်ဖြင့် အမည်ပေါက်ပိုင်ဆိုင်ထားရာ အဆိုပါမြေငှားဂရန်ပျောက်ဆုံးသွားခဲ့ပြီး ဦးတင်စိုးသည်လည်း ၂၁-၄-၂၀၀၇ရက်တွင် ကွယ်လွန်ခဲ့ပြီးဖြစ်၍ တစ်ဦးတည်းသောတရားဝင်ဇနီးဖြစ်သူ ဒေါ်တင်တင်နုအမည်ဖြင့် မြေငှားဂရန်ထပ်မံလျှောက်ထားမည်ဖြစ်သဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်တင်တင်နု ၁၀/မလမ(နိုင်)၀၁၄၂၈၁**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ တပ်ဦးသီတာနယ်မြေ (၁၁/၁၄၇)နေ ကျွန်မ ဒေါ်လှအောင် ၅/ကလထ(နိုင်)၂၅၅၆၈၇၏သား မောင်အိုင်းဇက်(၂၀နှစ်) ၅/ကလထ (နိုင်)၂၅၂၉၄၁သည် မိသားစုစိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ခြင်း၊ ရိုင်းပျစွာဆဲဆိုခြိမ်းခြောက်ခြင်းများ ပြုလုပ်ခြင်းကြောင့် ဤကြော်ငြာပါသည့်ရက်မှစ၍ မိသားစုစာရင်းမှ ပယ်ဖျက်ကာ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)** **မိခင် ဒေါ်လှအောင်၊ ကလေးမြို့**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ အမှတ်(၁၂) အခြေခံပညာမူလတန်းလွန်ကျောင်း တတိယတန်းမှ မောင်စံလွေး၏ ဖခင်အမည်မှန်မှာ ဦးဇော်နိုင်ထွန်း ၅/ကလထ(နိုင်)၁၄၅၉၉၆ဖြစ်ပါကြောင်း။

**ဦးဇော်နိုင်ထွန်း၅/ကလထ(နိုင်)၁၄၅၉၉၆**

## အမည်ပြောင်း

ဦးစည်သူမောင်မောင် ၁၂/အစန(နိုင်) ၁၆၀၆၂၈၏သား ရန်ကုန်တိုင်းဒေသကြီး၊ အထက (၂) အင်းစိန် ပဥ္စမတန်းအောင်မှ မောင်ဘုန်းမြတ်ပိုင်စိုးအား မောင်ဟိန်းထက်နောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဟိန်းထက်နောင်**

## အမည်ပြောင်း

ဦးဇော်မင်း ၈/မကန(နိုင်) ၁၆၃၃၆၀၏သား နေပြည်တော် ဇေယျာသီရိမြို့နယ်၊ အထက (ပြည်စံအောင်)နဝမတန်းမှ မောင်ကောင်းခန့်ဇော်အား မောင်အောင်ကောင်းစံဟု ပြောင်းလဲခေါ်ပါရန်။

**မောင်အောင်ကောင်းစံ**

## ဖခင်အမည်မှန်

တာချီလိတ်မြို့၊ ပုန်းထွန်၊ အထက (ခွဲ)သတ္တမတန်း(က)အောင်မှ မဖြူဖြူအောင်၏ ဖခင်အမည်မှန်မှာ ဦးသီဟအောင် ၁၃/မပတ(နိုင်)၀၃၅၉၀၇ ဖြစ်ပါကြောင်း။ **ဦးသီဟအောင်**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၀ဟ/၁၂၈၈ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

## ဖခင်အမည်မှန်

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် အထက(၄)မှ မောင်ရဲမင်းဟိန်းနှင့် အမက(၅)မှ မကေဇင်ခိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးစွပ္ပဒူမန်းနီး ၁၂/သလန(နိုင်) ၁၆၁၈၈၉ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

တိုက်ကြီးမြို့နယ် ထ/ခွဲ-ဖလုံဘူတာအရှေ့မှ အလယ်တန်းကျောင်းအုပ် ဒေါ်မြင့်မြင့်အေး ၁၂/ဗဟန(နိုင်) ၀၄၆၄၀၅နှင့်ဒေါ်မြင့်မြင့်ဇော တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်မြင့်မြင့်အေး(ခ)ဒေါ်မြင့်မြင့်ဇ**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အထက(၃) အဋ္ဌမတန်းအောင်မှ မောင်ဖြိုးမောင်မောင်၏ ဖခင်အမည်မှန်မှာ ဦးသိန်းဆွေ ၁၂/ဗဟန(နိုင်)၀၇၉၉၀၃ ဖြစ်ပါကြောင်း။

**ဦးသိန်းဆွေ**

## အမည်ပြောင်း

ဦးကျော်စိုးလင်း ၁၂/မဂဒ(နိုင်) ၀၉၆၉၂၉၏သမီး ရန်ကုန်တိုင်းဒေသကြီး၊ အထက(၂) မင်္ဂလာဒုံ၊ တတိယတန်းမှ မဆုဆွေစင်အား မဆုစေစင်နှင့် ပထမတန်းမှ မောင်ဘုန်းမြတ်သိုက်အား မောင်မင်းဘုန်းမြတ်ဟု ပြောင်းလဲခေါ်ပါရန်။

## ဖခင်အမည်မှန်

မကွေးမြို့၊အလက(၃)သိင်္ဂါမှ ဒုတိယတန်းအောင်မြင်ခဲ့သော မောင်သူရဆက်နိုင်၏ ဖခင်အမည်မှန်မှာ ဦးဟိန်းဇော် ၇/ပတန(နိုင်)၁၀၉၂၄၂ ဖြစ်ပါကြောင်း။ **ဦးဟိန်းဇော်**

## ပျောက်ဆုံးကြောင်း

ကနီမြို့နယ်၊ ဆူးလေကုန်းရွာနေ မောင်ထွန်းထွန်းမော်(ဘ)ဦးဆယ်မောင် ၅/ ယမပ(နိုင်)၀၇၅၀၁၄ ၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ) မှာ ပြည်တွင်း၌ ပျောက်ဆုံးသွားပါကြောင်း။ **ဖုန်း-၀၉-၇၆၂၃၆၃၉၁၀**

## ပျောက်ဆုံးကြောင်း

ဒီပဲယင်းမြို့နယ်၊ မိချောင်းပင်ရွာနေ မောင်ရဲထက်ဝင်း (ဘ)ဦးခင်မောင်ဝင်း ၅/ဒပယ(နိုင်)၀၉၃၅၀၇ ၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ) မှာ ပြည်တွင်း၌ ပျောက်ဆုံးသွားပါကြောင်း။ **ဖုန်း-၀၉-၂၀၆၃၁၁၄**

## ပျောက်ဆုံးကြောင်း

ဝက်လက်မြို့နယ်၊ ထနောင်းသာကျေးရွာနေ မောင်လှာဖုန်း(ဘ)ဦးညွန့်သန်း ၅/ဝလန(နိုင်)၁၆၉၁၆၄၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ) မှာ ပြည်တွင်း၌ ပျောက်ဆုံးသွားပါကြောင်း။ **ဖုန်း-၀၉-၄၅၈၉၉၀၇၇၅**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့၊ ဒီပဲယင်း အထက အဋ္ဌမတန်း(ခ)မှ မစောနဒီဝင်း၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်မင်း ၅/ဒပယ(နိုင်) ၀၀၃၃၈၅ ဖြစ်ပါကြောင်း။

STI MYANMAR UNIVERSITY

in partnership with University of Bedfordshire

STI MYANMAR UNIVERSITY

# Public Forum on Education

STI Myanmar University မှ ကြီးမှူးကျင်းပမည့် ပြည်သူ့ကျန်းမာရေး ပြုပြင်ပြောင်းလဲရေး၊ မြို့ပြတည်ဆောက်ရေး၊ ယနေ့ခေတ် ပညာရေးကဏ္ဍ သင်ကြားမှု၏ နည်းစနစ်များ၊ တိုးတက်ပြောင်းလဲလာသော နည်းပညာနှင့် ၂၁ရာစု ဈေးကွက်ထိုးဖောက်မှု၏ အခန်းကဏ္ဍတို့အား ပြည်တွင်းပြည်ပ ပညာရှင်များမှ ဦးဆောင်ဆွေးနွေးမည် ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့ စာရင်းပေးသွင်း၍ တက်ရောက်နိုင်ပါသည်။

27th May 2017 ( Saturday ) | 9 AM ~ 12:30 PM | Block(10), STIMU MICT Park, Yangon

## PANELISTS & TOPICS

**"Role of Sustainable Construction Engineering in Urbanization"**
Dr David Jazani (Senior Lecturer in Building Technologies & Construction, University of Bedfordshire, U.K.)

**"Rise Of The Machines: The emerging side of technology & the role of marketing in the 21st century"**
Mr. Neel Chaurasia (Visiting Lecturer, STI MU)

**"Role of Health Sector Reform – Decentralization: Global Context"**
Dr .Krishna Regmi (Principal Lecturer in Public Health; Public Health Portfolio Lead, University of Bedfordshire, U.K.)

**"Role and Improtance of English as an International Language"**
Mrs. Aileen Prendergast (Lecturer, Faculty of Education & Linguistics, STIMU)

**Keynote Speakers :**

**Dr Thein Dan**, Rector (Rtd), Mandalay Technological University, Dean, Faculty of Engineering, STI MU

**Dr Daw Hla Myint**, Emeritas Professor, Consultant, Faculty of Business, STI MU

**Daw Khin Aye Win**, Managing Director, STI Myanmar University

Please RSVP to stiedu@gmail.com (or) 01-507151, 507152

Block - 10, MICT Park, Hlaing University Campus, Hlaing Township, Yangon.

# ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးနှင့်သစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း အကောင်အထည်ဖော်နေ





ဒုတိယသမ္မတ ဦးမြင့်ဆွေ စီးပွားရေးကျွန်းစိုက်ခင်း ဧက ၁၀၀ ၌ ကျွန်းပျိုးပင်များ ပျိုးထောင်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ် (သတင်းစဉ်)

**နေပြည်တော် မေ ၁၇**

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကိုးပင်-သာဂရလမ်းပေါ်ရှိ တံတားအမှတ်(၂/၇) သိုင်းချောင်းတံတားတည်ဆောက်ပြီးစီးမှု၊ မင်းလှ- စိန်ကန့်လန့်-မြို့ချောင်း-ဇဒိ-ကျွန်းကုန်းလမ်းနှင့် ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး ဆောင်ရွက်နေမှုများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကိုးပင်-သာဂရလမ်းပေါ်ရှိ တံတားအမှတ်(၂/၇) သိုင်းချောင်းတံတားသို့ ရောက်ရှိပြီး တံတားတည်ဆောက်ပြီးစီးမှုနှင့် ချဉ်းကပ်လမ်းကတ္တရာခင်းထားမှုတို့ကို ကြည့်ရှုစစ်ဆေးရာ တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဆွေနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတက သိုင်းချောင်းအတွင်း ရေလမ်းကြောင်းကောင်းမွန်ရေး၊ တံတားရေတိုက်စားမှု

*စာမျက်နှာ ၅ ကော်လံ ၁* ✻

# ဘတ်စ်ကားမှတ်တိုင်များတွင် မသန်စွမ်းသူများအသုံးပြုနိုင်ရန် ဒီဇိုင်းထည့်သွင်းရေးဆွဲမည်




အင်းစိန်လမ်းမကြီး လှည်းတန်းမှတ်တိုင်တွင် ပလက်ဖောင်းပေါ်မှ ဘတ်စ်ကားပေါ်သို့ တက်ရောက်နေသော ခရီးသွားများ

**သတင်း-ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ- ထိန်လင်း**

**ရန်ကုန် မေ ၁၇**

ရန်ကုန်တိုင်းဒေသကြီးအတွင်း အသစ်ဆောက်လုပ်မည့် အဆောက်အအုံ၊ လမ်း၊ ပလက်ဖောင်း၊ ဘတ်စ်ကားမှတ်တိုင်များတွင် မသန်စွမ်းသူများ အသုံးပြုနိုင်ရန်အတွက် ဒီဇိုင်းထည့်သွင်းရေးဆွဲမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ပြောကြားသည်။

ဒုတိယအကြိမ် တိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ၁၅ ရက်မြောက် အစီအစဉ်တွင် ပါဝင်သော သင်္ဃန်းကျွန်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးကျော် (ခ) ဦးနေဘုန်းလတ်၏ မေးခွန်းကို ပြန်လည်ဖြေကြားရာတွင် ဝန်ကြီးက ပြောကြားခဲ့ခြင်းဖြစ်သည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးကျော် (ခ) ဦးနေဘုန်းလတ်က "အခုကားတွေလည်း အသစ်တွေ

*စာမျက်နှာ ၅ ကော်လံ ၁* ◆




## ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အာဆီယံနိုင်ငံများမှ ကာကွယ်ရေးဦးစီးချုပ်များနှင့် တွေ့ဆုံဆွေးနွေး

*စာမျက်နှာ - ၇*

